မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။

Established in 1914

Myanma Alinn Daily

အတွဲ (၅၃) အမှတ် (၄၂)

၁၃၇၅ ခုနှစ်၊ တန်ဆောင်မုန်းလဆန်း ၉ ရက်

၂၀၁၃ ခုနှစ်၊ နိုဝင်ဘာ ၁၁ ရက်၊ တနင်္လာနေ့။

နိုင်ငံတော်သမ္မတ ဦးသိန်းစိန် အင်ဂိုလာလွတ်လပ်ရေးနေ့ သဝဏ်လွှာပေးပို့

နေပြည်တော် နိုဝင်ဘာ ၁၁

၂၀၁၃ ခုနှစ် နိုဝင်ဘာ ၁၁ ရက်တွင် ကျရောက်သော အင်ဂိုလာသမ္မတနိုင်ငံ၏ လွတ်လပ်ရေးနေ့အတွက် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်ထံမှ အင်ဂိုလာသမ္မတနိုင်ငံ သမ္မတ မစ္စတာ ဟိုဆေး အက်ဒွာဒို ဒိုစ် ဆန်တိုစ်ထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။ **(သတင်းစဉ်)**

ပြည်သူတို့၏ အသံများနှင့်သဘောဆန္ဒများကို မှန်မှန်နှင့်မြန်မြန် လွှတ်တော်သို့ရောက်ရှိတင်ပြရန် လိုအပ်

သတင်း စာမျက်နှာ-၃

၂၀၁၃ ခုနှစ်တောင်ကြီးတန်ဆောင်တိုင် မီးပုံးပျံပွဲတော်ဖွင့်ပွဲကျင်းပ

တောင်ကြီး နိုဝင်ဘာ ၁၀

လွန်ခဲ့သည့် နှစ်ပေါင်း ၅၀ ကျော်မှ စတင်ကျင်းပလာခဲ့သည့် တောင်ကြီးတန်ဆောင်တိုင် မီးပုံးပျံပြိုင်ပွဲဖွင့်ပွဲကို ယနေ့ညနေ ၅ နာရီခွဲက ကျင်းပရာ ရှေးဦးစွာ တန်ဆောင်တိုင်ပြိုင်ပွဲကျင်းပရေးဦးစီးကော်မတီဥက္ကဋ္ဌ ရှမ်းပြည်နယ် လူမှုရေးဝန်ကြီး ဒေါက်တာမျိုးထွန်းနှင့် မီးပုံးပျံပြိုင်ပွဲ ဖွင့်ပွဲ၊ ပိတ်ပွဲ ကျင်းပရေးဆပ်ကော်မတီဥက္ကဋ္ဌနှင့် လျှပ်စစ်နှင့်စက်မှုဝန်ကြီး ဦးစိုင်းထွန်းရင်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။

ထို့နောက် ဖွင့်ပွဲသို့တက်ရောက်လာကြသူများနှင့် ပရိသတ်များအား ရှမ်းပြည်နယ်ယဉ်ကျေးမှုအဖွဲ့က ကိန္နရီကိန္နရာအက၊ ဓားသိုင်းအကဖြင့်လည်းကောင်း၊ တောင်ကြီးပညာရေးကောလိပ်သင်တန်းသူလေးများနှင့် တိုင်းရင်းသားရိုးရာအဖွဲ့များက တန်ဆောင်တိုင်သီချင်းဖြင့်လည်းကောင်း၊ အခြေခံပညာကျောင်းသား ကျောင်းသူလေးများက ရှမ်းအလံ၊ ရှမ်းအိုးစည်၊ ချယ်ရီပန်းစသည်တို့ကို မီးပုံးလေးများဖြင့် ပုံဖော်ကပြခြင်းများပြုလုပ်ပြီးနောက် ညနေ ၆နာရီတွင် တန်ဆောင်တိုင်ပြိုင်ပွဲကျင်းပရေးဦးစီးကော်မတီနာယက ရှမ်းပြည်နယ်အစိုးရအဖွဲ့ပြည်နယ်ဝန်ကြီးချုပ် ဦးစဝ်အောင်မြတ်က တန်ဆောင်တိုင်ပွဲတော်အား စက်ခလုတ်နှိပ်ဖွင့်လှစ်ပေးသည်။

ယင်းနောက် ဖွင့်ပွဲအထိမ်းအမှတ် မီးရှူးမီးပန်းများ ပစ်ဖောက်ခြင်း၊ စိန်နားပန်မီးပုံးပျံလွှတ်တင်ခြင်း၊ မီးပုံးပျံငယ်အလုံး ၅၀၀ တို့ကို လွှတ်တင်ပြီး ဖွင့်ပွဲအခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ကျင်းပမည်

ပွဲတော်ကို ယနေ့မှ နိုဝင်ဘာ ၁၈ ရက်အထိ ကျင်းပမည်ဖြစ်ပြီး ညမီးကြီး ၆၈ လုံး၊ စိန်နားပန် ၃၄ လုံး၊ ပေါင်း ၁၀၂ လုံးကို ညပိုင်းတွင် လည်းကောင်း၊ နေ့လွှတ်အရုပ်မျိုးစုံ ခြေနှစ်ချောင်း ၁၄၉ လုံး၊ ခြေလေးချောင်း ၈၅ လုံး၊ အုပ်စုအလုံး ၅၀ ပေါင်း ၂၈၄ လုံးကို နံနက် ၁၀ နာရီမှ ညနေ ၃ နာရီအထိ လည်းကောင်း၊ မြို့လုံးကျွတ်မဟာဘုံကထိန်လှည့်လည်ပွဲနှင့် မစ္စတန်ဆောင်တိုင်ရွေးပွဲကို နိုဝင်ဘာ ၁၆ ရက်တွင် လည်းကောင်း၊ မီးပဒေသာလှည့်လည်ပြိုင်ပွဲကို နိုဝင်ဘာ ၁၇ ရက်တွင်လည်းကောင်း၊ ဆုပေးပွဲနှင့်ပိတ်ပွဲကို နိုဝင်ဘာ ၁၈ ရက် ညနေ ၆ နာရီတွင် လည်းကောင်း ကျင်းပမည်ဖြစ်ကြောင်း သိရသည်။ **နိုင်ထွန်း (TGI)**

တောင်ကြီး တန်ဆောင်တိုင်မီးပုံးပျံပြိုင်ပွဲကို ညပိုင်း အလှဆင်မီးပုံးပျံများဖြင့် စည်ကားသိုက်မြိုက်စွာ လွှတ်တင်ပြိုင်ပွဲဝင်ကာ နှစ်စဉ် အစဉ်အလာမပျက် ကျင်းပခဲ့သည်။

File Photo 2010 ဓာတ်ပုံ-စိုးညွှန့်

ရန်ကုန်မြို့တော်အတွင်း ယာဉ်မရပ်ရနယ်မြေသတ်မှတ်

စည်းကမ်းမဲ့ရပ်နားပါက ယာဉ်ဆွဲခကိုပေးဆောင်ရမည့်အပြင် စည်ပင်သာယာရေးဥပဒေအရ အရေးယူခြင်းခံရမည်

ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ ကြေညာချက်

၁၃၇၅ ခုနှစ်၊ တန်ဆောင်မုန်းလဆန်း ၆ ရက်

၂၀၁၃ ခုနှစ်၊ နိုဝင်ဘာလ ၈ ရက်

၁။ ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့သည် စီးပွားရေးမြို့တော်ဖြစ်သော ရန်ကုန်မြို့တော်အား မြို့တော်အင်္ဂါရပ်နှင့်ညီညွတ်စေရန် အဘက်ဘက်မှ ကြိုးပမ်းဆောင်ရွက်လျက်ရှိပါသည်။ ထိုသို့ဆောင်ရွက်ရာတွင် ရန်ကုန်မြို့တော်အတွင်း လမ်းပန်းဆက်သွယ်မှု လုံခြုံချောမွေ့စေရေးကိုလည်း ဦးစားပေးဆောင်ရွက်လျက်ရှိပါသည်။

၂။ တည်ဆဲရန်ကုန်မြို့တော်စည်ပင်သာယာရေး ကော်မတီဥပဒေတွင် မည်သူမျှကော်မတီကသတ်မှတ်ထားသည့် ယာဉ်ရပ်ရန် နေရာမှအပ အခြားမည်သည့်နေရာတွင်မျှ ယာဉ်ရပ်နားခြင်း မပြုရဟုလည်းကောင်း၊ အများပြည်သူဆိုင်ရာလမ်းနယ်နိမိတ်ပေါ်တွင် ယာဉ်များ အကြောင်းမဲ့ ကြာမြင့်စွာရပ်တန့်ခြင်း၊ ပြုပြင်ခြင်း၊ ထားရှိခြင်းမပြုရဟုလည်းကောင်း ပြဋ္ဌာန်းထားပြီး ဖြစ်သည်။

၃။ သို့ပါ၍ ရန်ကုန်မြို့တော်ကို မြို့တော်အင်္ဂါရပ်နှင့်အညီဖြစ်စေရန်လည်းကောင်း၊ မြို့တော်အတွင်း ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းများထိန်းသိမ်းရာတွင် အထောက်အကူဖြစ်စေရန်လည်းကောင်း၊ ယာဉ်ကြောပိတ်ဆို့မှုလျော့နည်းကာ အများပြည်သူသွားလာရေးအဆင်ပြေစေရန်လည်းကောင်း၊ လတ်တလောအခြေအနေတွင် အောက်ပါယာဉ်လမ်းကြောင်းများ၌ ခရီးသည် အတင်အချပြုရန်မှတစ်ပါး မည်သည့်ယာဉ်မျှ ရပ်နားခြင်းမပြုရန် ယာဉ်မရပ်ရနယ်မြေအဖြစ် သတ်မှတ်လိုက်သည်-

စာမျက်နှာ ၉ ကော်လံ ၁ ✳

ရန်ကုန်-ဗုဒ္ဓဂယာလေယာဉ်ခရီးစဉ်သစ် စတင်ပျံသန်း

ရန်ကုန် နိုဝင်ဘာ ၁၀

မြန်မာ့လေကြောင်းမှ ရန်ကုန်-ဗုဒ္ဓဂယာလေယာဉ်ခရီးစဉ်သစ်ကို ခရီးသည် ၁၂၇ ဦး တင်ဆောင်နိုင်သည့် ဘရာဇီးလ်နိုင်ငံထုတ် EMBRAER 190 လေယာဉ်ဖြင့် ယနေ့နံနက် ၉ နာရီက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်မှ စတင်ပျံသန်းပြေးဆွဲသည်။

ရန်ကုန်-ဗုဒ္ဓဂယာလေယာဉ် ခရီးစဉ်သစ် စတင်ပျံသန်းပြေးဆွဲခြင်းနှင့်စပ်လျဉ်း၍ မြန်မာ့လေကြောင်း

စာမျက်နှာ ၅ ကော်လံ ၁ ✤

မြန်မာ့အလင်း အယ်ဒီတာ့အာဘော်

မယ်စကြဝဠာနှင့် အမျိုးသမီးများ

မယ်စကြဝဠာပြိုင်ပွဲကြီးကို ရုရှားနိုင်ငံတွင် ကျင်းပခဲ့ပြီး ဖြစ်သည်။ ဤပြိုင်ပွဲကြီးကျင်းပရခြင်း၏ ရည်ရွယ်ချက်များစွာလည်း ရှိနေမည်မှာ အသေအချာပင်ဖြစ်သည်။ မယ်စကြဝဠာဟုဆိုရာတွင် အလှအပတစ်ခုတည်းကိုသာ ဦးစားပေးရွေးချယ်ခြင်းကား မဟုတ်ပေ။ ကမ္ဘာ့အမျိုးသမီးထုကြီး တစ်ရပ်လုံးအတွက် မည်သို့မည်ပုံ ကိုယ်ပိုင်အရည်အသွေးများ မြှင့်တင်ရန် လိုအပ်နေပြီဖြစ်ကြောင်း ဤမယ်စကြဝဠာပြိုင်ပွဲကြီးမှ မီးမောင်းထိုးပြလိုက်သည်ကို အထင် အရှားပင် တွေ့လိုက်ရပေသည်။ အမျိုးသမီးတို့အတွက် သင်ခန်းစာ ယူစရာ၊ ဗဟုသုတယူဖွယ်ရာများ ရှိနေသည်ကား အမှန်ပင်ဖြစ်ပါသည်။

နိုင်ငံအလိုက် မယ်ရွေးချယ်ရေးအဖွဲ့များက တူညီသော စံနှုန်းများဖြင့် ရွေးချယ်စေလွှတ်လိုက်၍လားမသိ၊ ဝင်ရောက်ယှဉ်ပြိုင်သွားသော မယ်အားလုံးသည် စင်းလုံးချော အလှပဂေးများ ချည်းသာဖြစ်၏။ ခန္ဓာကိုယ်အချိုးအစား ပြေပြစ်ခြင်း၊ ကျစ်လျစ် သိပ်သည်းခြင်း စသော ကြန်အင်လက္ခဏာများနှင့် ပြည့်စုံကြသူများ ဖြစ်၏။

တစ်ဖန် စိတ်ပိုင်းဆိုင်ရာ လေ့လာကြည့်လျှင်လည်း သွက်လက်ချက်ချာမှု၊ ဖျတ်လတ်မှု၊ ဖြတ်ထိုးဉာဏ်ရှိမှု၊ ဗဟုသုတ ပြည့်စုံမှု၊ ပရဟိတစိတ်ထားရှိမှု စသော အရည်အချင်းများကိုလည်း တွေ့ရသည်။ ဤအလှမယ်တို့သည် ရုပ်ဆင်းရူပကာ ပြေပြစ်ကြသည့် အပြင် စိတ်ပိုင်းဆိုင်ရာ အရည်အသွေးကောင်းများ ပိုင်ဆိုင်ထား ကြသူများ ဖြစ်သည်ကိုတွေ့ရသည်။

ဤသို့ ရုပ်ပိုင်းဆိုင်ရာရော စိတ်ပိုင်းဆိုင်ရာပါ နှစ်ခုလုံး ကောင်းအောင်လုပ်ရန်မလွယ်ပါ။ ရုပ်ပိုင်းဆိုင်ရာ ရှောင်ရန် ဆောင် ရန်နှင့် ကိုယ်ကာယလေ့ကျင့်မှုများ ပြုလုပ်ကြရ၏။ အစားအသောက်၊ အနေအထိုင်နှင့် ကိုယ်ကာယလေ့ကျင့်ခန်းများ ပြုလုပ်ကြရ၏။ ကျန်းမာရေး လေ့လာလိုက်စားကြရ၏။

ထို့အပြင် စိတ်ပိုင်းဆိုင်ရာ အရည်အသွေးများ တိုးတက်လာ စေရန် ဗဟုသုတအမျိုးမျိုးကိုလည်း ရှာမှီးကြရ၏။ အမျိုးသမီးတို့ တတ်မြောက်အပ်သော အတတ်ပညာများနှင့် ပြည့်စုံစေရန် လေ့ကျင့် ကြရသည်။ ပြောရမည်ဆိုလျှင် ဤအလှမယ်များသည် ရုပ်လှပ အောင်လည်း ထိန်းသိမ်းလေ့ကျင့်နေထိုင်ကြရသကဲ့သို့ စိတ်လှပ အောင် လေ့ကျင့်ပျိုးထောင်ကြရ၏။ ဤအချက်သည် အမျိုးသမီး တိုင်းအတွက် ဂုဏ်ယူအားကျ အတုယူဖွယ်ရာပင် ဖြစ်သည်။

သို့ရာတွင် အချို့သော အမျိုးသမီးများသည် အလွန်ပင် ချောမောလှပကြသော်လည်း ရုပ်ကိုရော စိတ်ကိုယ်ပါ ပြုစုလေ့ကျင့် ခြင်းမရှိသဖြင့် ရှိပြီးသားအလှအပများ လျော့ကျသွားသည်ကို တွေ့ရ၏။ အချို့သည် ရုပ်ရည်အတော်အတန်ရှိသော်လည်း စိတ်ပိုင်း ဆိုင်ရာ လေ့ကျင့်ဖြည့်ဆည်းမှုအားကောင်း၍ ချောမောလှပကြသည် လည်းရှိ၏။ အနှစ်ချုပ်ဆိုရလျှင် အမျိုးသမီးတိုင်းသည် ကျန်းမာရေး လိုက်စားပြီး အသိဉာဏ်မြင့်မားသူများဖြစ်အောင် အလေ့အကျင့် ကောင်းများ ရယူအပ်ပါကြောင်း။ ။

ပြည်တွင်းသတင်း

ကျန်ရှိသည့် သံဝေဇနီယသုံးဌာန ဆက်လက်တည်ဆောက်ပူဇော်ရန် လှူဒါန်းနိုင်

နေပြည်တော် နိုဝင်ဘာ ၁၀

ဂေါတမဘုရားအလောင်းတော်ဖွားမြင်ရာ လုမ္ဗိနီဥယျာဉ်၊ သဗ္ဗညုတ ဉာဏ်တော်ရရှိတော်မူရာ မဟာဗောဓိအောင်မြေ၊ ဓမ္မစကြာတရားဦး ဟောတော်မူရာ မိဂဒါဝုန်တောနှင့် ပရိနိဗ္ဗာန်စံတော်မူရာ ကုသိနာရုံ အင်ကြင်းတောဟူသည့် သံဝေဇနီယလေးဌာနအနက်မှ ပွင့်တော်မူရာ တစ်ဌာနကို တည်ဆောက်ပူဇော်ပြီးစီးခဲ့ပြီး ကျန်ရှိသည့် သံဝေဇနီယသုံးဌာနကို နေပြည်တော်သတ္တဌာန အနီးပတ်ဝန်းကျင်တွင် ဆက်လက်တည်ဆောက် ပူဇော်ရန် စတင်စီမံဆောင်ရွက်နေပြီဖြစ်ရာ ဝန်ကြီးဌာနအလိုက်သော် လည်းကောင်း၊ အဖွဲ့အစည်းအလိုက်သော်လည်းကောင်း၊ တစ်ဦးချင်းစီသော် လည်းကောင်း ပါဝင်လှူဒါန်းလိုသူများအနေဖြင့် ဦးကံချွန် (နေပြည်တော် ကောင်စီဝင်) ဖုန်း-၀၆၇-၄၁၄၂၀၅၊ ဦးသန်းကျော်ထူး (ဒုတိယမြို့တော်ဝန်) နေပြည်တော်စည်ပင်သာယာရေးကော်မတီ ဖုန်း-၀၆၇-၄၃၂၁၁၆၊ ဦးဝင်းဌေး (အတွင်းရေးမှူး) နေပြည်တော်စည်ပင်သာယာရေးကော်မတီ ဖုန်း-၀၆၇-၄၃၂၁၁၇၊ အထူးဖွံ့ဖြိုးရေးစီမံကိန်းရုံး ဖုန်း- ၀၆၇-၄၁၄၂၀၂၊ ၀၆၇-၄၁၄၂၁၄၊ စီမံရေးရာဌာနမှူး ဖုန်း- ၀၆၇-၄၁၄၇၅၃ တို့သို့ ဆက်သွယ် လှူဒါန်းနိုင်ကြောင်း နှိုးဆော်အပ်ပါသည်။

ဘုရားအလောင်းတော် ဖွားမြင်တော်မူရာဌာနတွင် မယ်တော်မာယာဖွားတော်မူဟန်နှင့် ဘုရားအလောင်းတော် ခြေခုနစ်လှမ်းကြွ၍ ကြွေးကြော်တော်မူဟန် ရုပ်တုတော်၊ မြတ်စွာဘုရားပရိနိဗ္ဗာန် စံဝင်တော်မူရာဌာနတွင် ပရိနိဗ္ဗာန်စံဝင်တော်မူဟန် ဗုဒ္ဓရုပ်ပွားတော်တစ်ဆူတို့ကို စကျင်ကျောက်ဖြင့် ထုဆစ် လှူဒါန်းပူဇော်မည်ဖြစ်ပါ၍ စေတနာရှင်ပြည်သူများမှ အထက်ဖော်ပြပါအလှူခံဌာနများသို့ ဆက်သွယ်လှူဒါန်းနိုင်ပါကြောင်း နိဗ္ဗာန်အကျိုးမျှော်၍ နှိုးဆော် အပ်ပါသည်။

အင်ဒိုနီးရှားဈေးရောင်းပွဲတော် – ၂၀၁၃ ကျင်းပ

ရန်ကုန် နိုဝင်ဘာ ၁၀

အင်ဒိုနီးရှား လုပ်ငန်းရှင်များက မြန်မာနိုင်ငံ၏ စီးပွားရေးလုပ်ငန်းများ တွင် ရင်းနှီးမြှုပ်နှံနိုင်ရေးအတွက် လေ့လာမှုများ ပြုလုပ်နိုင်ရန်နှင့် အင်ဒိုနီးရှား-မြန်မာနှစ်နိုင်ငံ ယဉ်ကျေးမှုများ ပူးပေါင်းဖော်ဖြေတင်ဆက်ရာမှ ခင်မင်ရင်းနှီးမှုပိုမိုလာစေရန် ရည်ရွယ်လျက် ၂၀၀၂ခုနှစ်မှစတင်ကာ နှစ်စဉ်ကျင်းပခဲ့သည့် အင်ဒိုနီးရှားဈေးရောင်းပွဲတော် ၂၀၁၃ (INDONESIAN ZEI-2013) ကို နိုဝင်ဘာ ၉ ရက် နံနက်ပိုင်းက ရန်ကုန်မြို့ ကမာရွတ်မြို့နယ်ရှိ Junction Square Shopping Centre ၌ ကျင်းပသည်။

ဖွင့်ပွဲအခမ်းအနားတွင် အင်ဒိုနီးရှားဈေးပွဲတော် ဖြစ်မြောက်ရေးကော်မတီဥက္ကဋ္ဌ Mr. Mark Gerald နှင့် မြန်မာနိုင်ငံဆိုင်ရာ အင်ဒိုနီးရှားသံအမတ်ကြီး H.E.Mr. Sebastianus Sumarsono တို့က အမှာစကား ပြောကြားကြသည်။ ထို့နောက် အင်ဒိုနီးရှားဈေးရောင်းပွဲတော်-၂၀၁၃ အောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် ဆုမွန်ကောင်းတောင်းသည့် Tor Tor အင်ဒိုနီးရှားရိုးရာအကဖြင့် ကြိုဆိုပြီး တာဝန်ရှိသူများက ဈေးပွဲတော်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ကြကာ ဈေးပွဲတော် လာပရိသတ်များအား အင်ဒိုနီးရှား နိုင်ငံ ရိုးရာတေးသံသာအကဖြင့် ဖျော်ဖြေတင်ဆက်ကြသည်။

အဆိုပါ ဈေးရောင်းပွဲတော်တွင် အင်ဒိုနီးရှားနှင့် မြန်မာနိုင်ငံတို့မှ ကုန်ပစ္စည်းပြခန်းပေါင်း ၃၀ ကျော် ပါဝင်ပြီး အင်ဒိုနီးရှားနိုင်ငံထုတ် ရိုးရာလက်မှုပစ္စည်းများ၊ စားသောက်ကုန်များ၊ လယ်ယာထွက်ကုန်ပစ္စည်းများ၊ အဝတ်အထည်များ၊ အလှကုန်နှင့် လျှပ်စစ်ပစ္စည်းများ အဓိကပါဝင်ကာ နိုဝင်ဘာ ၁၀ ရက်အထိ ခင်းကျင်း ပြသရောင်းချခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

မွန်ပြည်နယ်တရားလွှတ်တော် တရားရေးမိသားစုများ၏ စုပေါင်းကထိန်သင်္ကန်း ဆက်ကပ်လှူဒါန်း

မော်လမြိုင် နိုဝင်ဘာ ၁၀

မွန်ပြည်နယ် တရားလွှတ်တော် တရားရေးမိသားစုများ၏ တတိယ အကြိမ် စုပေါင်းဘုံကထိန်သင်္ကန်း ဆက်ကပ်လှူဒါန်းပွဲကို နိုဝင်ဘာ ၉ ရက် နံနက် ၈ နာရီက မွန်ပြည်နယ် တရားလွှတ်တော် အစည်းအဝေး ခန်းမ၌ကျင်းပရာ မွန်ပြည်နယ် တရားလွှတ်တော် တရားသူကြီးချုပ် ဦးခင်မောင်ကြီး၊ ပြည်နယ်တရား လွှတ်တော် တရားသူကြီးများ၊ မွန်ပြည်နယ်တရားရေးဦးစီးမှူးရုံး၊ ခရိုင် တရားရုံးများနှင့် မြို့နယ်တရားရုံးများ ရှိ အရာထမ်း၊ အမှုထမ်း မိသားစုများ က မော်လမြိုင်မြို့ ရွှေဟသာ်ကျောင်း တိုက်ဆရာတော်အမှူးပြုသည့် သံဃာ တော် ငါးပါးတို့အား ဆွမ်းဆက်ကပ် လှူဒါန်းပြီး ကထိန်လျာသင်္ကန်းနှင့် လှူဖွယ်ဝတ္ထုအစုစု စုစုပေါင်းတန်ဖိုး ငွေကျပ် ၁၄ သိန်းကျော်ရှိ ပဒေသာပင် များ ဆက်ကပ်လှူဒါန်းခဲ့ကြောင်း သိရသည်။ **ကျော်သန်း(မော်လမြိုင်)**

သစ်ပင်စိုက်လျှင် ဒို့ဝန်းကျင် စိမ်းစိုလှပ ကြည်နူးရ

အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ရခိုင်ပြည်နယ်အစိုးရအဖွဲ့ရုံး၊ လမ်းပန်းဆက်သွယ်ရေးဝန်ကြီးဌာန၊ မင်းဘူး-အမ်း-စစ်တွေ ရထားလမ်းဖောက်လုပ်ရေးစီမံကိန်း(စစ်တွေ)တွင် သံလမ်းခင်းခြင်း လုပ်ငန်း၌ အသုံးပြုမည့် အောက်ဖော်ပြပါပစ္စည်း(၂)မျိုးအား မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသဖြင့် အိတ်ဖွင့်တင်ဒါတင်သွင်းနိုင်ရန် ဖိတ်ခေါ်အပ်ပါသည်။

(က) **သစ်သားဇလီဖား** (6'-0"x0'-8" x 0'- 4 ½") -၄၅၆၃၀ တုံး

(ခ) **လမ်းခင်းကျောက်** (1"x 1½") -၁၄၂၀၀ ကျင်း

၂။ တင်ဒါပိတ်မည့်ရက်နှင့်အချိန်မှာ ၂၅-၁၁-၂၀၁၃ရက် ရုံးချိန်အတွင်း နောက်ဆုံးထား၍ တင်သွင်းရမည်။

၃။ တင်ဒါပုံစံများကို မင်းဘူး-အမ်း-စစ်တွေ ရထားလမ်းဖောက်လုပ်ရေးစီမံကိန်းရုံး(စစ်တွေ)တွင် ကြော်ငြာသည့်ရက်မှစ၍ ဝယ်ယူနိုင်ပြီး အသေးစိတ်သိရှိလိုပါက ဖုန်း-၀၉-၅၃၄၁၉၇၄ နှင့် ၀၉-၈၅၀၁၅၇၉ တို့သို့ ဆက်သွယ်မေးမြန်းနိုင်ပါသည်။

တင်ဒါစိစစ်ရွေးချယ်ရေးကော်မတီ

ဆက်သွယ်ရန်ဖုန်း - 09 86 27 286 (45'x60')

တရုတ်တိုင်ပေမှ ပေါင်းစပ်ကုန်ထုတ်လုပ်မှုအသုံးချနည်းပညာ
INTEGRATED MANUFACTURING TECHNOLOGY FROM TAIWAN
စက်ယန္တရား၊ ကိရိယာ၊ အသုံးချနည်းပညာနှင့်လေ့ကျင့်သင်ကြားပေးမှု
MACHINERY, TOOLS, TECHNOLOGY, TRAINING

လျှပ်ကာပြောင်း (Transformer) MCB ၏ မော်တာများ၊ မျက်နှာကြက်ပန်ကာနှင့် စားပွဲတင်ပန်ကာ၊ Hi တိုင်ပိုစ့်များ (Hi-mast Poles)၊ အလင်းရောင်တပ်ဆင်ပေးမှုများ (Light Fitting)၊ သွယ်ပြွန်သေတ္တာများ (Conduit Boxes)၊ ကွန်ကရစ်မွှေစက်များ (Mixer)၊ ကြိတ်စက်များ (Grinder)၊ ဓာတ်ငွေ့သုံးအပူပေးကိရိယာများ (LPG Cylinders) နှင့် မီးဖိုများ (Stoves)၊ စတီးလက်စတီး ရေတိုင်ကီများ (Stainless Stell Water Tanks)၊ ပန်းကန်ဆေးခွက် (Sinks) နှင့်တံခါးများ၊ သတ္တုပြားအပေါက်များ (Sheet Metal Slitting)၊ ဖြတ်ခြင်းနှင့် အလိပ်လိပ်ခြင်း (Cutting Roll Forming)၊ ထုပုံသွင်းစက်များ (Stamping)၊ ပုံထုစက်များ (Forging)၊ ဒိုင်-ပုံသွင်းပစ္စည်းများ (Die Casting)၊ မျက်နှာကြက်တန်းများ (Hangers)၊ ကုန်မာပစ္စည်းများ (Hardware)၊ မော်တော်ကားအစိတ်အပိုင်းများ၊ အခြားကားနှင့် စက်မှုလုပ်ငန်းသုံးပစ္စည်းများနှင့်စားသုံးသူ သုံးပစ္စည်းများ၊ ယူနီတက်-သတ္တုပုံသွင်းပစ္စည်းများ

တရုတ်တိုင်ပေ နည်းပညာကုမ္ပဏီလီမိတက်
Call Peter on+ 886-975-893 orlocal 0936131345 (on show dates)
Email: peter@umtt.com.tw
ကျွန်တော်တို့နှင့် တွေ့ရှိရန် MIMF 2013, Myanmar Convention Center
အမှတ် ၁၂၂၊ ရန်ကုန်ဈေးဆိုင်၊ နိုဝင်ဘာ (၁၅-၁၈)ရက်

ပြည်တွင်းသတင်း

ပြည်သူတို့၏အသံများနှင့် သဘောဆန္ဒများကို မှန်မှန်နှင့်မြန်မြန် လွှတ်တော်သို့ ရောက်ရှိတင်ပြရန်လိုအပ်

မိတ္ထီလာ နိုဝင်ဘာ ၁၀

ပြည်ထောင်စုလွှတ်တော်နာယက ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရ ဦးရွှေမန်းနှင့် မိတ္ထီလာခရိုင်အတွင်းရှိ ဒေသခံပြည်သူများနှင့် တွေ့ဆုံဆွေးနွေးပွဲအခမ်းအနားကို ယနေ့မွန်းလွဲ ၁၂ နာရီ ၁၅ မိနစ်တွင် မိတ္ထီလာမြို့ရှိ ကန်တော်မင်္ဂလာခန်းမ၌ ကျင်းပသည်။

အဆိုပါတွေ့ဆုံပွဲသို့ လွှတ်တော်ကော်မတီဥက္ကဋ္ဌများ ဖြစ်ကြသော ဦးမောင်မောင်သိမ်း၊ ဦးဇော်မြင့်ဖေ၊ မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးရဲမြင့်၊ မန္တလေးတိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌ ဦးဝင်းမောင်၊ ဒုတိယဝန်ကြီး ဦးအုန်းသန်းနှင့် ဒေါက်တာဝင်းမြင့်၊ ပြည်သူ့လွှတ်တော်၊ အမျိုးသားလွှတ်တော်တို့မှ တာဝန်ရှိသူများ၊ တိုင်းဒေသကြီးဝန်ကြီးများ၊ ပါတီအဖွဲ့အစည်းများ၊ လွှတ်တော်ကိုယ်စားလှယ်များ၊ ဒေသခံမြို့မိမြို့ဖများ၊ မြို့နယ်အထောက်အကူပြုကော်မတီဝင်များ၊ သတင်းမီဒီယာများနှင့်သက်ဆိုင်ရာတာဝန်ရှိသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ ပြည်ထောင်စုလွှတ်တော်နာယက က အမှာစကားပြောကြားရာတွင် လွှတ်တော်သည် ပြည်သူ့အသံ၊ လွှတ်တော်အသံ၊ ပြည်သူ့ဆန္ဒ လွှတ်တော်ဆန္ဒ၊ ပြည်သူတို့၏မျှော်လင့်ချက် လွှတ်တော်က ဖော်ဆောင်ရွက်ဟူသည့် လွှတ်တော်ဆောင်ပုဒ်အတိုင်း ချမှတ်ဆောင်ရွက်လျက်ရှိပါကြောင်း၊ လွှတ်တော်ကိုယ်စားလှယ်အသီးသီးသည် ပြည်သူများ၏ လိုအပ်ချက်သဘောထားဆန္ဒများကို ယူဆောင်ပြီး လွှတ်တော်တွင်တင်ပြသည့်အသံများအား များစွာကြားသိနေရပါကြောင်း၊ လွှတ်တော်ရပ်နားချိန်များတွင် တိုင်းဒေသကြီး/ပြည်နယ်အသီးသီးသို့သွားရောက်ခဲ့ရာ ပြည်သူ့အသံများ၊ ပြည်သူတို့၏လိုအပ်ချက်အခက်အခဲများကို ကြားသိခဲ့ရပြီး အများပြည်သူတို့နှင့် သက်ဆိုင်သည့်အကြောင်းအရာကိစ္စရပ်များကို ဖြေရှင်းဆောင်ရွက် ညှိနှိုင်းပေးနိုင်ခဲ့ပါကြောင်း၊ မိတ္ထီလာဒေသ မိတ္ထီလာခရိုင်အတွင်းရှိ ပြည်သူတို့၏ဆန္ဒ၊ အခက်အခဲ၊ လိုအပ်ချက်များကိုပွင့်ပွင့်လင်းလင်း ရင်းရင်းနှီးနှီးအပြုသဘောဆောင်တင်ပြစေလိုပါကြောင်း၊ လွှတ်တော်ဘက်မှ ဆောင်ရွက်စရာရှိသည်များကို ချက်ချင်းလက်ငင်း လုပ်ကိုင်ဆောင်ရွက်ပေးမည်ဖြစ်ပြီး ပြည်ထောင်စုအစိုးရအဖွဲ့နှင့် တိုင်းဒေသကြီးအစိုးရအဖွဲ့တို့က ဆောင်ရွက်ပေးစရာများရှိလျှင်လည်း ညှိနှိုင်းဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း။

ခေတ်စနစ်ပြောင်းလဲလာသည်နှင့် အညီ ပါတီစုံဒီမိုကရေစီနှင့် ဈေးကွက်စီးပွားရေးစနစ်ကို ကျင့်သုံးဆောင်ရွက်လျက်ရှိနေပါကြောင်း၊ ယနေ့ကမ္ဘာတွင် လွှတ်တော်များကို နိုင်ငံတစ်နိုင်ငံ၏အသက်ဝိညာဉ် အသက်သွေးကြောအဖြစ် အဆိုအမှတ်ပြုလျက်ရှိပြီး အချို့က လွှတ်တော်မရှိ ဒီမိုကရေစီမရှိ၊ လွှတ်တော်ရှိမှ ဒီမိုကရေစီရှိဆို၍ ပြောဆိုသုံးနှုန်းနေကြပြီး လက်တွေ့တွင်လည်း မြင်တွေ့ကြရမှာ ဖြစ်ကြောင်း၊ ယနေ့တွင် လွှတ်တော်များ ပေါ်ပေါက်ခဲ့ပြီဖြစ်ရာ လွှတ်တော်များသည် လွှတ်တော်တာဝန်များသာမက အဓိကတာဝန်ဖြစ်သည့် ဥပဒေပြုရေးတာဝန်များကို ထမ်းဆောင်လျက်ရှိနေပါကြောင်း။

ပြည်သူများ၏ဆန္ဒသဘောထားများအတိုင်း ပြည်သူ့ကိုယ်စားလှယ်များနှင့်အုပ်ချုပ်သည့်စနစ်ဖြစ်သည့်အတွက် အုပ်ချုပ်ရာတွင် ပြည်သူများ၏ဆန္ဒနှင့် အညီ ပြဋ္ဌာန်းထားသည့် ဥပဒေအတိုင်း အုပ်ချုပ်ရမည်ဖြစ်ပါကြောင်း၊ ပြည်သူများ၏ အကျိုးစီးပွားများဖြစ်ထွန်းစေမည့် ဥပဒေများပြဋ္ဌာန်းနိုင်ရန် လွှတ်တော်များ၊ လွှတ်တော် ကိုယ်စားလှယ်များ၊ ပြည်သူများအားလုံးတွင် တာဝန်ရှိပါကြောင်း၊ ဥပဒေများ ပြဋ္ဌာန်းနိုင်ရန် ပြည်သူတို့၏ဆန္ဒသဘောထားအမြင်များကို လွှတ်တော်က သိရှိရန် လိုအပ်ပါကြောင်း။

ပြဋ္ဌာန်းပြီးသည့် တည်ဆဲဥပဒေများကို ပြန်လည်ဆန်းစစ်သုံးသပ်ပြီး ပြင်ဆင်၊ ပယ်ဖျက်၊ အစားထိုး၊ အသစ်ပြဋ္ဌာန်းစရာရှိသည်များကို ပြဋ္ဌာန်းဆောင်ရွက်နိုင်ရန် လွှတ်တော်က တာဝန်ယူဆောင်ရွက်လျက်ရှိနေပါကြောင်း၊ လွှတ်တော်တွင် တိုင်းရင်းသားအခွင့်အရေး ကာကွယ်စောင့်ရှောက်သည့်ဥပဒေ ရေးဆွဲလျက်ရှိပါကြောင်း၊ တောင်သူလယ်သမားအခွင့်အရေးကာကွယ်ရေးနှင့် အကျိုးစီးပွားမြှင့်တင်ရေးဥပဒေကိုလည်း ပြဋ္ဌာန်းပြီးဖြစ်ပါကြောင်း။ ထုတ်ပြန်ထားသည့် ဥပဒေများအား ပြည်သူအားလုံးလိုက်နာ ပူးပေါင်းဆောင်ရွက်မှသာ နိုင်ငံအတွင်း မှီတင်းနေထိုင်ကြသည့် ပြည်သူတို့၏အခွင့်အရေးကို အပြည့်အဝ ကာကွယ်မည်ဖြစ်ကြောင်း၊ လျှပ်စစ်မီတာ ကောက်ခံမှုများအား လျှပ်စစ်မီတာခ တိုးမြှင့်ကောက်ခံမည့် အခြေအနေများကို ပြည်သူတို့ကြားတွင် မကျေမနပ်အသံများကြားရသည့်အတွက် သက်ဆိုင်ရာဝန်ကြီးဌာနက ပြန်လည်သုံးသပ်တင်ပြနိုင်ရန် ဆောင်ရွက်လျက်ရှိနေပါကြောင်း။

နိုင်ငံတစ်ဝန်းတွင် ဖြစ်ပေါ်ခဲ့သည့် လယ်ယာမြေနှင့် အခြားမြေများ သိမ်းဆည်းမှုများတွင် မတရားသိမ်းဆည်းမှုများ မဖြစ်ပေါ်စေရန် လွှတ်တော်က ပါဝင်ဆောင်ရွက်လျက်ရှိနေပါကြောင်း၊ နယ်မြေတည်ငြိမ်အေးချမ်းမှုများ ထိခိုက်မှုမရှိစေရန်လည်း လွှတ်တော်က ပါဝင်ဆောင်ရွက်လျက်ရှိကြောင်း၊ လွှတ်တော်သည် ပြည်သူ့ကိုယ်စားလှယ်များနှင့် ဖွဲ့စည်းထားသည့်အလျောက် လွှတ်တော်၏ ရည်ရွယ်ချက်များအတိုင်း ဖော်ဆောင်နိုင်ရန် ပြည်သူတို့၏အသံများ၊ ပြည်သူတို့၏သဘောထားဆန္ဒများကို မှန်မှန်နှင့်မြန်မြန် လွှတ်တော်သို့ရောက်ရှိတင်ပြရန်လိုအပ်ပါကြောင်း၊ ပြည်သူများ၏လိုအပ်ချက်များကို ဖြည့်တင်းပြီးပြည်သူတို့၏အသံများကို ကြားသိလိုပါကြောင်းဖြင့် နှုတ်ခွန်းဆက် အမှာစကားပြောကြားသည်။ ယင်းနောက် အစည်းအဝေးသို့ တက်ရောက်လာကြသော ဒေသခံပြည်သူများက လိုအပ်ချက်များကို တင်ပြဆွေးနွေးကြရာ ပြည်ထောင်စုလွှတ်တော်နာယက၊ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် သက်ဆိုင်ရာ၊ ဌာနဆိုင်ရာတာဝန်ရှိသူများက ပြန်လည်ဖြည့်စွက် ဖြည့်ဆည်းရှင်းလင်းသည်။

ထို့နောက် ပြည်ထောင်စုလွှတ်တော်နာယက ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းက နိဂုံးချုပ်အမှာစကားပြောကြားကာ တွေ့ဆုံပွဲအခမ်းအနားကို ရုပ်သိမ်းပြီး ဒေသခံပြည်သူများနှင့် ခင်မင်ရင်းနှီးစွာ တွေ့ဆုံနှုတ်ဆက်ခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ပြည်ထောင်စုလွှတ်တော် နာယက ပြည်သူ့ လွှတ်တော် ဥက္ကဋ္ဌ သူရ ဦးရွှေမန်း မိတ္ထီလာခရိုင်အတွင်းရှိ ဒေသခံပြည်သူများနှင့် တွေ့ဆုံဆွေးနွေးပွဲတွင် အမှာစကား ပြောကြားစဉ်။ (သတင်းစဉ်)

သန်းခေါင်စာရင်းကောက်ယူမှုသည် အကောက်ခံရသူ ပြည်သူများအတွက်ဖြစ် ဖြေကြားချက်များအပေါ် သန်းခေါင်စာရင်းဥပဒေက အကာအကွယ်ပေးထား

နေပြည်တော် နိုဝင်ဘာ ၁၀

ဗဟိုသန်းခေါင်စာရင်း ကော်မရှင်ဥက္ကဋ္ဌ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အား ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်ရီသည် ယမန်နေ့နံနက် ၁၁ နာရီ မိနစ် ၂၀ က ရန်ကုန်တိုင်းဒေသကြီး တာမွေမြို့နယ် စီတာလမ်းရှိ ကျောက်မြောင်းကြီးစံပြရပ်ကွက်မွှာရုံသို့ရောက်ရှိပြီး လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန မြို့နယ်ဦးစီးဌာနမှူးက မြို့နယ်နှင့် ရပ်ကွက်သန်းခေါင်စာရင်းကော်မတီဝင်များ၊ လူမှုရေးအသင်းအဖွဲ့များအား ၂၀၁၄ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကောက်ယူရေး လုပ်ငန်းစဉ်များကို ရှင်းလင်းဟောပြောဆွေးနွေးနေမှုကို ကြည့်ရှုအားပေးသည်။

ဆွေးနွေးပြောကြား

ထို့နောက် ပြည်ထောင်စုဝန်ကြီးက သန်းခေါင်စာရင်းကောက်ယူစဉ် ပြည်သူများအား သန်းခေါင်စာရင်းဆိုင်ရာမေးခွန်း(၄၁)ချက် မေးမြန်းမည်ဖြစ်ပြီး ရရှိသည့်အချက်အလက်များအပေါ် မူတည်၍ နိုင်ငံဖွံ့ဖြိုးရေးလုပ်ငန်းများအတွက် စီမံကိန်းများ ရေးဆွဲဆောင်ရွက်မည်ဖြစ်ပါကြောင်း၊ ယခုတက်ရောက်လာကြသည့် ကော်မတီဝင်များ၊ လူမှုရေးအဖွဲ့အစည်းများက လုပ်ငန်းစဉ်များကို သိရှိနားလည်သဘောပေါက်ပြီး ပြည်သူများအား ပြန်လည်ရှင်းလင်း ချပြစေလိုကြောင်း၊ အဓိက ရှင်းလင်းဆွေးနွေးရမည်မှာ သန်းခေါင်စာရင်းနိုင်ငံတော်ဖွံ့ဖြိုးရေးအတွက် ကောက်ယူခြင်းဖြစ်၍ အလွန်အရေးကြီးကြောင်း၊ ကောက်ယူမှုများသည် အကောက်ခံရသူ ပြည်သူများအတွက်သာဖြစ်ကြောင်း၊ ဖြေကြားချက်များအပေါ် သန်းခေါင်စာရင်းဥပဒေက အကာအကွယ်ပေးထားပါကြောင်း ဆွေးနွေးပြောကြားသည်။ **(အပေါ်ယာပုံ)**

ထိုမှတစ်ဆင့် သဃ်န်းကျွန်းမြို့နယ် စံပြရပ်ကွက်အုပ်ချုပ်ရေးမှူးရုံး၌ မြို့နယ်ဦးစီးဌာနမှူးက မြို့နယ်၊ ရပ်ကွက်သန်းခေါင်စာရင်းကော်မတီဝင်များ၊ သန်းခေါင်စာရင်းလုပ်ငန်းအပေါ် စိတ်ပါဝင်စားသူများအား ပြည်လုံးကျွတ် သန်းခေါင်စာရင်းကောက်ယူရေးလုပ်ငန်းစဉ်နှင့် မေးခွန်းပုံစံများ ရှင်းလင်းဆွေးနွေးနေမှုကို ကြည့်ရှုအားပေးခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

နိုင်ငံတကာသတင်း

အီရန်နျူကလီးယားဆွေးနွေးပွဲ သဘောတူညီချက်မရဘဲ ပြီးဆုံး

ဂျီနီဗာ နိုဝင်ဘာ ၁၀

ကမ္ဘာ့အင်အားကြီး နိုင်ငံများနှင့် အီရန်နိုင်ငံတို့အကြား ဆွေးနွေးပွဲသည် တီဟီရန် နျူကလီးယားအစီအစဉ်နှင့်ပတ်သက်၍ သဘောတူညီချက်မရဘဲ ပြီးဆုံးသွားသည်ဟု အီရန်က ဆိုသည်။ **(ဝဲပုံ)**

အဆိုပါ အစည်းအဝေးနှင့်ပတ်သက်၍ တိုးတက်မှုအများအပြားရှိသော်လည်း မတူညီသည့် အချက်များလည်း ရှိနေဆဲဖြစ်ကြောင်း အီးယူနိုင်ငံခြားရေး မူဝါဒရေးရာအကြီးအကဲ ကက်သရင်းအက်ရှ်တန်ကသတင်းစာရှင်းလင်းပွဲတွင် ပြောကြားလိုက်သည်။

အဆိုပါ ဆွေးနွေးပွဲကို နိုဝင်ဘာ ၂၀ ရက်တွင် ပြန်စလိမ့်မည်ဖြစ်ကြောင်း ညှိနှိုင်းရေးမှူးဘာရိုးနက်အက်ရှ်တန်က ပြောသည်။ ယင်းဆွေးနွေးပွဲနှင့်ပတ်သက်ပြီး အီရန်နိုင်ငံခြားရေး ဝန်ကြီး မိုဟာမက်ဂျဗက်ဇာရစ်က ရလဒ်အပေါ် စိတ်မပျက်ပါကြောင်း၊ အတိုင်းအတာတစ်ခုခုတော့ လုပ်နိုင်မည်ဖြစ်ပါကြောင်း ပြောကြားသည်။ ပါဝင်ဆွေးနွေးကြသော နိုင်ငံများက တူညီသော ဆန္ဒများရှိသော်လည်း ကွဲလွဲချက်အချို့ရှိရာ၌ သဘောတူညီချက် မရရှိခဲ့ခြင်းဖြစ်ကြောင်း ၎င်းက ပြောကြားသည်။ ထိုအတောအတွင်း အမေရိကန်နိုင်ငံခြားရေးဝန်ကြီး ဂျွန်ကယ်ရီက "ကျွန်တော့်အနေနဲ့ကတော့ မေးခွန်းတစ်စုံ တစ်ရာမရှိပါဘူး၊ ကျွန်တော်တို့ ယခုထက်ပိုမိုအနီးကပ် ပူးပေါင်းဆောင်ရွက်သွားဖို့ပဲလိုပါတယ်"ဟု ပြောကြားသည်။ ကမ္ဘာ့အင်အားကြီး နိုင်ငံများအနေဖြင့် အီရန်က နျူကလီးယား လက်နက်ထုတ်လုပ်လာမည်ကို စိုးရိမ်နေကြသည်။ သို့ရာတွင် ၎င်း၏အစီအစဉ်မှာ ငြိမ်းချမ်းစွာ အသုံးပြုရန်ဖြစ်သည်ဟု အီရန်က ဆိုသည်။ **(ဘီဘီစီ)**

မော်လ်ဒိုက်သမ္မတရွေးကောက်ပွဲ တတိယအကြိမ်ရပ်ဆိုင်း

မော်လ်ဒိုက် နိုဝင်ဘာ ၁၀

မော်လ်ဒိုက်သမ္မတရွေးကောက်ပွဲကို ရွေးကောက်ပွဲဝင် ကိုယ်စားလှယ်လောင်းတစ်ဦးက ဆန္ဒပြမှုများပြုလုပ်ခဲ့ပြီးနောက် မော်လ်ဒိုက်တရားရုံးချုပ်က သမ္မတရွေးကောက်ပွဲကို ရပ်ဆိုင်းလိုက်သည်။

နိုဝင်ဘာ ၉ ရက်က သမ္မတဟောင်းမိုဟာမက်နက်ရှင်သည် ၄၇ ရာခိုင်နှုန်းဖြင့် အနိုင်ရရှိထားသော်လည်း ဒုတိယလိုက်သူ အဗ္ဗဒူလ်ယာမင်းက ရွေးကောက်ပွဲကို ရပ်ဆိုင်းပေးပါရန် တောင်းဆိုလာသဖြင့် ရွေးကောက်ပွဲကို ရပ်ဆိုင်းလိုက်သည်။ မစ္စတာနက်ရှင်သည် ၂၀၁၂ ခုနှစ်က နိုင်ငံရေးအကျပ်အတည်းကြောင့် ရာထူးမှအတင်းအကျပ် ဆင်းခိုင်းခံရပြီး အာဏာပြန်ရယူရန် ကြိုးစားလျက်ရှိသည်။

အဆိုပါ သမ္မတရွေးကောက်ပွဲ ရွှေ့ဆိုင်းမှုမှာတတိယအကြိမ်ဖြစ်သည်ဟု ဆိုသည်။ စက်တင်ဘာ ၇ ရက်က ရွေးကောက်ပွဲတွင် ပြိုင်ပွဲဝင် ကိုယ်စားလှယ်ဂတ်ဆင်း အီဘရာဟင်က တရားမမျှတဟု စွပ်စွဲလာသဖြင့် တရားရုံးချုပ်က ရွေးကောက်ပွဲကို ရွှေ့ဆိုင်းလိုက်သည်။ **(ဘီဘီစီ)**

ဖိလစ်ပိုင်မုန်တိုင်း သေဆုံးသူ သောင်းဂဏန်းဝန်းကျင်သို့ရောက်ရှိ

မနီလာ နိုဝင်ဘာ ၁၀

တိုင်ဖွန်းမုန်တိုင်း ဟိုင်ယန် ဝင်ရောက်မှုကြောင့် ဖိလစ်ပိုင်နိုင်ငံတွင်း ဒေသတစ်ခုတည်းမှာပင် သေဆုံးသူ ဦးရေ ၁၀၀၀၀ ဝန်းကျင်ရှိနိုင်ကြောင်း တာဝန်ရှိသူများက ပြောကြားခဲ့သည်။

မုန်တိုင်းဝင်ရောက်ပြီးနောက် သေဆုံးသူဦးရေ ရာပေါင်းများစွာရှိသည်ဟု ဖိလစ်ပိုင်အစိုးရက အတည်ပြုထားပြီးဖြစ်သည်။

ထောင်ပေါင်းများစွာသော လူတို့ကို နေအိမ်များမှ ဘေးလွတ်ရာသို့ ရွှေ့ပြောင်းပေးထားရသည်ဟု သိရသည်။

လိတ်သ်ပြည်နယ်၌ ဒေသ၏ ၇၀ ရာခိုင်နှုန်းမှ ၈၀ ရာခိုင်နှုန်းထိ မုန်တိုင်းကြောင့် ပျက်စီးမှုများရှိခဲ့သည်။ **(ဆင်ဟွာ)**

ဗင်နီဇွဲလား၌အီလက်ထရွန်နစ် ပစ္စည်းဈေး အဆမတန်မြင့် အစိုးရကပစ္စည်းများကိုသိမ်းပြီး လျှော့ဈေးနှင့်ရောင်း

ကာရာကာ့စ် နိုဝင်ဘာ ၁၀

ဗင်နီဇွဲလားသမ္မတ နီကိုလတ်မာဒူရိုက အီလက်ထရွန်နစ်ပစ္စည်းဆိုင်များကို သိမ်းဆည်းရန်အမိန့်ထုတ်လိုက်ပြီးနောက် ဗင်နီဇွဲလားနိုင်ငံ၌ ရာပေါင်းများစွာသော လျှော့ဈေးဖြင့် ရောင်းချရာ ဝယ်ယူသူများအုံလိုက်ကျင်းလိုက်စုရုံးရောက်ရှိလာသည်။

အဆိုပါ လျှပ်စစ်ပစ္စည်းဈေးသည် ဈေးနှုန်းများအဆမတန်တင်ထားကြောင်း၊ မျှမျှတတရောင်းချရန်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သမ္မတမာဒူရိုက ပြောကြားသည်။ ထို့နောက်သူက မြို့တော်ကာရာကာ့စ်အရှေ့ပိုင်းရှိဂျေဗွီစီ စတိုးဆိုင်ကိုလည်း သိမ်းရန်ကြေညာလိုက်သည်။

ဗင်နီဇွဲလားနိုင်ငံတွင် အီလက်ထရွန်နစ်ပစ္စည်းများကို လူချမ်းသာများကအသုံးပြုနေကြကြောင်း၊ ဈေးအဆမတန်တင်ရောင်းခြင်းသည် ခိုးယူခြင်းပင်ဖြစ်ကြောင်း၊ မတရားသူခိုးများဖြစ်ကြောင်း သမ္မတက ပြောကြားသည်။ သို့ရာတွင် အတိုက်အခံများက ငွေကြေးဖောင်းပွမှုအပေါ် အစိုးရကို အပြစ် ပြောဆိုလျက်ရှိသည်။ သမ္မတမာဒူရိုက ပလတ်စမာ တီဗွီများ၊ အဝတ်လျှော် စက်များနှင့် မီးဖိုချောင်သုံးအီလက်ထရွန်နစ်ပစ္စည်းများကို လျှော့ဈေးဖြင့်ရောင်းချပေးမည်ဟု ပြောဆိုခဲ့ပြီးနောက် ပြည်သူများက ဝယ်ယူရန်စီတန်းရောက်ရှိလာကြသည်။ အီလက်ထရွန်နစ်ဈေးနှုန်းများမှာ ၁၀၀၀ ရာခိုင်နှုန်းမက အမြတ်တင်ရောင်းနေကြကြောင်း အစိုးရစစ်ဆေးရေးမှူးများကတွေ့ရှိခဲ့ပြီးနောက် အစိုးရက ဒါကာအီလက်ထရွန်နစ်ဈေးကို သိမ်းဆည်းခဲ့သည်ဟုဆိုသည်။ ယင်းစွပ်စွဲချက်အပေါ် ပစ္စည်းပိုင်ရှင်များက မည်သို့မျှတုံ့ပြန်ချေပပြောဆိုနိုင်ခြင်းမရှိဟုဆိုသည်။ **(ဘီဘီစီ)**

ဂျပန်နိုင်ငံအရှေ့ပိုင်း အားပြင်းငလျင်လှုပ် တိုကျိုမြို့ကို သက်ရောက်

တိုကျို နိုဝင်ဘာ ၁၀

ဂျပန်နိုင်ငံအရှေ့ပိုင်း၌ နိုဝင်ဘာ ၁၀ ရက်က ၅ ဒသမ ၅ ရစ်ချ်တာစကေးရှိ အားပြင်းငလျင်တစ်ခု လှုပ်သွားခဲ့ရာ တိုကျိုမြို့၌ အဆောက်အအုံများ လှုပ်ခါသွားခဲ့ကြောင်း ဂျပန်နိုင်ငံမြေငလျင်ပညာရှင်များက ပြောကြားခဲ့သည်။

အဆိုပါ ငလျင်သည် အိုင်ဘရာကီပြည်နယ် မြို့တော်၏ မြောက်ဘက်၌ မြေအောက်အနက် ၃၇ မိုင်ကို ဗဟိုပြုကာ နံနက် ၇ နာရီ ၃၇ မိနစ်က လှုပ်ခဲ့ခြင်းဖြစ်သည်။ ငလျင်ကြောင့် ယခင်ပျက်စီးနေသော ဖူကူရှီးမားနျူကလီးယားစက်ရုံသည်လည်း လှုပ်ခါသွားရသည်။ သို့သော် တစ်စုံတစ်ရာ ထူးထူးခြားခြား ဖြစ်ပျက်မှုကိုမူ မတွေ့ရဟု စက်ရုံအော်ပရေတာက ပြောကြားခဲ့သည်။ ငလျင်လှုပ်ချိန်သည် စက္ကန့် ၃၀ ကြာမြင့်ခဲ့သည်။

၂၀၁၁ခုနှစ် မတ်လကဂျပန်နိုင်ငံအရှေ့မြောက် ကမ်းရိုးတန်းဒေသ၌ ရစ်ချ်တာစကေး ၉ အဆင့်ရှိ ပင်လယ်ရေအောက်ငလျင်ကြောင့် ဆူနာမီဝင်ရောက်ခဲ့သဖြင့် လူ ၁၈၀၀၀ သေဆုံးခဲ့ရဖူးသည်။ **(စီအင်န်အေ)**

ဆုမရရှိသော်လည်း အမိမြေအတွက် ပရဟိတလုပ်ငန်းများ လုပ်ကိုင်ရင်းပေးဆပ်ချင်သူ အလှမယ် မိုးစက်ဝိုင် ယနေ့ ပြန်လည်ရောက်ရှိမည်

ရန်ကုန် နိုဝင်ဘာ ၁၀

ရုရှားနိုင်ငံ မော်စကိုမြို့ Crocus Hall ၌ကျင်းပခဲ့သည့် မယ်စကြဝဠာ ၂၀၁၃ ပြိုင်ပွဲကြီး ပြီးစီးသွားပြီဖြစ်၍ မြန်မာနိုင်ငံကိုယ်စားပြု အလှမယ် မိုးစက်ဝိုင်သည် နိုဝင်ဘာ ၁၁ ရက် (ယနေ့) မြန်မာစံတော်ချိန် မွန်းလွဲ ၁ နာရီခွဲတွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်သို့ပြန်လည်ရောက်ရှိလာတော့မည်ဖြစ်ကြောင်း သတင်းရရှိသည်။

မြန်မာနိုင်ငံမှ နှစ်ပေါင်းငါးဆယ်ကျော်အတွင်း ပြန်လည်ယှဉ်ပြိုင်ခွင့်ရရှိခဲ့သူ အလှမယ် မိုးစက်ဝိုင်မှာ မယ်စကြဝဠာဆုကြီး မဟုတ်သော်လည်း ဆုငယ်များရရှိနိုင်ရန်အတွက် ကြိုတင်မဲပေးခြင်းခံခဲ့ရခြင်းများရှိပြီး အင်တာနက်မှမဲပေးသည့် အစီအစဉ်များတွင်လည်း ပြည်တွင်းပြည်ပအားပေးသူများကြောင့် တစ်ကြိမ်ပေးခံရသူတစ်ဦးဖြစ်သည်။

"မိုးစက်အနေနဲ့ ပရိသတ်ကြီးကျေနပ်အောင် ဆုတွေယူမလာနိုင်တော့ပေမယ့်အားပေးကြတဲ့ ပရိသတ်ကြီးကို အစဉ်အမြဲ ကျေးဇူးတင်လျက်ပါ။ မိုးစက်အနေနဲ့အမိမြေကို ပြန်လည်ရောက်ရှိပြီး နောက်ပိုင်းမှာ နိုင်ငံအတွင်းက လိုအပ်နေတဲ့နေရာတွေမှာ ပရဟိတလုပ်ငန်းတွေကို လုပ်ကိုင်သွားပါမယ်။ မိုးစက်ကို အားပေးကြတဲ့ ချစ်ခင်ကြတဲ့ တိုင်းပြည်ကပရိသတ်ကြီးကိုပြန်ပြီး တာဝန်ကျေသွားမယ်။ ဆုမရရှိခဲ့ပေမယ့် နိုင်ငံတကာအဆင့် အလှမယ်ပြိုင်ပွဲကြီးကနေ အတွေ့အကြုံကောင်းတွေ၊ ဗဟုသုတတွေ အများကြီးရရှိခဲ့ပါတယ်။ မိုးစက်အနေနဲ့ အခုလို ပါဝင်ယှဉ်ပြိုင်ခွင့်ရတာကို အများကြီးဂုဏ်ယူပြီး မြန်မာနိုင်ငံကို ကိုယ်စားပြုတဲ့စိတ်ထားနဲ့ယှဉ်ပြိုင်ခဲ့ပါတယ်။ မိုးစက်အပြင် နောင်နှစ်အသီးသီးမှာလည်း မြန်မာအလှမယ်တွေ ပိုပြီးကောင်းမွန်တဲ့ အတွေ့အကြုံကောင်းတွေ ရရှိပြီး အောင်မြင်နိုင်ဖို့လည်း မိုးစက်မျှော်လင့်ပါတယ်" ဟု ၎င်း၏ခံစားချက်နှင့် အတွေ့အကြုံကို ပြန်လည်ရှင်းပြသည်။

အဆိုပါ (၆၂) ကြိမ်မြောက် မယ်စကြဝဠာသရဖူကို ဗင်နီဇွဲလားအလှမယ် Maria Gabriela Isler က ရရှိသွားခဲ့ပြီး စပိန်အလှမယ်၊ အီကွေဒေါအလှမယ်၊ ဖိလစ်ပိုင်အလှမယ်နှင့် ဘရာဇီးလ်အလှမယ်တို့က ပဉ္စမဆုအထိအသီးသီးဆွတ်ခူးခဲ့ကြပြီး ပရိသတ်အကြိုက် မဲပေးသည့် People Choice ဆုကိုမူ ဖိလစ်ပိုင်အလှမယ်က ရရှိသွား ခဲ့သည်။

"မိုးစက်က ဆုမချိတ်ပေမယ့် မြန်မာကို ကမ္ဘာကသိအောင်ပြသနိုင်ခဲ့ပါတယ်။ အတွေ့အကြုံကလည်း နည်းပါးပြီး ပြင်ဆင်ချိန်လည်း အခြားအလှမယ်တွေနဲ့ယှဉ်ရင် နည်းပါးပါတယ်။ မိုးစက်ဝိုင်ရဲ့ ကြိုးစားအားထုတ်မှုကိုလည်း လေးစားပါတယ်။ မြန်မာပရိသတ်ရဲ့အားပေးမှုကလည်း အားလုံးမြင်တွေ့တဲ့အတိုင်း အံ့မခန်းပါပဲ။ ဆက်လက်ကြိုးစားပြီး မျိုးဆက်သစ်အလှမယ်တွေကို မွေးထုတ်ပေးရမယ်" ဟု Country Director မစိုးယုဝေက ဖြေကြားသည်။

မြန်မာနိုင်ငံအနေနဲ့ နှစ်ပေါင်း ၅၂ နှစ်ကျော်ကာလအတွင်း မယ်စကြဝဠာပြိုင်ပွဲသို့ ဝင်ရောက်ယှဉ်ပြိုင်မှုမရှိဘဲ ပထမဆုံးအကြိမ် ပြန်လည်ယှဉ်ပြိုင်ခဲ့ခြင်းအပေါ် ဂုဏ်ယူသည့်အပြင် မြန်မာနိုင်ငံမှ ကိုယ်စားပြုဝင်ရောက်ယှဉ်ပြိုင်ခဲ့သည့် အလှမယ်မိုးစက်ဝိုင်အနေနှင့် အလှမယ်တစ်ဦးတွင် ရှိသင့် ရှိထိုက်သည့် အရည်အသွေးများနှင့်အရည်အချင်းများရှိနေသည့်အတွက် လေးစားပါကြောင်း ၂၀၁၂ ခုနှစ် မယ်စကြဝဠာသရဖူဆွတ်ခူးနိုင်ခဲ့သူ အမေရိကန်အလှမယ် Miss Olivia Culpo ကလည်း ၎င်း၏လူမှုကွန်ရက်စာမျက်နှာတွင် ရေးသားထားသည်။ **ခင်ရတနာ**

၂၀၁၃ မယ်စကြဝဠာပြိုင်ပွဲတွင် မြန်မာနိုင်ငံမှ မိုးစက်ဝိုင်အား နိုင်ငံတကာမှ ပြိုင်ပွဲဝင်မယ်များနှင့်အတူ တွေ့ရစဉ်။

ပြည်တွင်းသတင်း

အာဆီယံနိုင်ငံလုပ်သက်ရင့် အရာခံဗိုလ်များ ပြင်ဦးလွင်မြို့နှင့် မန္တလေးမြို့များ လေ့လာကြည့်ရှု

နေပြည်တော် နိုဝင်ဘာ ၁၀

(၃)ကြိမ်မြောက် အာဆီယံနိုင်ငံလုပ်သက်ရင့် အရာခံဗိုလ်များအစည်းအဝေးသို့ တက်ရောက်ခဲ့ကြသည့် အာဆီယံနိုင်ငံများမှ လုပ်သက်ရင့် အရာခံဗိုလ်များသည် နိုဝင်ဘာ ၈ ရက်က ပြင်ဦးလွင်မြို့ရှိ ကန်တော်ကြီး အမျိုးသားဥယျာဉ်နှင့် ပွဲကောက်ရေတံခွန်တို့သို့ သွားရောက်ကြည့်ရှုလေ့လာကြသည်။

စိုက်ပျိုးပေး

နိုဝင်ဘာ ၉ ရက်နံနက်ပိုင်းက မန္တလေးမြို့ ပုသိမ်ကြီးမြို့နယ်ရှိ နယ်မြေခံတပ်ရင်းသို့ ရောက်ခဲ့ပြီး တပ်ရင်းဗဟိုကင်းကို ကြည့်ရှုလေ့လာကြပြီး လေ့လာရေး အမှတ်တရအဖြစ် ခရေပင်များကို စိုက်ပျိုးပေးကြသည်။

ထို့မှတစ်ဆင့် လေ့လာရေးအဖွဲ့ဝင်များသည် မန္တလေးတောင်ပေါ်သို့ သွားရောက် ကြည့်ရှုလေ့လာခဲ့ကြကြောင်း သတင်းရရှိသည်။

(မြဝတီ)

စာအုပ်စာပေ လှူမိတ်ဆွေ

နေပြည်တော်၊ ပျဉ်းမနား အိမ်ခြံမြေဈေးကွက် ဝါကျွတ်သော်လည်း အေးစက်လျက်ရှိ

သတင်း-ကိုကိုနေ(ပျဉ်းမနား)
ဓာတ်ပုံ-မင်းမင်းလတ်

နေပြည်တော် နိုဝင်ဘာ ၁၀

ပွင့်လင်းကာလ ရောက်ရှိလာပြီဖြစ်သော်လည်း နေပြည်တော်၊ ပျဉ်းမနားအနီးတစ်ဝိုက်ရှိ အိမ်ခြံမြေဈေးနှုန်းများ အေးစက်လျက်ရှိပြီး အကျဘက်သို့ ဦးတည်နေဆဲဖြစ်ကြောင်း အိမ်ခြံမြေအကျိုးဆောင်များထံက သိရသည်။

ဈေးနှုန်းတန့်

စီးပွားရေး တံခါးဖွင့်မှုကြောင့် စက်မှုဇုန်များ အားကောင်းလာကာ အိမ်ခြံမြေဈေးများ မြို့ကြီးများတွင် အဆများစွာ ခုန်တက်ခဲ့သော်လည်း အစိုးရရုံးများ အခြေစိုက်ရာ နေပြည်တော် အနီးတစ်ဝိုက်တွင်မူ ဈေးနှုန်းများ တန့်နေရခြင်းမှာ နေပြည်တော် တည်ဆောက်ရေးလုပ်ငန်းများ စတင်စဉ်က အိမ်ခြံမြေရင်းနှီးမြှုပ်နှံသူများ၏ ဈေးကစားမှုကြောင့် ဖြစ်ပွားခဲ့ရခြင်းဖြစ်ကြောင်း ကျွမ်းကျင်သူများက ပြောကြားသည်။

"နေပြည်တော် စတင်တည်ဆောက်ခါစ ၂၀၀၅ ဝန်းကျင်မှာ ပေါင်းလောင်းကွက်သစ်နဲ့ ဘောဂသီရိကားကွင်းပေါ်လာတယ်။ ၂၀၀၅ မှာမြေဈေးနှုန်းက တစ်သိန်းကနေ ၁၀ သိန်းအထိမြင့်တက်ပြီး နောက်ပိုင်း တစ်ကွက်ကို ကျပ်သိန်း ၆၀ ကနေ ကျပ်သိန်း ၄၀၀ အထိ တရိပ်ရိပ်တက်လာခဲ့ပါတယ်။ နေပြည်တော်၊ ပျဉ်းမနားဝန်းကျင်အိမ်ခြံမြေဈေးတွေက ၂၀၀၉၊ ၂၀၁၀ မှာ အမြင့်ဆုံးရောက်ရှိခဲ့ပြီး လမ်းမတန်းမြေကွက်တွေဆိုရင် ကျပ်သိန်း ၄၀၀ ကနေ ကျပ်သိန်း ၇၀၀၀ အထိ ခုန်တက်ခဲ့ပါတယ်။ အခုအချိန်မှာဆိုရင်တော့ ဈေးနှုန်းက ပြန်လည်ကျဆင်းလာခဲ့ပြီး ၂၀၁၀ တုန်းက ကျပ်သိန်း ၇၀၀၀ တန် မြေကွက်တွေက ကျပ်သိန်း ၄၀၀၀ ဝန်းကျင်နဲ့ ရောင်းမယ်ဆိုရင်တောင် ဝယ်သူရှားပါးနေတဲ့အခြေအနေမို့ နေပြည်တော်အနီးတစ်ဝိုက် အိမ်ခြံမြေရင်းနှီးမြှုပ်နှံသူတွေအားလုံး ပိုက်ဘောမိသလိုဖြစ်နေရပါတယ်"ဟု အိမ်ခြံမြေလုပ်ငန်းလုပ်ကိုင်သူတစ်ဦးက ပြောကြားသည်။

နေပြည်တော်ရပ်ကွက်တစ်ခုမှ အိမ်ရာအဆောက်အအုံများ။

အရောင်းအဝယ်ပါး

၂၀၁၀ ခုနှစ်က ဒက္ခိဏသီရိမြို့နယ်အတွင်း အိုးအိမ်မြေကွက်များကို ငွေကျပ် ၁၀ သိန်း သတ်မှတ်ခဲ့ပြီး နောက်ပိုင်း မြေကွက်ပေးသွင်းခမှာ ငွေကျပ်သိန်း ၅၀ မှ ၃၅၀ အထိ မြင့်တက်လာကာ ၂၀၁၁ ခုနှစ်အတွင်း ကျပ်သိန်း ၁၁၀၀ အထိ အရောင်းအဝယ်ဖြစ်လာခဲ့ပြီး ၂၀၁၃ တွင်မူ အရောင်းအဝယ်မရှိသလောက် ဖြစ်နေပြီဖြစ်သည်။

"နေပြည်တော်မှာ နောက်ဆုံးနာမည်ကြီးနေတာကတော့ ရွှေကြာပင်ရပ်ကွက်ဖြစ်ပါတယ်။ အရင်က ပေ ၄၀၊ ပေ ၆၀ ရှိတဲ့ မြေနေရာကို ၂၀၁၀ မှာ ကျပ်ငါးသိန်းသာပေးရပြီး ၂၀၁၁ အတွင်း တစ်နှစ်တည်းနဲ့ ကျပ် သိန်း ၃၅၀ အထိ ခုန်တက်သွားခဲ့ဖူးပါတယ်။ ၂၀၁၃ မှာတော့ ဈေးပြန်ကျသွားတာ အခုဆိုရင် ကျပ်သိန်း ၁၅၀ ဝန်းကျင်နဲ့ ရောင်းချလိုတာတောင် ဝယ်လက်ရှားပါးနေရတယ်" ဟု အိမ်ခြံမြေလုပ်ငန်း လုပ်ကိုင်သူတစ်ဦးက ပြောသည်။

၂၀၁၀ ခုနှစ်အတွင်း အရောင်းအဝယ်နှင့် ဈေးနှုန်းမြင့်တက်မှု အမြင့်ဆုံးဖြစ်ခဲ့ပြီး သုံးနှစ်တာအတွင်း မယုံကြည်နိုင်စရာ ပြန်လည်ကျဆင်းမှုများ၏ အကြောင်းအရင်းမှာ ဈေးနှုန်းဆွဲတင်သည့်ငွေ ရင်းနှီးမြှုပ်နှံသူများနှင့် နေပြည်တော်ဆေးရုံကြီး၊ နေပြည်တော်အဝေးပြေးကားဂိတ်၊ နေပြည်တော်တက္ကသိုလ် တည်ဆောက်ရေးစီမံကိန်းများ ရှိမည်ဟု မရေရာသည့်သတင်းစကားများကြောင့်ဖြစ်ပြီး စီမံကိန်းများ မပြုလုပ်ဖြစ်ခြင်းကြောင့် ပြန်လည်အေးစက်သွားခဲ့ခြင်း ဖြစ်ကြောင်း ဘောဂသီရိကားဝင်းမှ အိမ်ခြံမြေအကျိုးဆောင်တစ်ဦးက ပြောပြသည်။

"နေပြည်တော်၊ ပျဉ်းမနားဝန်းကျင်က ဝန်ထမ်းတွေများတဲ့နေရာတစ်ခုဖြစ်ပါတယ်။ လူဦးရေရဲ့ ၇၀ ရာခိုင်နှုန်းက ဝန်ထမ်းအိမ်ရာတွေမှာသာနေထိုင်ကြပြီး လက်ရှိဖော်ဆောင်ထားတဲ့ ရပ်ကွက်တွေမှာ လူနေထိုင်တဲ့ အိမ်ထောင်စုအရေအတွက်က ရပ်ကွက်တစ်ခုရှိသင့်တဲ့လူဦးရေရဲ့ ထက်ဝက်တောင် မရှိပါဘူး။ ပျဉ်းမနားမြို့ကတော့ နေပြည်တော်ပေါ်ပေါက်လို့ နှစ်တိုတိုနဲ့ တိုးတက်လာခဲ့ပြီး အိမ်ခြံမြေဈေးအထိုက်အလျောက် တိုးတက်လာခဲ့တယ်ဆိုပေမယ့် သူ့အိုးနဲ့ သူ့ဆန်ပါပဲ။ အရောင်းအဝယ်မရှိသလောက် ငြိမ်သက်ပါတယ်။ အရင်က ကုမ္ပဏီဖွင့်ဖို့ဝယ်ယူကြပေမယ့် လက်ရှိမှာ အငှားသာ အားထားနေကြပြီး ထပ်တိုးဖွင့်တာမျိုးက လက်ချိုးရေတွက်နိုင်တဲ့အနေအထားသာရှိပါတယ်" ဟု မြို့ခံတစ်ဦးက ပြောပြသည်။ သို့သော် ရပ်ကွက်များအတွင်း ရွှေ့ပြောင်းအလုပ်သမားများနှင့် တစ်နယ်တစ်ကျေးမှ လာရောက်လုပ်ကိုင်သူအများစုအတွက် အိမ်ငှားခနှုန်းများ မြင့်တက်လျက်ရှိနေပြီး စုပေါင်းနေထိုင်နိုင်သည့် အဆောင်သဏ္ဍာန်အိမ်များပေါ်ထွက်လာကာ တစ်ဦးလျှင် ကျပ်တစ်သောင်းခွဲမှ ငါးသောင်းအထိ ဈေးနှုန်းမြင့်တက်လျက်ရှိကြောင်း အိမ်ခြံမြေလုပ်ငန်း အကျိုးဆောင်များထံမှ သိရသည်။

✤ ရှေ့ဖုံးမှ

စီးပွားရေး၌ာန ဒုတိယအထွေထွေမန်နေဂျာ ဦးခင်မောင်ငြိမ်းက "မြန်မာနိုင်ငံဟာ ဗုဒ္ဓဘာသာထွန်းကားတဲ့ နိုင်ငံတစ်နိုင်ငံ ဖြစ်တယ်။ ကိုယ့်နိုင်ငံက ဗုဒ္ဓဘာသာဝင်တွေ၊ ရဟန်းသံဃာတော်တွေ သံဝေဇနိယလေးဌာနကို သွားရောက်ဖူးမြော်လေ့လာနိုင်ဖို့အတွက် စီစဉ်ပေးတဲ့ခရီးစဉ်ဖြစ်တယ်။ လေယာဉ်ပေါ်မှာ လေယာဉ်မှူးကြီး နှစ်ဦး၊ လေယာဉ်မောင်/မယ်လေးဦး၊ အင်ဂျင်နီယာတစ်ဦး Load Master တစ်ဦးနဲ့ လုံခြုံရေးနှစ်ဦးပါရှိပြီး သံဃာတော်ခြောက်ပါး၊ ဘုရားဖူးခရီးသည် ၆၅ ဦးနဲ့ Travel Tour ကုမ္ပဏီက ခြောက်ဦးလိုက်ပါသွားပါတယ်၊ မြန်မာ့လေကြောင်းအနေနဲ့ ဗုဒ္ဓဂယာကို မနှစ်က ဘုရားဖူးခရီးစဉ်ပြေးဆွဲခဲ့ပါတယ်။ ဒီနှစ်မှာတော့ မြန်မာနိုင်ငံခရီးသွားလုပ်ငန်းအဖွဲ့ချုပ်နဲ့ ဘုရားဖူးလုပ်ငန်းဆောင်ရွက်နေကြတဲ့ Travel Tour ကုမ္ပဏီတွေနဲ့ ပူးပေါင်းဆောင်ရွက်တဲ့အတွက် စုစုစည်းစည်းရှိပြီး အောင်မြင်တဲ့အနေအထားတွေ့ရပါတယ်" ဟု ပြောသည်။

ခရီးစဉ်နှင့်စပ်လျဉ်း၍ ကပ္ပတိန် မျိုးမြင့်အေးက "ကျွန်တော်တို့ပြေးဆွဲတာကတော့ မြန်မာ့လေကြောင်းနဲ့ ဂရေးဒီးယန့်ကုမ္ပဏီက Chater ငှားတဲ့အတွက် ပြေးဆွဲခြင်းဖြစ်ပါတယ်။ ပြည်ပပြေးဆွဲတာ အကြိမ်မနည်းတော့ပါဘူး၊ အရင်က F-28 လေယာဉ်တွေနဲ့ ပြေးဆွဲခဲ့ပြီး အခုဘရာဇီးလ်နိုင်ငံထုတ် EMBRAER 190 လေယာဉ်နဲ့ပြေးဆွဲတာ အကြိမ်(၂၀)ရှိသွားပါပြီ။ ချက်တာ Flight အနေနဲ့ Tour ကုမ္ပဏီနဲ့ ဘုရားဖူးကုမ္ပဏီတွေ ညှိနှိုင်းပြေးဆွဲတာဖြစ်ပါတယ်"ဟုပြောသည်။

ရန်ကုန်-ဗုဒ္ဓဂယာ၊ ဗုဒ္ဓဂယာ-ရန်ကုန် လေယာဉ်ခရီးစဉ်ကို အပတ်စဉ် တနင်္ဂနွေနေ့တိုင်း ပျံသန်းပြေးဆွဲမည်ဖြစ်ပြီး ပျံသန်းချိန် ၂ နာရီ မိနစ် ၂၀ ခန့်ကြာမြင့်မည်ဖြစ်သည်။ ရန်ကုန်-ဗုဒ္ဓဂယာခရီးစဉ်ကို မြန်မာ့လေကြောင်းလိုင်းအပြင် Asia Win လေကြောင်းလိုင်း၊ MAI လေကြောင်းလိုင်းနှင့် India လေကြောင်းလိုင်းတို့ကလည်း ပြေးဆွဲပျံသန်းနေကြောင်း သိရသည်။

နေလင်း(သတင်းစဉ်)

ကေတုမတီ(တောင်ငူ)မြို့တည် နန်းတည် (၅၀၃)နှစ်မြောက် ပွဲတော်ကျင်းပရေး လုပ်ငန်းညှိနှိုင်းစည်းဝေး

တောင်ငူ နိုဝင်ဘာ ၁၀

ပဲခူးတိုင်းဒေသကြီး ကေတုမတီ(တောင်ငူ)မြို့တည် နန်းတည် (၅၀၃) နှစ်မြောက် စတုတ္ထအကြိမ် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို နိုဝင်ဘာ ၇ရက် မွန်းလွဲ ၂ နာရီက တော်ဝင်ကေတုမတီဟိုတယ် အစည်းအဝေးခန်းမ၌ကျင်းပရာပွဲတော်ကျင်းပရေးဦးစီးနာယက၊ CB Bank ဥက္ကဋ္ဌ ဦးခင်မောင်အေးက အမှာစကားပြောကြားသည်။ တက်ရောက်လာကြသည့် ဆပ်ကော်မတီအသီးသီးမှ ဥက္ကဋ္ဌများက အခြေအနေများကိုရှင်းလင်းတင်ပြကြပြီး ဆုံးဖြတ်ချက်များချမှတ်ကြသည်။ ယခု ၂၀၁၃ ခုနှစ်ပွဲတော်ကိုလည်း ယခင်နှစ်များနည်းတူ နိုဝင်ဘာ ၁၄ ရက်မှ ၁၇ ရက်အထိ စည်ကားသိုက်မြိုက်စွာ ကျင်းပမည်ဖြစ်သည်။ **(၁၁၅)**

ဆောင်းပါးနှင့်ပြည်တွင်းသတင်း

ကျွန်တော်နဲ့ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု

ပါမောက္ခ ဒေါက်တာအောင်ထွန်းသက်

နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု Foreign Direct Investment(FDI)နဲ့ ပတ်သက်လာရင် မြန်မာပြည် အပါအဝင် နိုင်ငံတိုင်းလိုလိုမှာ အယူအဆ၊ အမြင် အမျိုးမျိုးရှိကြပါတယ်။

တချို့က FDI ဟာ နိုင်ငံတစ်နိုင်ငံအတွက် မရှိမဖြစ်လိုအပ်တဲ့အရာလို့ ယူဆကြပြီး တချို့ကတော့ FDI ဟာ နိုင်ငံခြားသားတွေကို ဦးစားပေးတာမို့ နိုင်ငံသားတွေအတွက် အနှောင့်အယှက်အန္တရာယ်ဖြစ်တယ်လို့ ထင်ကြတယ်။

မှန်တယ်၊ မှားတယ်ဆိုတာကတော့ တစ်ဦးတစ်ယောက်ချင်းရဲ့ ဆန္ဒဖြစ်တာမို့ မပြောလိုပါဘူး။ ဒါပေမယ့် ကျွန်တော့်ရဲ့အမြင်ကိုတော့ စာဖတ်ပရိသတ်တွေကို မျှဝေချင်ပါတယ်။ နိုင်ငံတစ်နိုင်ငံမှာ နိုင်ငံခြားဝင်ငွေရနိုင်တဲ့ လမ်းသွယ်လေးရပ် ရှိပါတယ်။

ပထမလမ်းသွယ်က Official Development Assistance(ODA) ဖြစ်ပါတယ်။ ODA က ဖွံ့ဖြိုးဆဲနိုင်ငံတွေကို ချမ်းသာတဲ့နိုင်ငံတွေက ပေးအပ်တဲ့ အထောက်အပံ့ ဖြစ်ပါတယ်။ ချမ်းသာတဲ့ နိုင်ငံအဖြစ် သတ်မှတ်ခြင်းခံရတဲ့နိုင်ငံများ စုစုပေါင်း ၂၂ နိုင်ငံရှိပါတယ်။ ဒီနိုင်ငံတွေကို စုပေါင်းပြီး (OECD) နိုင်ငံများလို့ခေါ်ပါတယ်။ OECD နိုင်ငံတွေဟာ ဖွံ့ဖြိုးဆဲနိုင်ငံများကို မိမိတိုင်းပြည်ဝင်ငွေရဲ့ ၀ ဒသမ ၇ ရာခိုင်နှုန်းကို အထောက်အပံ့ပေးဖို့ လွန်ခဲ့တဲ့ နှစ်ပေါင်း ၄၀ ကျော်လောက်ကတည်းက ကတိပေးခဲ့တယ်။ ၀ ဒသမ ၇ ရာခိုင်နှုန်းကို အလွယ်တကူနားလည်အောင် ငွေ ၁၀၀ ဝင်ငွေရှိရင် ပြား ၇၀ ကို အထောက်အပံ့အဖြစ်ပေးဖို့ သဘောတူမှုသာဖြစ်ပါတယ်။ ပမာဏအနေနဲ့ မများလှပါဘူး။ ၂၀၁၂ ခုနှစ်မှာ OECD နိုင်ငံ ၂၂ နိုင်ငံအနက် ငါးနိုင်ငံမျှသာ ဒီရည်မှန်းချက် ပြည့်မီနေတာကို တွေ့ရပါတယ်။

ဒုတိယလမ်းသွယ်က ကုန်သွယ်မှု (Trade) ဖြစ်တယ်။ နိုင်ငံတစ်နိုင်ငံဟာ ကုန်သွယ်မှုအလုပ်တွေကို ဦးစားပေးအနေနဲ့ သတ်မှတ်ဖို့လိုတယ်။ ကုန်သွယ်မှုအားကောင်းဖို့ Open Trade လွတ်လပ်စွာကုန်သွယ်နိုင်ဖို့က အလွန်အရေးကြီးပါတယ်။ လွတ်လပ်မှုလို့ပြောတဲ့နေရာမှာလည်း အခွန်အကောက်တွေ၊ အတားအဆီးတွေကို လျှော့ပေါ့ဖို့ဖြစ်တယ်။ မြန်မာနိုင်ငံဟာ တစ်ချိန်က ကမ္ဘာ့စီးပွားရေးစနစ်နဲ့ ကင်းကွာခဲ့တယ်။ မပတ်သက်ခဲ့ဘူး။ ပြည်တွင်းဖူလုံမှုကိုသာ စဉ်းစားပြီး အပြည်ပြည်ဆိုင်ရာ ဆက်သွယ်၊ ဆက်ဆံမှုတွေကို ရှောင်ခဲ့တယ်။

ပြုပြင်ပြောင်းလဲမှု ကာလမှာတော့ ပြန်ပြီးချိတ်ဆက်နေတာတွေ့ရတယ်။ မကြာခင် ကျွန်တော်တို့ လက်လှမ်းမီတဲ့ ဈေးကွက်ဟာ သန်း ၆၀ က တစ်ဆင့် သန်း ၆၀၀ အထိ တိုးလာတော့မှာဖြစ်တယ်။

၂၀၁၅ ခုနှစ်မှာ မြန်မာနိုင်ငံဟာ AEC အဖွဲ့ဝင် နိုင်ငံတစ်နိုင်ငံဖြစ်လာတော့မယ်။ အိမ်နီးနားချင်းနိုင်ငံနှစ်ခုဖြစ်တဲ့ တရုတ်ပြည်နဲ့ အိန္ဒိယပြည်တို့ဟာ ၂၁ ရာစုမှာ စီးပွားရေးအင်အားကြီးတွေဖြစ်ကြတယ်။ ဒီဈေးကွက်နှစ်ခုကို ထပ်ပေါင်းလိုက်ရင် သန်း ၃၀၀၀ နီးနီးလောက်ရှိသွားမှာ။ ကမ္ဘာ့လူဦးရေရဲ့ ထက်ဝက်နီးနီးပေါ့။

ဒါကြောင့် ကျွန်တော်တို့နိုင်ငံမှာ ကုန်သွယ်မှုကို အားပေးဖို့လိုအပ်တယ်။ Open Trade ပေါ်လစီကိုလည်း စီးပွားရေးနဲ့ ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းမြင့်နဲ့ ဒုတိယဝန်ကြီး ဒေါက်တာပွင့်ဆန်းတို့ဟာ Trade Liberalization ကုန်သွယ်မှုကို လွယ်ကူသွက်လက်ချောမွေ့အောင် ဖြေလျှော့မှုတွေ လုပ်နေတာဖြစ်တယ်။ Trade not Aid အကူအညီမလိုဘူး။ ကုန်သွယ်မှုပဲလိုတယ်ဆိုတဲ့ဆောင်ပုဒ်ကို ဆုပ်ကိုင်ထားရမှာ ဖြစ်ပါတယ်။

တတိယဇာစ်မြစ်ကတော့ နိုင်ငံခြားတိုင်းပြည်တွေမှာ အလုပ်ထွက်လုပ်ပြီး ရလာတဲ့ လုပ်ခဝင်ငွေလစာတွေကို မိမိ မိသားစုကို ပြန်ပေးတဲ့ Remittances ဖြစ်ပါတယ်။ မြန်မာပြည်မှာ အခုလို ဆောင်ရွက်နေသူတွေ တဖြည်းဖြည်းပွားများလာတာ တွေ့ရပါတယ်။ အာရှနိုင်ငံများအနက် ဒီကိစ္စနဲ့ ပတ်သက်ပြီး နာမည်ကြီးတဲ့နိုင်ငံများက ဖိလစ်ပိုင်၊ သီရိလင်္ကာတို့ ဖြစ်ပါတယ်။

ဒီဇာစ်မြစ်ကိုအထင်သေးလို့မရဘူး။ ၂၀၀၆ ခုနှစ်က စတင်ပြီးအလုပ်လုပ်ပြီး လုပ်ခဝင်ငွေလစာကို ပြန်လည်ပို့တဲ့ ပမာဏဟာ တစ်ကမ္ဘာလုံးအတိုင်း အတာနဲ့ချိန်ဆတဲ့အခါ ပထမဇာစ်မြစ်ဖြစ်တဲ့ ချမ်းသာတဲ့နိုင်ငံများကရရှိတဲ့ ထောက်ပံ့ငွေပမာဏထက် များလာတာတွေ့ရပါတယ်။ အခုလိုလုပ်ခဝင်ငွေလစာတွေကို မိမိနိုင်ငံကို လွယ်လွယ်ကူကူ စိတ်ချလက်ချပို့နိုင်အောင် ဖန်တီးပေးဖို့ အလွန်အရေးကြီးလှပါတယ်။

အများသိကြတဲ့အတိုင်း ကျွန်တော်တို့နိုင်ငံမှာ ဟွန်ဒီလို့ခေါ်တဲ့ ယုံကြည်မှုနဲ့ အခြေခံပြီး ငွေလွှဲတဲ့စနစ်ကိုသာ အသုံးများကြပါတယ်။ မကြာသေးမီကာလမှာ မြန်မာနိုင်ငံမှာ Western Union အမည်ရှိတဲ့ အဖွဲ့အစည်းရုံးဖွင့်ပြီး ငွေလွှဲမှုစတင်ဆောင်ရွက်နေတာ ဝမ်းသာစရာတွေ့ရပါတယ်။ ပင်ပန်းစွာရှာဖွေရရှိတဲ့ ချွေးနဲ့စာတွေကို လုံခြုံစွာပြန်ပို့ပေးနိုင်ဖို့ဟာ အလွန်အရေးကြီးတဲ့ ကိစ္စတစ်ရပ်ဖြစ်ပြီး ချောမွေ့စွာဆောင်ရွက်နိုင်ဖို့ ဖန်တီးပေးရမှာသာ ဖြစ်ပါတယ်။

စတုတ္ထဇာစ်မြစ်ကတော့ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုပဲဖြစ်ပါတယ်။ FDIကို နိုင်ငံတိုင်းက လိုလားကြတယ်။ မျှော်လင့်နေကြတယ်။ ဖွံ့ဖြိုးဆဲနိုင်ငံများသာမက ချမ်းသာတဲ့နိုင်ငံတွေဟာလည်း FDI ကို မျှော်လင့်ကြတယ်။ ကြိုဆိုနေရတယ်။ FDI ဝင်လာအောင် မက်လုံးတွေအမျိုးမျိုး ဖန်တီးနေကြတယ်။ ဆန်းသစ်တဲ့မက်လုံးတွေ သူ့ထက်ငါသာလွန်အောင် ကြိုးစားနေကြတယ်။

ကျွန်တော်တို့ နိုင်ငံမှာလည်း နိုင်ငံတော်အစိုးရသစ်တက်လာတဲ့ အချိန်က စတင်ပြီး FDI နဲ့ပတ်သက်လို့ အလေးထားခဲ့တယ်။ အမျိုးမျိုးကြိုးစားခဲ့ပါတယ်။ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု ဥပဒေအသစ်ကို ပြဋ္ဌာန်းပေးခဲ့တယ်။ နည်းဥပဒေတွေ၊ လုပ်ထုံးလုပ်နည်းသစ်တွေကို ဖော်ထုတ်ခဲ့တယ်။ ကျွန်တော့်အနေနဲ့လည်း ကိုယ်တတ်နိုင်တဲ့အပိုင်းကနေ ထောက်ခံအားပေးခဲ့တယ်။ ဘာကြောင့် ဒီလိုစဉ်းစားရတာကိုတော့ တင်ပြရှင်းလင်းချင်ပါတယ်။

ကျွန်တော်တို့ရဲ့ စီးပွားရေးအဆောက်အအုံဟာ ဘက်ထရီဒေါင်းသွားတဲ့ မော်တော်ယာဉ်တစ်စီးလို ဖြစ်ခဲ့ပါတယ်။ ဒါကြောင့် ကားကို နှိုးလို့မရတော့ဘူး။ စက်ရပ်သွားခဲ့တယ်။ အခုလိုအခြေအနေမှာ ဒီကားနိုးအောင် ဘယ်လိုလုပ်ကြမလဲ။ ကားကိုတွန်းပြီး နှိုးလို့ရမလား။ တွန်းရုံနဲ့မနိုးနိုင်တော့ဘူး။ ပင်ပန်းရုံပဲဖြစ်တယ်။ တွန်းတယ်ဆိုတာက မိမိပြည်တွင်းအင်အားနဲ့ စုဆောင်းငွေနဲ့ စီးပွားရေးတက်အောင် လုပ်ဆောင်ခြင်းဖြစ်ပါတယ်။ ဒါပေမယ့် ကျွန်တော်တို့ နိုင်ငံပြည်တွင်းစုဆောင်းငွေပမာဏဟာ လိုအပ်တဲ့ပမာဏ မရှိနိုင်တာ တွေ့ရတယ်။ ဒါကြောင့် FDI ကို အားကိုးပြီး Jump Start လုပ်ရမယ်။ မော်တော်ကား ဥပမာကို ပြန်စဉ်းစားရင် ကားနိုးအောင် တခြားမော်တော်ကားတစ်စီးရဲ့ ဘက်ထရီနဲ့ချိတ်ပြီး ကားကိုနှိုးလို့ရပါတယ်။

ကျွန်တော်တို့နိုင်ငံမှာ FDI ဟာ မ သုံးလုံးနဲ့ ညီရမှာဖြစ်ပါတယ်။ ပထမ "မ"ကတော့ "မြန်"ရမှာ ဖြစ်ပါတယ်။ အခု FDI ဝင်ရောက်လာတဲ့နှုန်းက ကျွန်တော်တို့မျှော်လင့်တဲ့ အရှိန်အထိ မရောက်သေးတာ တွေ့ရပါတယ်။ မြန်မြန်လာဖို့ လိုပါတယ်။ ဒ့ါကြောင့်လည်း တာဝန်ရှိတဲ့သူတွေက တတ်နိုင်သမျှ FDI မြန်မြန်လာအောင် တိုက်တွန်းပေးနေကြတာ တွေ့ရပါတယ်။

ဒုတိယ "မ"ကတော့ FDI ဟာ"များ"ရမယ်။ ပမာဏများခြင်းကို ဆိုလိုတာပါ။ ပမာဏနည်းရင် ကျွန်တော်တို့ လိုအပ်တဲ့အတိုင်း ဖြစ်လာမှာ မဟုတ်ပါဘူး။

နောက်ဆုံး "မ"ကတော့ "မှန်"ရမှာ ဖြစ်ပါတယ်။ မှန်ခြင်းလို့ပြောတဲ့နေရာမှာ လူမှုရေးတာဝန်ကျေမယ့် ရင်းနှီးမြှုပ်နှံမှုမျိုးကို ဆိုလိုခြင်းဖြစ်ပါတယ်။

FDI ရဲ့အကြောင်း စဉ်းစားတဲ့နေရာမှာ စီးပွားရေးရှုထောင့်တစ်ခုတည်း ကြည့်ရုံမဟုတ်ဘဲ နိုင်ငံရေးအနေအထားကိုလည်း ထည့်သွင်းစဉ်းစားရမှာဖြစ်ပါတယ်။ ၂၀၁၀ပြည့်နှစ် ရွေးကောက်ပွဲကျင်းပပြီးချိန်မှစပြီး နိုင်ငံရေးပြုပြင်ပြောင်းလဲမှုတွေကြောင့် တစ်ချိန်တုန်းက နိုင်ငံရေးအခြေအနေကိုအခြေခံပြီး ကန့်သတ်ခဲ့တဲ့ Sanction တွေ လျှော့ပေါ့ခြင်းခံခဲ့ရပါတယ်။ အမေရိကန်နိုင်ငံ၊ ဥရောပနိုင်ငံတွေဟာ Sanction တွေကို ရုပ်သိမ်းခဲ့တယ်။ မြန်မာပြည်မှာ ရင်းနှီးမြှုပ်နှံလိုတဲ့ နိုင်ငံခြားကုမ္ပဏီတွေ ခုဆိုရင် ဝင်ရောက်လာကြတာ တွေ့ရပါတယ်။

FDIနဲ့ပတ်သက်ပြီး ကျွန်တော်အမြဲဆွေးနွေးခဲ့တဲ့ အချက်သုံးချက်ရှိပါတယ်။ ကျွန်တော်တို့နိုင်ငံမှာ FDI ဟာ မ သုံးလုံးနဲ့ ညီရမှာဖြစ်ပါတယ်။ ပထမ"မ"ကတော့ "မြန်" ရမှာဖြစ်ပါတယ်။ အခု FDI ဝင်ရောက်လာတဲ့နှုန်းက ကျွန်တော်တို့မျှော်လင့်တဲ့အရှိန်အထိ မရောက်သေးတာ တွေ့ရပါတယ်။ မြန်မြန်လာဖို့ လိုပါတယ်။ဒ့ါကြောင့်လည်း တာဝန်ရှိတဲ့သူတွေက တတ်နိုင်သမျှ FDI မြန်မြန်လာအောင် တိုက်တွန်းပေးနေကြတာ တွေ့ရပါတယ်။

ဒုတိယ"မ"ကတော့ FDI ဟာ "များ"ရမယ်။ ပမာဏများခြင်းကို ဆိုလိုတာပါ။ ပမာဏနည်းရင် ကျွန်တော်တို့လိုအပ်တဲ့အတိုင်း ဖြစ်လာမှာ မဟုတ်ပါဘူး။

နောက်ဆုံး "မ" ကတော့ "မှန်" ရမှာဖြစ်ပါတယ်။ မှန်ခြင်းလို့ပြောတဲ့ နေရာမှာ လူမှုရေးတာဝန်ကျေမယ့် ရင်းနှီးမြှုပ်နှံမှုမျိုးကို ဆိုလိုခြင်းဖြစ်ပါတယ်။

ကျွန်တော်တို့အနေနဲ့ FDI ကို အားပေးတာကို ဝေဖန်ကြသူတွေရှိကြပါတယ်။ ပြည်တွင်းလုပ်ငန်းရှင်တွေရဲ့အကျိုးကိုကြည့်သင့်တယ်။ နိုင်ငံခြားကုမ္ပဏီတွေကို ဦးစားပေးပြီး ကိုယ့်လူကိုတော့ အခွင့်အရေးမပေးဘူးလို့ ပြောကြတာကိုလည်း ကြားရပါတယ်။ နိုင်ငံခြားကုမ္ပဏီတွေအတွက် အခွန်အကောက်လျှော့ပေါ့ပေးသလို ပြည်တွင်းလုပ်ငန်းရှင်တွေကိုလည်း ပေးစေချင်တယ်လို့ ပြောဆိုကြတယ်။

ကျွန်တော်နားလည်ပါတယ်။ ပြည်တွင်းကုမ္ပဏီတွေကို ကာကွယ်တယ် (Protect)လုပ်ပေးစေချင်တာကို သဘောပေါက်တယ်။ ကျွန်တော်က ကာကွယ်တယ်ဆိုတာထက် Promote ပြုစုအားပေးမှုမျိုး ဖြစ်စေချင်တယ်။ လုပ်ပုံတူပေမယ့် စဉ်းစားချက်က မတူပါဘူး။ ကာကွယ်မှုဗျူဟာ Protectionism ကို အပြည်ပြည်ဆိုင်ရာလုပ်ထုံးလုပ်နည်းအရ လက်ခံခြင်းမရှိတော့တာ တွေ့ရပါတယ်။

တကယ်ဖြစ်ရမှာက စောစောကတင်ပြခဲ့သလို Open Trade ဖြစ်ရမှာဖြစ်ပါတယ်။ မကြာမီကာလမှာ မြန်မာနိုင်ငံဟာ AEC အဖွဲ့ဝင်နိုင်ငံတစ်နိုင်ငံ ဖြစ်လာမှာဖြစ်ပါတယ်။ AEC အဖွဲ့ဝင်နိုင်ငံတွေမှာ Protectionism ကို ကျင့်သုံးလို့မဖြစ်တော့ပါဘူး။ လွတ်လပ်စွာကုန်သွယ်မှုကို ကျင့်သုံးမှဖြစ်မှာ။ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုနဲ့ပတ်သက်ပြီး ထူးခြားတဲ့မှတ်တိုင်တစ်ခုက အမေရိကန်နိုင်ငံက Coca Cola ကုမ္ပဏီနဲ့ ဂျပန်နိုင်ငံ နီဆန်းကားကုမ္ပဏီတို့ မြန်မာနိုင်ငံမှာ လာရောက်ပြီး လုပ်ငန်းစတင်ဆောင်ရွက်မယ့် ကိစ္စပဲဖြစ်ပါတယ်။ ရုတ်တရက်ကြည့်ရင် အချိုရည်ထုတ်တဲ့ကုမ္ပဏီတစ်ခုနဲ့ ကားထုတ်တဲ့ကုမ္ပဏီတစ်ခု ဘာဆန်းလို့လဲလို့ စဉ်းစားစရာ၊ ပြောစရာပါပဲ။

ဒါပေမယ့် အချိုရည်စက်ရုံ၊ ကားစက်ရုံ တစ်ခုအနေနဲ့တောင် မြင်လို့မရပါဘူး။ ဒီရင်းနှီးမြှုပ်နှံမှုတွေဟာ Symbols သင်္ကေတတွေဖြစ်ပါတယ်။ နိုင်ငံရေးဘောဂဗေဒမှာ သင်္ကေတဟာ အရေးကြီးပါတယ်။ မြန်မာပြည်မှာ Coca Cola ထုတ်စေပြီး နီဆန်းကားတွေထုတ်နေပြီလို့ ပြောလာရင် နိုင်ငံရေးအရ အလွန်အရေးကြီးပါတယ်။ နိုင်ငံရဲ့ပြုပြင်ပြောင်းလဲမှုတွေကို နိုင်ငံခြားကုမ္ပဏီတွေက ယုံကြည်စိတ်ချတဲ့ သင်္ကေတတစ်ခုဖြစ်တယ်။ အမှန်မှာလည်း တန်ဖိုးကြီးပါတယ်။ Coca Cola ဝင်လာပြီဆိုတဲ့အတွက် ပက်စီကလည်း ဝင်လာမှာပဲ။ နီဆန်းလာတဲ့အတွက် တိုယိုတာလည်း လာမှာပဲ။ ကျန်တဲ့ နီဆန်းကုမ္ပဏီဟာ ပြင်သစ်နိုင်ငံမှာရှိတဲ့ Renault ကားကုမ္ပဏီကို ပိုင်တဲ့ အဖွဲ့အစည်း။ Renault ကားတွေဝင်လာနိုင်သလို Renault ကားဝင်တဲ့အတွက် ဥရောပကားကုမ္ပဏီတွေကလည်း စိတ်ဝင်စားကြမှာ။

စာမျက်နှာ ၁၁ သို့

စစ်တွေ၌ ပြည်နယ်အဆင့် မိခင်သေဆုံးမှုဆန်းစစ်ခြင်းဆိုင်ရာ ဆွေးနွေး

စစ်တွေ နိုဝင်ဘာ ၁၀

ပြည်နယ်အဆင့် မိခင်သေဆုံးမှု ဆန်းစစ်ခြင်းဆိုင်ရာ အသိပေးဆွေးနွေးပွဲကို နိုဝင်ဘာ ၈ ရက် နံနက် ၉ နာရီက စစ်တွေအထွေထွေရောဂါကုဆေးရုံကြီး၌ ကျင်းပရာ ရခိုင်ပြည်နယ်အစိုးရအဖွဲ့ ဘဏ္ဍာရေးဝန်ကြီး ဒေါက်တာ အောင်ကျော်မင်းက အမှာစကားပြောကြားပြီး ပြည်နယ်ကျန်းမာရေး ကော်မတီဝင်များ၊ ကျန်းမာရေးဦးစီးဌာနမှ ညွှန်ကြားရေးမှူး (ပြည်သူ့ကျန်းမာ) ဒေါက်တာယဉ်သန္တာလွင်၊ ရခိုင်ပြည်နယ် ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာအေးငြိမ်း၊ စစ်တွေဆေးရုံအုပ်ကြီး ဒေါက်တာအောင်ဆန်းနှင့် အထူးကုဆရာဝန်ကြီးများ၊ ပြည်နယ်

ကျန်းမာရေးဦးစီးဌာနမှ ဆရာဝန်၊ ဆရာမများ၊ စစ်တွေမြို့နယ် ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာကျော့သာစိန်နှင့် အခြေခံကျန်းမာရေးဝန်ထမ်းများ၊ ဌာနဆိုင်ရာများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ခဲ့ကြသည်။ **(အပေါ်ပုံ)**

မိခင်နှင့် မွေးကင်းစကလေး သေဆုံးရခြင်း၏ အဓိကသည် ကျန်းမာရေး စောင့်ရှောက်မှုပေးနိုင်သည့် ကျန်းမာရေးဌာနသို့ ရောက်ရန်အတွက် ဆုံးဖြတ်ချက်ချရန် နှောင့်နှေးခြင်း၊ ပြည့်စုံစွာကုသမှုပေးနိုင်သည့် ကျန်းမာရေးဌာနသို့ရောက်ရန် နှောင့်နှေးခြင်း၊ ကျန်းမာရေးဌာနတွင် အဆင့်မီကုသမှုခံယူရန် နှောင့်နှေးခြင်းများ မဖြစ်စေရန်နှင့် မိခင်သေဆုံးမှု လျှော့ချရေးအတွက် မည်သူ့ကိုမျှ အပြစ်တင်မနေကြဘဲ နှောင့်နှေးခြင်း သုံးရပ်ကိုဖော်ထုတ်၍ ဝိုင်းဝန်းဖြေရှင်း ဆောင်ရွက်ကြရန် လိုအပ်ကြောင်း၊ သို့မှသာ ထောင်စုနှစ်ရည်မှန်းချက် ၂၀၁၅ ခုနှစ်တွင် မိခင်သေနှုန်းကို လေးပုံ သုံးပုံလျှော့ချရန်နှင့် ကလေးသေနှုန်းကို သုံးပုံ နှစ်ပုံလျှော့ချနိုင်မည်ဖြစ်ကြောင်း၊ စဉ်ဆက်မပြတ်စောင့်ကြပ်ကြည့်ရှုကြပြီး အစီရင်ခံတင်ပြရန်ဖြစ်ကြောင်း စသည်ဖြင့် ဆွေးနွေးချက်များမှ သိရသည်။

(လ/၀၀၃)

နေပြည်တော်ကောင်စီနယ်မြေ ဇမ္ဗူသီရိမြို့နယ် မင်္ဂလာသိဒ္ဓိရပ်ကွက် အုပ်ချုပ်ရေးမှူးရုံး၌ နိုဝင်ဘာ ၉ ရက် နံနက်က ဇမ္ဗူသီရိမြို့နယ် ခုတင် (၅၀) ဆေးရုံမှ ရပ်ကွက်တာဝန်ခံဆရာမ ဒေါ်အေးမြတ်မွန်၊ ဘက်စုံသားဖွားဆရာမဒေါ်စန်းမိုင်တို့က မွေးကင်းစမှ တစ်နှစ်ခွဲအထိ ကလေးသူငယ်များအား ပုံမှန်ကာကွယ်ဆေးထိုးခြင်းနှင့် ဆေးတိုက်ကျွေးစဉ်။ ကိုကိုရှုပ

ပြည်တွင်းသတင်း

❀ ကျောဖုံးမှ

အဲဒီဒေသတွေကို ဓာတ်အားလိုင်းတွေ၊ ဓာတ်အားတွေပေးချင်ပါတယ်။ တိုင်းဒေသကြီးနဲ့ ပြည်နယ်တွေအားလုံးကိုလည်း ညီတူညီမျှ ဓာတ်အားရစေချင်ပါတယ်။ ဒါကြောင့် မျှဝေခံစားတဲ့သဘောနဲ့ ဓာတ်အားခကို နည်းနည်းပိုပေးလိုက်ရင် ဟိုဘက်မှာ ဓာတ်အားလိုင်းတွေထပ်ဆွဲတာ၊ ဓာတ်အားခွဲရုံတွေ တည်ဆောက်တာတွေအတွက် နည်းနည်းခုသာခံသာဖြစ်အောင် ဆောင်ရွက်ရတာဖြစ်ပါတယ်”ဟု ဆိုသည်။

မြန်မာနိုင်ငံ၏ ဓာတ်အားသုံးစွဲမှုသည် ၂၀၁၀ ခုနှစ်က ၁၄၂၀ မီဂါဝပ်ရှိခဲ့ပြီး ယခုနှစ် ၂၀၁၃ မိုးရာသီတွင် ၂၈၆၀ မီဂါဝပ်အထိ အသုံးပြုခဲ့သည်။ လာမည့် ၂၀၁၄ ခုနှစ် နွေရာသီတွင် ၂၃၇၀ မီဂါဝပ်အထိ သုံးစွဲလာကြမည်ဟု လျှပ်စစ်စွမ်းအားဝန်ကြီးဌာနက ခန့်မှန်းထားသည်။

ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်စိုး ရန်ကုန်မြို့ ကမာရွတ်မြို့နယ်ရှိ မြန်မာနိုင်ငံ ငြိမ်းချမ်းရေး ပြန်လည်ထူထောင်ရေးလုပ်ငန်းဗဟိုဌာန၌ ပြုလုပ်သော နိုင်ငံရေးပါတီများနှင့် တွေ့ဆုံပွဲတွင် လျှပ်စစ်ဓာတ်အားခ တိုးမြှင့်မှုနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားစဉ်။

(သတင်းစဉ်)

လက်ရှိလျှပ်စစ်စွမ်းအားဝန်ကြီးဌာနလက်အောက်ရှိ ဓာတ်အားပေးစက်ရုံများသည် ၂၀၁၄ ခုနှစ် နွေရာသီတွင် လျှပ်စစ်ဓာတ်အား ၁၆၆၅ မီဂါဝပ်သာ ထုတ်လုပ်နိုင်မည်ဖြစ်သည်။ ထို့ကြောင့် အထက်ပေါင်းလောင်းစီမံကိန်း၊ နမ်ချိုစီမံကိန်း၊ ဖြူးစီမံကိန်း၊ ဘီလူးချောင်း(၃)စီမံကိန်းတို့ကို လာမည့်နွေရာသီတွင် ပြီးစီးအောင် တည်ဆောက်နေပြီး ယင်းစီမံကိန်းများမှ လျှပ်စစ်ဓာတ်အား စုစုပေါင်း ၁၁၆ မဂ္ဂါဝပ်ထုတ်ပေးနိုင်ရန်မျှော်မှန်းထားသည်။ ရန်ကုန်မြို့တွင် ပုဂ္ဂလိက လျှပ်စစ်ဓာတ်အားပေးစက်ရုံလေးခုနှင့်ထိုင်းနိုင်ငံမှ လွှဲပြောင်းပေးအပ်ထားသည့် ၂၄၀ မဂ္ဂါဝပ်ထွက် ဂက်စ်တာဘိုင်နှစ်လုံးမှ ရရှိမည့်လျှပ်စစ်ဓာတ်အားများအပါအဝင် ပြည်သူများကို ၂၄ နာရီပတ်လုံး မီးပေးနိုင်ရန်အတွက် နောက်ထပ်လျှပ်စစ်ဓာတ်အားမဂ္ဂါဝပ် ၁၇၀ ထပ်မံလိုအပ်ဦးမည်ဟု လျှပ်စစ်စွမ်းအားဝန်ကြီးဌာနမှ သိရသည်။

လက်ရှိမြန်မာနိုင်ငံ၏ လျှပ်စစ်ဓာတ်အားခ ကောက်ခံမှုစနစ်သည် အစိုးရမှ စိုက်ထုတ်ကုန်ကျခံသော ကောက်ခံမှုစနစ်သာဖြစ်ပြီး တစ်ယူနစ်လျှင် နိုင်ငံတော်မှ ၁၀၀ ကျပ်ဖြင့် ဝယ်ယူကာ ပြည်သူကို ၃၅ ကျပ်ဖြင့် ပြန်လည်ရောင်းချသဖြင့် တစ်နှစ်လျှင် နိုင်ငံတော်ဘဏ္ဍာမှ ၁၈၅ ဘီလီယံခန့် စိုက်ထုတ်အရှုံးခံနေရကြောင်း လျှပ်စစ်စွမ်းအားဝန်ကြီးဌာန၏ စာရင်းဇယားများတွင် ဖော်ပြထားသည်။

“အခုလို နိုင်ငံတော်က စိုက်ထုတ်သုံးစွဲနေရတဲ့အတွက် ကုန်ကျစရိတ်တွေကို တတ်နိုင်သမျှ ကာမိအောင်နဲ့ လျှပ်စစ်ဓာတ်အားကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးကို ဆောင်ရွက်နိုင်အောင် လျှပ်စစ်ဓာတ်အားခနှုန်းထားတွေကို ပြင်ဆင်ရခြင်းဖြစ်ပါတယ်။ ဒီလိုပြင်ဆင်ရာမှာလည်း ရပ်ကွက်တွေထဲအထိ တစ်အိမ်တက်ဆင်း ပြည်သူများရဲ့ သဘောထားဆန္ဒနဲ့ အသံကိုခံယူပြီး ပြည်ထောင်စုလွှတ်တော်ကို ပြန်လည်တင်ပြဆွေးနွေးသွားမှာဖြစ်ပါတယ်” ဟု လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက ပြောကြားသည်။

အသေးစားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများအတွက် တစ်လလျှင် ယူနစ်ငါးထောင်အထိ တစ်ယူနစ် ၇၅ ကျပ်နှုန်း ယခင်က ကောက်ခံခဲ့ရာ အောက်တိုဘာ ၂၉ ရက်က တစ်ယူနစ်လျှင် ၁၀၀ ကျပ်နှုန်း၊ ယူနစ်ငါးထောင်အထက်ပိုမိုသုံးစွဲပါက တစ်ယူနစ်လျှင် ၁၅၀ ကျပ်နှုန်းပြင်ဆင်ခဲ့သည်။ မြန်မာနိုင်ငံတွင် ယူနစ်ငါးထောင်နှင့်အထက်အသုံးပြုသော စီးပွားရေးလုပ်ငန်းရှင် ၉၆၁၁ ဦးရှိသဖြင့် ဓာတ်အားသုံးစွဲသူ စုစုပေါင်း၏ ၀ ဒသမ ၃၅၉ ရာခိုင်နှုန်းသာရှိကြောင်း သိရသည်။

ရန်ကုန်နှင့်မန္တလေးမြို့များရှိ စီးပွားရေးလုပ်ငန်းရှင်များသည် လျှပ်စစ်ဓာတ်အားခများ တိုးမြှင့်ကောက်ခံခြင်းကို သဘောတူလက်ခံကြသော်လည်း ကောက်ခံမည့်အချိန်ကို ရွှေ့ဆိုင်းပေးရန် ဆန္ဒရှိကြပြီး လျှပ်စစ်မီးမှန်မှန်ရရှိရန် ဆောင်ရွက်ပေးရေးကို လျှပ်စစ်စွမ်းအားဝန်ကြီးဌာနထံ အကြံပြုတင်ပြထားကြောင်း ပြည်ထောင်စုဝန်ကြီးက ထည့်သွင်းပြောကြားခဲ့သည်။

အခမ်းအနားအပြီးတွင် တက်ရောက်လာသူအချို့အား သတင်းအဖွဲ့က တွေ့ဆုံမေးမြန်းခဲ့ပါသည်။

ဦးမောင်မောင်(အတွင်းရေးမှူး)
မြန်မာနိုင်ငံအလုပ်သမားသမဂ္ဂများအဖွဲ့ချုပ်

တိုင်းပြည်ဟာ အပြောင်းအလဲဖြစ်နေတဲ့အချိန်မှာတော့ အခက်အခဲအများကြီးရှိတယ်။ ဒ့ါအပြင် ကျွန်တော်တို့မမြင်သေးတာတစ်ခုကတော့ ၂၀၁၅ မှာ အာဆီယံမိသားစုအနေနဲ့ ငွေရေးကြေးရေးဈေးကွက်အနေနဲ့ အားလုံးပြောင်းဖို့ရှိတယ်။ အဲဒီမှာလည်း ကျွန်တော်တို့ဖြစ်ဦးမယ်။ ဒါကြောင့်မို့ အပြောင်းအလဲဖြစ်နေတာ ကိုယ့်တိုင်းပြည်တစ်ခုတည်းမှာတင်မဟုတ်သေးဘူး။ အာဆီယံဒေသတွင်းမှာလည်း ဖြစ်နေတယ်။ လျှပ်စစ်ဝန်ကြီး တင်ပြသွားတာကလည်း သူ့ဘက်က ကြည့်မယ်ဆိုရင်တော့ မှန်ပါတယ်။ သို့သော်လည်း ကိုယ့်ဘက်ကလည်း ကိုယ့်ဝင်ငွေနဲ့ကိုယ် မမျှဘူးဆိုတဲ့ကိစ္စရပ်ကို ဆန္ဒထုတ်ဖော်နေကြတယ်ပေ့ါ။ ဒီတော့ ပြန်ပြီးနှစ်ဖက်ညှိနှိုင်းပေးတာမျိုး ဖြစ်စေချင်တယ်။ ကျွန်တော်ကတော့ဖြစ်နေတဲ့စနစ်ကို သဘောကျတယ်။ ကျွန်တော်တို့ တဖြည်းဖြည်းနဲ့ ပွင့်လာပြီ။ အခုဒီလိုဆွေးနွေးပွဲလည်းဖြစ်တယ်။ ဒါမျိုးကို ကျွန်တော်သဘောကျပါတယ်။ ဒီမီတာခတိုးကောက်တဲ့အပေါ် ပိုက်ဆံမတတ်နိုင်တဲ့ကိစ္စကို မတတ်နိုင်ရင် မတတ်နိုင်ဘူးပြောရမယ်။ အခြားနိုင်ငံတွေမှာလည်း ကျောင်းသားတွေ၊ လူငယ်တွေ၊ ဝင်ငွေနည်းတဲ့ လူတွေဟာ မတတ်နိုင်ရင် ပြောကြတယ်။ အလုပ်ရှင်တွေကိုလည်း ဒီလိုပဲ ပြောပြထားရတယ်။ အားလုံးလည်း ထိခိုက်သွားမယ်။ သို့သော် ဒါမျိုးတွေ ထပ်ပြီးတော့ ကြုံနေရဦးမယ်လို့ အားလုံးကို ကျွန်တော်ပြောချင်ပါတယ်။

ဒီလိုမီတာခတွေ တိုးကောက်တဲ့အတွက်ကြောင့် ဆူပူမှုတွေဖြစ်မယ်လို့တော့ ကျွန်တော်မထင်ပါဘူး။ ဘာလို့လဲဆိုတော့ ကျွန်တော်တို့က ပြောရမယ်ဆိုရင် အခြားအိမ်နီးချင်းနိုင်ငံတွေမှာလည်း တိုးရတာပါပဲ။ ရခိုင်ပြည်နယ်မှာဆိုရင် မီတာခ တစ်ယူနစ်ကို ၄၀၀ ကျပ်လောက်ပေးရတယ်။ ရန်ကုန်မှာ ၃၅ ကျပ်ပေးရချိန်ပေ့ါ။ အကောင်းဆုံးက အခု မကျေနပ်ရင် မကျေနပ်ကြောင်း ထုတ်ဖော်ပြောလို့ ရတာမျိုးပေ့ါ။ ပြန်ပြီးတော့ ညှိနှိုင်းတာမျိုးကို ကျွန်တော်ကတော့ ဖြစ်စေချင်တယ်။ မကျေနပ်တဲ့ဟာကို ထုတ်ဖော်ခွင့်ရတာကိုပဲ ကျေးဇူးတင်တယ်။ မကျေနပ်ကြောင်း ထုတ်ဖော်ကြသူတွေကိုလည်း ကျေးဇူးတင်တယ်။ ညှိနှိုင်းပေးမယ်လို့ ပြောကြားတဲ့သူတွေကိုလည်း ကျေးဇူးတင်တယ်။

ပြောရမယ်ဆိုရင်တော့ မီးမပြတ်ဖို့က အဓိကအရေးကြီးတယ်။ ဒါမှ အလုပ်သမားတွေမှာ အလုပ်ရှိမယ်။ အလုပ်ရှင်တွေအတွက်လည်း ကောင်းမယ်။ အလုပ်သမားအတွက်လည်း အလုပ်ကောင်းမယ်။ ဥပမာ ဆန်စပါးပေါ်ချိန်မှာ မီးမပြတ်ဘူးဆိုရင် ဆန်စပါးလုပ်တဲ့သူတွေအတွက်ကောင်းမယ်။

ကုန်ဈေးနှုန်းတက်တဲ့ကိစ္စကတော့ ညှိနှိုင်းမှုပေ့ါဗျာ။ ပြုပြင်ပြောင်းလဲရေးလုပ်ရာမှာ၊ နိုင်ငံရေးအပြောင်းအလဲလုပ်ရာမှာ၊ စနစ်သစ်တစ်ခုကို ပြောင်းလဲရာမှာ တစ်နိုင်ငံလုံးအတွက်ရရှိအောင် ဆောင်ရွက်ရတဲ့ဟာမျိုးဆိုတော့ ဒီလိုမီတာခအပြောင်းအလဲတွေရှိမှာပါ။ ၂၀၁၅ မှာ အာဆီယံအသိုင်းအဝိုင်းထဲဝင်ရင် ကျွန်တော်တို့ နိုင်ငံအနေနဲ့ နောက်ဆုံးပိတ်ကနေ ဝင်ရောက်ရမယ်ဆိုလည်း မဖြစ်သေးဘူးလေ။

ဒါပေမယ့် ဝန်ကြီးစောစောက ဝန်ခံသွားသလိုပဲ အားလုံးကို သူမပြောပြနိုင်ခဲ့ဘူး။ အမှန်က မီဒီယာကိုသုံးပြီး သူပြောပြရမယ်။ သူဒီလိုအပြောင်းအလဲလုပ်မယ်ဆိုတာကို အနည်းဆုံး သုံးလလောက်ကြိုတင်ပြီး မီဒီယာကိုအသိပေးနေရမှာပေ့ါ။ ဒီလိုဘာကြောင့် ဈေးနှုန်းအပြောင်းအလဲလုပ်ရတယ်။ ကျွန်တော်

ဦးမောင်မောင်(အတွင်းရေးမှူး)
မြန်မာနိုင်ငံအလုပ်သမားသမဂ္ဂများအဖွဲ့ချုပ်

ဒေါ်မြင့်မြင့်ဝေ(ဥပဒေအကြံပေး)
မွန်ဒေသလုံးဆိုင်ရာ ဒီမိုကရေစီပါတီ

ဦးအောင်သန်းမြင့်
ဒီမိုကရက်တစ်ပါတီ(မြန်မာ)

ဦးမျိုးညွန့်
(ဒီမိုကရေစီနှင့် ငြိမ်းချမ်းရေးပါတီ)

တို့ဘယ်လောက်အထိတော့ မျှော်မှန်းတယ်အစရှိတဲ့အခြေအနေတွေကို သေချာရှင်းလင်းပြရမှာပေ့ါ။ အခုတော့သူဒီလိုလုပ်တော့လုပ်ခဲ့ပေမယ့် လူသိနည်းနေခဲ့တာကြောင့် ဒီလိုဖြစ်သွားရတာလို့ထင်ပါတယ်။

ဒေါ်မြင့်မြင့်ဝေ(ဥပဒေအကြံပေး)
မွန်ဒေသလုံးဆိုင်ရာ ဒီမိုကရေစီပါတီ

မီတာခတိုးမြှင့်ကောက်ခံမှုအပေါ်မှာ အန်တီ့အနေနဲ့ သဘောမကျပါဘူး။ ဘာကြောင့်လဲဆိုတော့ အရင်တုန်းက မီတာထိန်းသိမ်းခ ကောက်ခံခဲ့တာ နှစ်ပေါင်းများစွာပဲ။ ပြည်သူတွေက ဒါနဲ့ပတ်သက်ပြီး ဘာပြောကြလဲဆိုရင် ငါတို့ မီတာကို ငါတို့အိမ်မှာတပ်ထားတာ နှစ်ပေါင်းများစွာပဲ။ မီတာထိန်းသိမ်းစောင့်ရှောက်ခဆိုပြီး အသားလွတ်ပေးနေခဲ့ရတဲ့သဘောလို့ အန်တီတို့ကိုယ်တိုင်လည်း ခံစားခဲ့ရတယ်။ ဟိုတလောက မီတာထိန်းသိမ်းစောင့်ရှောက်ခကို ငွေကျပ် ၅၀၀ ဆိုပြီး ချလိုက်တဲ့အတွက် ဝမ်းသာသွားတယ်။ ဒီလိုချလိုက်ပြီးတော့ မကြာသေးဘူး အခုတော့ မီတာခကို ၃၅ ကျပ်ကနေ ၅၀ ကျပ်ကို တက်တော့မယ်ဆိုတော့ အရင်မီတာထိန်းသိမ်းခလျှော့ချပေးလိုက်တာနဲ့ မတန်အောင်ကိုတက်တယ်လို့ထင်တယ်။ ဒီလိုတိုးကောက်ရင် အိမ်တစ်အိမ်ကို ထောင်နဲ့ချီပြီး တက်မှာပဲ။

ဒီလိုမီတာခတက်ရင် ကုန်ဈေးနှုန်းတွေလည်းတက်မယ်။ ဘာကြောင့်လဲဆိုတော့ ရေခဲလိုဟာမျိုး၊ မီးနဲ့လုပ်ရတယ်။ အသားတွေ၊ ငါးတွေဆိုရေခဲရိုက်ရတယ်။ သူတို့တက်ရင် အပြင်မှာစားသောက်ကုန်တွေ၊ မီးနဲ့လုပ်ရတဲ့ပစ္စည်းတွေအားလုံးဈေးလိုက်တက်လာမယ်။ ဒါဆိုရင် ပြည်သူတွေအထူးသဖြင့် လက်လုပ်လက်စားလူတန်းစားတွေအပေါ်မှာပဲ လာပြီးအကျိုးသက်ရောက်မယ်။ နဂိုကတည်းက စီးပွားရေးအဆင်မပြေတဲ့ နိုင်ငံတွေထဲက တစ်နိုင်ငံဖြစ်တဲ့အတွက် ပြည်သူ့ဆန္ဒကို မကောက်ခံဘဲ မီတာခကို တိုးမြှင့်မယ်လို့ ကြေညာလိုက်တဲ့အတွက် မကျေနပ်တဲ့ခံစားချက်တွေ ဖြစ်နိုင်ပါတယ်။ ဒီအတွက်လည်း ပြည်သူတွေကို အပြစ်မပြောလိုပါဘူး။ ပြည်သူတွေထဲက ပြည်သူဖြစ်တဲ့အတွက် သူတို့ကိုလည်း နားလည်ခံစားပေးနိုင်ပါတယ်။

မီးလည်းမှန်မှန်မရဘူး။ မီတာခကိုလည်း တိုးပြီးကောက်ခံမယ်ဆိုရင်တော့ ပြည်သူတွေမခံမရပ်နိုင်တာ အဆိုးမဆိုသာပါဘူး။ ဒီလိုမျိုးလုပ်ရင် ပြည်သူတွေရဲ့အသံကို နားထောင်ပြီး လုပ်ချင်တဲ့ဆန္ဒထက်ကို လုပ်သင့်သလား၊ လုပ်လို့ရရဲ့လားဆိုတာ သေချာပြန်လည်သုံးသပ်ပြီး လျှပ်စစ်ဝန်ကြီးဌာနအနေနဲ့ တက်သင့်မတက်သင့်ကို ပြန်လည်ဆုံးဖြတ်စေချင်ကြောင်း ပြောကြားလိုပါတယ်။

ဦးဦးလှစော
(ရခိုင်အမျိုးသားတိုးတက်ရေးပါတီ RNDP)

လျှပ်စစ်မီတာခတွေတိုးတဲ့အတွက်ကြောင့် အစိုးရဘက်ကသူတို့ရဲ့ အခက်အခဲတွေလည်းရှင်းပြတယ်။ ကျွန်တော်တို့ ရခိုင်ပြည်နယ်မှာ လျှပ်စစ်မီးပြဿနာက တောက်လျှောက်ရှိနေတယ်။ ဒီမှာက ၃၅ ကျပ်နဲ့ ၅၀ လောက်ပဲ တက်တာ၊ ကျွန်တော်တို့ရခိုင်ပြည်နယ်မှာက တစ်ယူနစ်ကို ၄၅၀ နဲ့ ၅၀၀ ကြား တောက်လျှောက်ပေးနေရတာ။ အဲဒီကိစ္စတွေကိုမေးတော့ သူတို့ဘက်ကလည်း ဖြေရှင်းပေးချင်တဲ့အပိုင်းတွေရှိတယ်။ ကျွန်တော် မကြာမီက ရခိုင်ပြည်နယ်ကပြန်လာတော့ ဓာတ်တိုင်တွေစိုက်နေတာ တွေ့တယ်။ ကြိုးတွေသွယ်နေတာတွေ့တယ်။ လျှပ်စစ်မီးရတော့မယ်လို့ ဝန်ကြီးကပြောတယ်။ ၂၀၁၄ မှာ မဟာဓာတ်အားလိုင်းကနေ ရခိုင်ကို လျှပ်စစ်ဓာတ်အားပေးဖို့ အကောင်အထည်ဖော်လာနိုင်တယ်လို့ပြောတယ်။ ကတိကဝတ်တစ်ခုနဲ့ သူပြောထားပါတယ်။ ဒါကိုဝမ်းသာတယ်။

ဦးအောင်သန်းမြင့်
ဒီမိုကရက်တစ်ပါတီ(မြန်မာ)

ဝန်ကြီးရှင်းပြတာက ချက်ချင်းမတိုးသေးဘူး၊ ဘာလုပ်မလဲဆိုတော့ ရပ်ကွက်ထဲမှာ တစ်အိမ်တက်ဆင်းပြည်သူ့ဆန္ဒတွေကို ကောက်ခံမယ်။ အဲဒီဆန္ဒပေါ်မှာ မူတည်ပြီးတော့ လွှတ်တော်မှာ တင်သွင်းမယ်။ လွှတ်တော်မှာ တင်သွင်းဆွေးနွေးပြီးမှ ဆက်လက်လုပ်ဆောင်မယ်။ အရမ်းမလုပ်ပါဘူးလို့ သူကကတိပေးသွားတယ်။ သူ့အစီအစဉ်ပြောသွားတော့ ကျေနပ်သွားတယ်။

ဒီအစည်းအဝေးမှာ နိုင်ငံရေးအဖွဲ့အစည်းတွေက ပုဂ္ဂိုလ်တချို့ပြောတာကတော့ မြန်မာနိုင်ငံက စွမ်းအင်တွေရောင်းတယ်။ ရေနံတို့ လျှပ်စစ်တို့ကနေ ပိုက်ဆံတွေရတယ်။ ဒါတွေကို ထည့်ပြီးသုံးသင့်တယ်လို့ အကြံပြုကြတယ်။ ဒါက စွမ်းအင်ကဏ္ဍတစ်ခုတည်း အမြင်ကိုကြည့်ပြီး ခြုံပြောတာပေ့ါ။ ဒါပေမယ့် နိုင်ငံတော်ဘတ်ဂျက်ဆိုတော့ ကျန်းမာရေးတို့ အစရှိတဲ့နေရာတွေမှာလည်း သုံးရတာကိုး၊ ဒီတော့ နိုင်ငံတကာကုန်သွယ်ရေးလုပ်ပြီး ရရှိလာတဲ့ဟာကို သုံးလိုက်ရင်တော့ ပြည်သူအပေါ်မှာ အစိုးရရဲ့ပံ့ပိုးလည်း ကောင်းသွားမှာပေ့ါ။ နောက်တစ်ခုက သမ္မတကြီး လမ်းညွှန်ထားတဲ့ ဆင်းရဲမှုလျှော့ချရေးစီမံချက်တို့ကို ထိခိုက်တာပေ့ါ၊ နိုင်ငံသားတွေရဲ့ သက်သာခွင့်ကိုလည်း သမ္မတကြီးက အရေးကြီးဦးစားပေးခဲ့တာပဲ။ ကုန်ဈေးနှုန်းက အစိုးရက စပြီးတက်လိုက်တာနဲ့ ပုဂ္ဂလိကက ခေါင်းရွက်ဗျပ်ထိုးကစပြီး လိုက်တက်တယ်။ အစိုးရတစ်ဦးချင်းအပေါ်မှာ ပြားစွန်း၊ ကျပ်စွန်းတစ်ယူနစ်အပေါ်မှာပြောပြီး တက်ပေမယ့် စက်မှုလုပ်ငန်းသမားကတော့ တက်လာတဲ့အပေါ်မှာ ထုတ်လုပ်တဲ့ကုန်ပစ္စည်းပေါ် ပြန်တင်လိုက်မယ်။ သူတို့အတွက် အရှုံးမရှိဘူး၊ ဒါပေမယ့် စားသုံးသူတွေအတွက်ကတော့ အရာရာမှာ ကွာဟချက်တွေ ရင်ဆိုင်ရမှာပါ။ ရှင်းလင်းပွဲမှာ အခုဝန်ကြီးပြောထားတာက ရပ်ကွက်တွေထဲ ဆင်းမယ်။ ပြည်သူ့အသံကို နားထောင်မယ်ပေ့ါ။ ဒါကောင်းပါတယ်။

ဦးမျိုးညွန့်
(ဒီမိုကရေစီနှင့်ငြိမ်းချမ်းရေးပါတီ)

လျှပ်စစ်ဓာတ်အားခတိုးလာမှ မဟုတ်ဘူး။ ဘယ်ကုန်ဈေးနှုန်းတက်တာမှ မကောင်းဘူး၊ စားသုံးသူပြည်သူတွေ ဒုက္ခရောက်မယ်။ ဒါယေဘုယျအမြင်ပါ။ ဒါပေမယ့် လျှပ်စစ်ဓာတ်အားတိုးမြှင့်တာနဲ့ပတ်သက်ပြီး အပိုင်းနှစ်ပိုင်းရှိပါတယ်။ ပြည်သူတွေအတွက် ပြည်တွင်းလျှပ်စစ်သုံးစွဲမှုနဲ့ စက်ရုံအလုပ်ရုံသုံးစွဲမှုနှစ်ပိုင်းမှာ စက်မှုလုပ်ငန်းရှင်တွေက အခုတိုးမြှင့်လိုက်တဲ့ငွေကြေးနဲ့ လျှပ်စစ်မီးမလာလို့ ကိုယ့်မီးစက်နဲ့မောင်းရတာ ဘာမှမထူးဘူး၊ ကာမိတယ်။ ဒါကြောင့် စက်မှုဇုန်တွေနဲ့ ပတ်သက်ပြီး ဓာတ်အားခတိုးမြှင့်ခြင်းဟာ ဘာမှမကွာဘူး၊ သို့သော်ကုန်ထုတ်သူများက အဲဒါအကြောင်းပြုပြီး ကုန်ပစ္စည်းတွေဈေးတင်ရင် ပြည်သူလူထုဒုက္ခရောက်မယ်။ သို့သော်ဝန်ကြီးက ပြည်တွင်းသုံးဈေးကို နဂိုကတည်းက နှစ်ဆတိုးဖို့ရှိတယ်။ ဒါပေမယ့် နည်းနည်းပဲတိုးခဲ့တယ်တဲ့။ အခုမတိုးမဖြစ်လို့ တိုးလိုက်တယ်လို့ ရှင်းပြသွားတယ်။ အစိုးရရဲ့ အထွေထွေစက်ယန္တရားလည်ပတ်မှုအတွက် အခွန်အခတွေအပေါ်မှာ ယူရတာဖြစ်ပါတယ်။ အခုမီတာခ တိုးကောက်တယ်၊ ဆိုင်းငံ့နိုင်ရင်ဆိုင်းငံ့၊ မရတော့မှ ဆက်သွား။ ဒါတွေကိုကာမိအောင် အခွန်ရှောင်နေတဲ့လုပ်ငန်းရှင်ကြီးတွေကို အခွန်ချောရအောင် ကောက်စေချင်ပါတယ်။

ပြည်တွင်းသတင်း

နိုင်ငံရေးအကျဉ်းသားများလွတ်မြောက်ရန် နိုင်ငံရေးပါတီများ၊ လူမှုအဖွဲ့အစည်းများ၊ အစိုးရပါဝင်သောအဖွဲ့များနှင့် အင်တိုက်အားတိုက်ဆောင်ရွက်လျက်ရှိ

ရန်ကုန် နိုဝင်ဘာ ၁၀

သမ္မတရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးစိုးသိန်းနှင့် ဦးအောင်မင်းတို့သည် ယနေ့နံနက် ၁၀ နာရီခွဲတွင် ရန်ကုန်မြို့ ရွှေလီလမ်းရှိ မြန်မာနိုင်ငံငြိမ်းချမ်းရေး ပြန်လည်ထူထောင်ရေးလုပ်ငန်းဗဟိုဌာန၌ နိုင်ငံရေးပါတီများနှင့် တွေ့ဆုံ၍ လက်နက်ကိုင်တိုင်းရင်းသားများနှင့် ငြိမ်းချမ်းရေး၊ လက်ကျန်နိုင်ငံရေးအကျဉ်းသားများ လွတ်မြောက်ရေးတို့နှင့် ပတ်သက်၍ ဆွေးနွေးခဲ့ကြသည်။

ထိုသို့တွေ့ဆုံရာတွင် ပြည်ထောင်စုဝန်ကြီး ဦးအောင်မင်းက **(အောက်ပုံ)**နိုဝင်ဘာလဆန်းပိုင်းက လိုင်ဇာတွင်ပြုလုပ်ခဲ့သော လက်နက်ကိုင်တိုင်းရင်းသားအဖွဲ့ ၁၇ ဖွဲ့နှင့် တွေ့ဆုံဆွေးနွေးပွဲမှ ရရှိလာသော ရလဒ်များသည်အောင်မြင်မှုများပင်ဖြစ်ကြောင်း၊ လက်ရှိမြန်မာနိုင်ငံတွင်ဖြစ်ပေါ်နေသော ပြည်တွင်းပဋိပက္ခများသည် နိုင်ငံရေးအရမဖြေရှင်းနိုင်၍ လက်နက်ကိုင် တိုက်ပွဲဝင်နေရခြင်းဖြစ်ကြောင်း၊ ဖက်ဒရယ်ဖြစ်လာပါက ဖက်ဒရယ်နှင့် ညီညွတ်သည့် တပ်မတော်ဖြစ်လာမည်ဖြစ်ကြောင်း၊ လာမည့်ဒီဇင်ဘာ ဒုတိယအပတ် ကရင်ပြည်နယ်၌ ပြုလုပ်မည့် တိုင်းရင်းသားလက်နက်ကိုင်များနှင့် တွေ့ဆုံဆွေးနွေးပွဲတွင် အောင်မြင်မှုရရှိမည်ဟု ယုံကြည်ကြောင်း ပြောကြားခဲ့သည်။

"နိုင်ငံတော်က ခွဲမထွက်ဖို့ မြန်မာနိုင်ငံရဲ့ အချုပ်အခြာအာဏာကို ထိပါးစေမယ့် အကြောင်းမျိုး ကလွဲရင် ဘယ်လိုအဖွဲ့အစည်းမျိုးနဲ့မဆို ကြိုက်တဲ့နေရာမှာ ကြိုက်သလို ဆွေးနွေးနိုင်ပါတယ်"ဟု ၎င်းကဆက်လက်ပြောကြားခဲ့သည်။

နိုင်ငံရေးအကျဉ်းသားများ လွတ်မြောက်ရန်အတွက် နိုင်ငံရေးပါတီများ၊ အရပ်ဘက်လူမှုအဖွဲ့အစည်းများ၊ အစိုးရပါဝင်သော အဖွဲ့များနှင့် အင်တိုက်အားတိုက် ဆောင်ရွက်လျက်ရှိပြီး ဒီဇင်ဘာလတွင် လက်ကျန်နိုင်ငံရေးအကျဉ်းသားများ စေလွှတ်နိုင်ရေးကို အစည်းအဝေးများကျင်းပ၍ လုပ်ဆောင်သွားမည်ဖြစ်သည်။ "နိုင်ငံရေးအကျဉ်းသား ဆိုတဲ့နေရာမှာလည်း တကယ့်နိုင်ငံရေးအကျဉ်းသားဖြစ်ရပါမယ်။ ပြည့်စုံမှုရှိရင် သမ္မတကြီးကို တင်ပြမယ်။ အဲလို တင်ပြနိုင်ဖို့ တာဝန်ယူတဲ့ ကော်မတီတစ်ခုကို ဖွဲ့စည်းသွားပါမယ်"ဟု သမ္မတရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးစိုးသိန်းက ပြောကြားသည်။

ရှင်းလင်းတင်ပြ

ယနေ့မြန်မာနိုင်ငံ ငြိမ်းချမ်းရေး ပြန်လည်ထူထောင်ရေးလုပ်ငန်း ဗဟိုဌာနတွင် ပြုလုပ်သော တစ်နိုင်ငံလုံး ငြိမ်းချမ်းရေး၊ နိုင်ငံရေးအကျဉ်းသားများ လွတ်မြောက်ရေး ဆွေးနွေးပွဲသို့ နိုင်ငံရေးပါတီ ၂၅ ခုမှ ကိုယ်စားလှယ်များနှင့် တစ်သီးပုဂ္ဂလ လေးဦးတို့တက်ရောက်ခဲ့သည်။ အဆိုပါတွေ့ဆုံဆွေးနွေးပွဲတွင် လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်စိုးတက်ရောက်ခဲ့ပြီး လျှပ်စစ်ခ‌ောတ်အား သုံးစွဲခတိုးမြှင့်ကောက်ခံခြင်းနှင့် စပ်လျဉ်းပြီး တက်ရောက်လာကြသူများနှင့် သတင်းမီဒီယာများအား ရှင်းလင်းတင်ပြခဲ့သည်။ **(သတင်းစဉ်)**

မြို့ရွာများတည်ငြိမ်အေးချမ်းမှ မြို့ရွာများဖွံ့ဖြိုးတိုးတက်နိုင်မည်

ဒေသ၏လူမှုစီးပွားဖွံ့ဖြိုးတိုးတက်ရေး ဌာနဆိုင်ရာနှင့် ဒေသခံပြည်သူများ ဝိုင်းဝန်းကြိုးပမ်း

ပြည်ထောင်စုဝန်ကြီး ဦးလှထွန်း ကျောက်ပန်းတောင်းမြို့နယ် ပုပ္ပားလွင်အုပ်စု ချိုင်းကျေးရွာ ဘုန်းတော်ကြီးကျောင်းဝင်းအတွင်း၌ ဒေသခံပြည်သူများနှင့်တွေ့ဆုံ၍ အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

နေပြည်တော် နိုဝင်ဘာ ၁၀

သမ္မတရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးလှထွန်းနှင့် ကျောက်ပန်းတောင်းမြို့နယ် မြို့နယ်စီမံခန့်ခွဲမှုကော်မတီ၊ မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေး အထောက်အကူပြုကော်မတီ၊ မြို့နယ်စည်ပင်သာယာရေး ကော်မတီများနှင့် တွေ့ဆုံညှိနှိုင်း အစည်းအဝေးကို နိုဝင်ဘာ ၉ ရက် မွန်းလွဲ ၁၂ နာရီခွဲတွင် ကျောက်ပန်းတောင်းမြို့နယ် အစည်းအဝေးခန်းမ၌ ကျင်းပရာ ပြည်ထောင်စုဝန်ကြီး ဦးလှထွန်းနှင့် ဌာနဆိုင်ရာအရာရှိကြီးများ၊ မြင်းခြံခရိုင် အုပ်ချုပ်ရေးမှူး၊ ကျောက်ပန်းတောင်းမြို့နယ် အုပ်ချုပ်ရေးမှူးနှင့် မြို့နယ်စီမံခန့်ခွဲမှု ကော်မတီဝင်များ၊ မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေး အထောက်အကူပြု ကော်မတီဝင်များ၊ မြို့နယ်စည်ပင်သာယာရေး ကော်မတီဝင်များ၊ မြို့နယ်အဆင့်ဌာနဆိုင်ရာ တာဝန်ရှိသူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီးက ဒေသခံပြည်သူများနှင့် လူမှုရေး၊ စီးပွားရေး အဖွဲ့အစည်းအသီးသီးမှ အများဆန္ဒဖြင့် ညှိနှိုင်းရွေးချယ်သည့် ပုဂ္ဂိုလ်များ အပါအဝင် မြို့နယ်အဆင့်ဌာနဆိုင်ရာ ဝန်ထမ်းများ ပါဝင်သော မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေး အထောက်အကူပြုကော်မတီကို လည်းကောင်း၊ ရပ်ကွက်၊ ကျေးရွာအုပ်စုဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရန် ရပ်ကွက်၊ ကျေးရွာအုပ်စု ဖွံ့ဖြိုးတိုးတက်ရေး အထောက်အကူပြု ကော်မတီကို လည်းကောင်း အသီးသီးဖွဲ့စည်းဆောင်ရွက်စေလျက်ရှိကြောင်း၊ ဒေသခံပြည်သူများ၊ မြို့မိမြို့ဖ ကိုယ်စားလှယ်များထဲမှ အများဆန္ဒဖြင့် ရွေးချယ်သူများပါဝင်သည့် မြို့နယ်စည်ပင်သာယာရေး ကော်မတီကို လည်း ဖွဲ့စည်းနိုင်ရေးစီစဉ်ဆောင်ရွက်လျက်ရှိကြောင်း၊ တစ်ချိန်တည်းတွင် စီးပွားရေး၊ လူမှုရေး၊ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ အောင်မြင်စွာ အကောင်အထည်ဖော်နိုင်ရေးအတွက် ခရိုင်နှင့်မြို့နယ်စီမံခန့်ခွဲမှုကော်မတီများကိုလည်း နိုင်ငံ့ဝန်ထမ်းများဖြင့် ဖွဲ့စည်းဆောင်ရွက်သွားရန် တာဝန်ပေးအပ်ခဲ့ကြောင်း။

နယ်မြေဒေသအလိုက် လုံခြုံရေး၊ တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးအတွက် မြို့နယ်စီမံခန့်ခွဲမှုကော်မတီ၏ ကွပ်ကဲမှုဖြင့် ဖွဲ့စည်းထားသည့် လုံခြုံရေးနှင့်တည်ငြိမ်အေးချမ်းရေးလုပ်ငန်း ကော်မတီအနေဖြင့် မြို့နယ်မှ ရွေးချယ်တင်မြှောက်ထားသည့် လွှတ်တော်ကိုယ်စားလှယ်များ၊ ပါတီအဖွဲ့အစည်းများ၊ ဘာသာရေး၊ လူမှုရေးအဖွဲ့အစည်းများ၏ အကြံဉာဏ်နှင့် အကူအညီရယူ၍ ပူးပေါင်းဖြေရှင်း ဆောင်ရွက်ရန် ဖြစ်ကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် သက်ဆိုင်ရာ မြို့နယ်ကော်မတီဝင်များ၏ တင်ပြချက်များအပေါ် ပြည်ထောင်စုဝန်ကြီးက ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးသည်။

ပြည်ထောင်စုဝန်ကြီး ဦးလှထွန်းက နိဂုံးချုပ်အမှာစကား ပြောကြားရာတွင် မြို့ရွာများတည်ငြိမ်အေးချမ်းမှ မြို့ရွာများ ဖွံ့ဖြိုးတိုးတက်နိုင်မည်ဖြစ်၍ အေးချမ်းစွာ အတူတကွ ယှဉ်တွဲနေထိုင်တတ်ရေး၊ ရပ်ရွာစည်းကမ်းများ လေးစားလိုက်နာရေးအတွက် မြို့နယ်အတွင်း တရားဥပဒေလေးစားလိုက်နာရေး ဆော်ဩပညာပေးခြင်း၊ လုံခြုံရေးနှင့် တည်ငြိမ်အေးချမ်းရေးအတွက် နှောင့်ယှက်ဖျက်ဆီးသူများအား ချက်ချင်းတားဆီးခြင်း၊ ဖမ်းဆီးခြင်း၊ ဥပဒေချိုးဖောက်မှုများကို တရားဥပဒေအရ ထိရောက်စွာ အမြန်အရေးယူခြင်းတို့ကို ဆောင်ရွက်သွားခြင်းဖြင့် တရားဥပဒေစိုးမိုးရေး ဆောင်ရွက်ရမည်ဖြစ်ကြောင်း ပြောကြားသည်။

ညနေပိုင်းတွင် စကားဝါမြေဖောင်ဒေးရှင်းနာယကပြည်ထောင်စုဝန်ကြီးသည် စကားဝါမြေဖောင်ဒေးရှင်းအဖွဲ့ဝင်များနှင့်တွေ့ဆုံ၍ ပြည်သူတို့၏ လူနေမှုအဆင့်အတန်း ပိုမိုမြင့်မားကောင်းမွန်လာစေရေးနှင့်ကျေးလက်ဒေသဖွံ့ဖြိုးရေး လုပ်ငန်းများတွင် ကူညီထောက်ပံ့ပေးရန် စကားဝါမြေဖောင်ဒေးရှင်း၏ ကောင်းမြတ်သည့်ရည်ရွယ်ချက်များ၊ ဆောင်ရွက်ခဲ့ပြီးသော အစဉ်အလာကောင်းများနှင့်အညီ ဆက်လက် ဖော်ဆောင်သွားရန် တိုက်တွန်းမှာကြားသည်။

နိုဝင်ဘာ ၁၀ ရက် နံနက်ပိုင်းက ပြည်ထောင်စုဝန်ကြီးသည် ပုပ္ပားလွင်အုပ်စု ချိုင်းကျေးရွာ ဘုန်းတော်ကြီးကျောင်းဝင်းအတွင်း၌ ချိုင်းရွာကျေးရွာ၊ ကံဇတ်ကုန်းကျေးရွာ၊ ငါးရံ့ကုန်းကျေးရွာတို့မှ ဒေသခံပြည်သူများနှင့် တွေ့ဆုံပြီး ကျေးရွာစာကြည့်တိုက်များအတွက် သုတရသစာအုပ်များနှင့် စားသောက်ဖွယ်ရာများ ပေးအပ်လှူဒါန်းသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးက နိုင်ငံတော်အစိုးရအနေဖြင့် ဒေသခံပြည်သူများအတွက် လူမှုရေး၊ စီးပွားရေး၊ ပညာရေး၊ ကျန်းမာရေး စသည့်ကဏ္ဍများ ပိုမိုတိုးတက်မြင့်မားစေရန် ရည်ရွယ်၍ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိကြောင်း၊ ဒေသ၏ လူမှုစီးပွားရေး ဖွံ့ဖြိုးတိုးတက်စေရေးအတွက် ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် ဒေသခံပြည်သူများအားလုံးက တက်ညီလက်ညီ အင်တိုက်အားတိုက် ဝိုင်းဝန်းကြိုးပမ်း သွားရန်ဖြစ်ကြောင်းဖြင့် ပြောကြားကာ တက်ရောက်လာသူ ဒေသခံပြည်သူများအား ရင်းရင်းနှီးနှီးနှုတ်ဆက်ခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

GREEN ဖိတ်ခေါ်ကာတွန်းပြိုင်ပွဲ ကျင်းပမည်

ရန်ကုန် နိုဝင်ဘာ ၁၀

တတိယအကြိမ်မြောက် Green Economy, Green Growth, GEGG-Myanmar(not for profile)Association မှ ကျင်းပမည့် GEGG ဖိုရမ်ကို နိုဝင်ဘာ ၂၀ ရက်တွင် နေပြည်တော် MICC ၌ လည်းကောင်း၊ နိုဝင်ဘာ ၂၁ ရက်နှင့် ၂၂ ရက်တို့တွင် ရန်ကုန်တက္ကသိုလ် စိန်ရတုခန်းမ၌ လည်းကောင်း ကျင်းပမည်ဖြစ်ရာ ယင်း GEGG ဖိုရမ်တွင် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ ကာတွန်းပြိုင်ပွဲ ဆုပေးပွဲကို ထည့်သွင်းကျင်းပမည်ဖြစ်ကြောင်း သိရသည်။

ယင်းသို့ယှဉ်ပြိုင်ရာတွင် ကာတွန်း ပထမဆုကို ငွေကျပ် ၁၀ သိန်း၊ ဒုတိယ ဆုကိုငွေကျပ်ငါးသိန်း၊ တတိယဆုကိုငွေကျပ်သုံးသိန်း၊ နှစ်သိမ့်ဆု နှစ်ဆုကို ငွေကျပ်တစ်သိန်းစီ ချီးမြှင့်မည်ဖြစ်ကြောင်း သိရသည်။

ဝင်ရောက်ယှဉ်ပြိုင်မည့် ကာတွန်းများသည် Green Economy, Green Growth ဟူသည့် အတိုင်း သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့်ထာဝစဉ်တည်တံ့သော စီးပွားဖြစ်ထွန်းမှုဟန်ချက်ညီရေး ဦးတည်သည့် ထိမိသောအကြောင်းအရာ ကာတွန်းများဖြစ်ရမည်၊ ထို့ပြင် ကာတွန်းဆရာများအနေဖြင့် အမည်ရင်း၊ ကလောင်အမည်၊ နိုင်ငံသားစိစစ်ရေးအမှတ်၊ ဆက်သွယ်ရမည့် လိပ်စာ၊ ဖုန်းနံပါတ်၊ အီးမေးလ်၊ ကိုယ်တိုင်ရေးဆွဲသောကာတွန်းဖြစ်ကြောင်းနှင့် မည်သည့်နေရာတွင်မှ မသုံးစွဲဖူးသေးကြောင်း ဝန်ခံချက်တို့ဖြင့် နိုဝင်ဘာ ၁၇ ရက်နောက်ဆုံးထားပေးပို့ရန်ဖြစ်သည်။

ကာတွန်းများကို ရန်ကုန်မီဒီယာဂရု(ပ်)အမှတ်(၃၅/ဘီ ၁၅)ဒုတိယထပ် တက္ကသိုလ်ရိပ်သာလမ်းသစ် ဗဟန်း ရန်ကုန်မြို့သို့ လိပ်မူ၍ ပေးပို့နိုင်ကြောင်း ကာတွန်းအရွယ်အစားမှာ (၁၅×၂၀)လက်မ အရွယ်ဖြစ်ပြီး ဆုရကာတွန်းများကို GEGG ၏ မူပိုင်အဖြစ် အသုံးပြုသွားမည်ဖြစ်ကြောင်း သိရသည်။ **(သတင်းစဉ်)**

လူကုန်ကူးမှု တိုက်ဖျက်ရေး လူတိုင်းကိုယ်စီ သတင်းပေး

ပြည်တွင်းသတင်း

ကမ္ဘာ့ဆီးချိုသွေးချိုရောဂါကာကွယ်ထိန်းသိမ်းရေးနေ့
(နိုဝင်ဘာလ ၁၄ ရက်၊ ၂၀၁၃ ခုနှစ်)
ဆီးချိုသွေးချိုကာကွယ်ဖို့ လူငယ်များကို ပညာပေးစို့
Diabetes:Protect our future

ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင် အင်ဂိုလာလွတ်လပ်ရေးနေ့ သဝဏ်လွှာပေးပို့

နေပြည်တော် နိုဝင်ဘာ ၁၁

၂၀၁၃ ခုနှစ် နိုဝင်ဘာ ၁၁ ရက်တွင် ကျရောက်သော အင်ဂိုလာသမ္မတနိုင်ငံ၏ လွတ်လပ်ရေးနေ့အတွက် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်ထံမှ အင်ဂိုလာသမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီး မစ္စတာ ဂျော့ချ် ရီဘီလို ချီကိုတီထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။ **(သတင်းစဉ်)**

ပညာရေးမြှင့်တင်ဆောင်ရွက်ချက်များနှင့်စပ်လျဉ်း၍ ရှင်းလင်းပွဲကျင်းပ

ရန်ကုန် နိုဝင်ဘာ ၁၀

ပညာရေး မြှင့်တင်ဆောင်ရွက်ချက်များနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြချက်ကို ယနေ့မွန်းလွဲ ၂ နာရီတွင် ရန်ကုန်မြို့ ကမာရွတ်မြို့နယ်ရှိ ရန်ကုန်တက္ကသိုလ်စိန်ရတုခန်းမ၌ကျင်းပရာ အဆင့်မြင့်ပညာဦးစီးဌာန(အောက်မြန်မာပြည်)ညွှန်ကြားရေးမှူးချုပ် ဦးဇော်ဌေးတက်ရောက်ရှင်းလင်းပြောကြားသည်။

ညွှန်ကြားရေးမှူးချုပ် ဦးဇော်ဌေးက ရှင်းလင်းပြောကြားရာတွင် ပညာရေး မြှင့်တင်မှုဆောင်ရွက်ချက်များကို နိုင်ငံတော်အစိုးရသစ် စတင်တာဝန်ယူခဲ့သည့် အချိန်ကတည်းက ကြိုးပမ်းဆောင်ရွက်ခဲ့တာဖြစ်ကြောင်း။

နိုင်ငံတော်အစိုးရသစ် စတင်တာဝန်ယူခဲ့သည့် ၂၀၁၁ ခုနှစ် မတ် ၃၀ ရက်တွင် နိုင်ငံတော်သမ္မတကြီးက လွှတ်တော်၌ မိန့်ကြားခဲ့သော မိန့်ခွန်းတွင် ပညာရေးနှင့် ပတ်သက်သော လမ်းညွှန်ချက်(၁၀)ရပ်ပါဝင်ခဲ့ကြောင်း၊ ယင်းလမ်းညွှန်ချက်နှင့်အညီ ပညာရေးပြုပြင်ပြောင်းလဲ အဆင့်မြှင့်တင်ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းများအတွက် ဆွေးနွေးပွဲ အကြိမ်ကြိမ် ကျင်းပအကောင်အထည်ဖော်ခဲ့ကြောင်း။

ကျင်းပခဲ့သည့် ဆွေးနွေးပွဲများမှာ နေပြည်တော်ဝန်ကြီးရုံး၌ ၂၀၁၁ ခုနှစ် မေလတွင် ဝန်ကြီးဌာနအဆင့် ပထမအကြိမ် အလုပ်ရုံဆွေးနွေးပွဲ၊ ၂၀၁၂ ခုနှစ် ဇွန်လတွင် ဝန်ကြီးဌာနအဆင့် ဒုတိယအကြိမ်အလုပ်ရုံဆွေးနွေးပွဲ၊ ဩဂုတ်လတွင် ဝန်ကြီးဌာနအဆင့်ဆွေးနွေးပွဲ၊ မန္တလေးတက္ကသိုလ် ဘွဲ့နှင်းသဘင်ခန်းမ၌ မန္တလေးတိုင်းဒေသကြီး ဒေသန္တရအဆင့်ဆွေးနွေးပွဲ၊ ရန်ကုန်တက္ကသိုလ်စိန်ရတုခန်းမ၌ ရန်ကုန်တိုင်းဒေသကြီး ဒေသန္တရအဆင့်ဆွေးနွေးပွဲနှင့် စက်တင်ဘာလတွင် နေပြည်တော်ဝန်ကြီးရုံး၌ ပညာရေးကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအမျိုးသားအဆင့်ဆွေးနွေးပွဲကို ကျင်းပခဲ့ကြောင်း။

အဆိုပါ အဆင့်ဆင့်ဆွေးနွေးခဲ့သော ဆွေးနွေးပွဲများမှ အကြံပြုချက်များကိုအခြေခံကာ အခြေခံပညာကဏ္ဍတွင် ရေ့လုပ်ငန်းစဉ် (၁၂)ရပ်နှင့် အဆင့်မြင့်ပညာကဏ္ဍတွင် ရှေ့လုပ်ငန်းစဉ်(၁၃)ရပ်ကို ချမှတ်ကာ ဦးစီးဌာနအလိုက်တက္ကသိုလ်/ကောလိပ်များတွင်အကောင်အထည်ဖော် ဆောင်ရွက်ဆဲဖြစ်ပါကြောင်း။

နိုင်ငံတော် သမ္မတကြီးသည် ပညာရေးအပေါ် ပြည်သူတွေရဲ့ ဖြစ်ချင်နေတဲ့ ဆန္ဒတွေကိုကောင်းစွာ နားလည်ပြီး ဖြည့်ဆည်းပေးဖို့လမ်းညွှန်ခဲ့ကြောင်း၊ ဒါကြောင့်“လက်တွေ့ကျသောပညာရေးပြုပြင်ပြောင်းလဲမှုဆိုင်ရာဆွေးနွေးပွဲ”ကို နေပြည်တော်ရှိ MICC ခန်းမ၌ ၂၀၁၃ ခုနှစ် အောက်တိုဘာ ၇ ရက်နေ့က ကျင်းပခဲ့ပြီး နိုင်ငံတော်သမ္မတကြီးကိုယ်တိုင် တက်ရောက်အဖွင့်အမှာစကားပြောကြားခဲ့ကြောင်း။

ပညာရေး ပြုပြင်ပြောင်းလဲမှုဆိုင်ရာ လမ်းညွှန်ချက်(၂)ရပ်ကိုလည်း ချမှတ်လမ်းညွှန်ခဲ့ကြောင်း။

ယင်းလမ်းညွှန်ချက် (၂) ရပ်မှာ မြန်မာ့ပညာရေးကော်မတီတစ်ရပ်ကို ဖွဲ့စည်းဆောင်ရွက်ဖို့၊ ပညာရှင်များရဲ့ အကြံဉာဏ်များကို စုစည်းပြီး ချက်ချင်းဆောင်ရွက်ရမယ့် Action Plan နဲ့ ရေရှည်ဆောင်ရွက်ရမယ့် Action Plan ရေးဆွဲဆောင်ရွက်ဖို့ဖြစ်ကြောင်း၊ ဆွေးနွေးပွဲတွင် စာတမ်းခြောက်စောင် ဖတ်ကြားဆွေးနွေးအကြံပြုပြီး ဆွေးနွေးပွဲရလဒ်အဖြစ် ရှေ့လုပ်ငန်းစဉ်(၁၉)ရပ်ညှိနှိုင်းရရှိခဲ့ကြောင်း။

ယခင်က ပညာရေးမြှင့်တင်မှုဆောင်ရွက်ချက်တွေ မြောက်မြားစွာရှိခဲ့သော်လည်း ယခုအခါ မဖြစ်မနေ အမြန်ဆုံး ဆောင်ရွက်ရန် အခြေအနေပေးလာသည့်အတွက် ပညာရေးမြှင့်တင်မှု အကောင်အထည်ဖော်ရေးလုပ်ငန်းများကို အရှိန်အဟုန်ဖြင့် အားစိုက်ဆောင်ရွက်လျက်ရှိကြောင်း။

နေပြည်တော်၌ ကျင်းပခဲ့တဲ့ လက်တွေ့ကျသော ပညာရေးပြုပြင်ပြောင်းလဲမှုဆိုင်ရာ ဆွေးနွေးပွဲမှ ရရှိသည့်ရလဒ်များအပေါ် ညှိနှိုင်းဆွေးနွေးပွဲများကို ၂၀၁၃ ခုနှစ် အောက်တိုဘာ ၁၂ ရက်တွင် ရန်ကုန်တက္ကသိုလ် စိန်ရတုခန်းမ၌ ပညာရေးဝန်ကြီးဌာန ခေတ္တပြည်ထောင်စုဝန်ကြီး ဦးဆောင်ကာ ရှေ့လုပ်ငန်းစဉ်(၁၉) ရပ်ကို ဆွေးနွေးအတည်ပြုခဲ့ကြကြောင်း။

အဆိုပါဆွေးနွေးပွဲနှင့်တစ်ပြိုင်တည်းတွင် စိန်ရတုခန်းမ၌ သမ္မတရုံးဝန်ကြီးဌာနပြည်ထောင်စုဝန်ကြီး ဦးတင်နိုင်သိန်းနှင့် ပညာရေးဝန်ထမ်းများ၊ ပြင်ပပညာရေးအဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ တွေ့ဆုံ၍ လွတ်လပ်ပွင့်လင်းစွာဆွေးနွေးခဲ့ကြကြောင်း။

ပြည်ထောင်စုအစိုးရအဖွဲ့က ၂၀၁၃ ခုနှစ် အောက်တိုဘာ ၁၈ရက်တွင် သမ္မတရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်နိုင်သိန်း၊ ဥက္ကဋ္ဌအဖြစ်ပါဝင်သည့် ပညာရေးမြှင့်တင်မှုအကောင်အထည်ဖော်ရေးကော်မတီကို အဖွဲ့ဝင် ၂၇ ဦးဖြင့် ဖွဲ့စည်းခဲ့ကြောင်း။

ထို့ပြင် ပြည်ထောင်စုအစိုးရအဖွဲ့သည် အစိုးရဌာနဆိုင်ရာများဖြင့် ဖွဲ့စည်းထားသည့် သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဥက္ကဋ္ဌအဖြစ်ပါဝင်သည့် အဖွဲ့ဝင် ၄၃ ဦးပါ အထူးလုပ်ငန်းအဖွဲ့ (Task Force)၊ ဦးသန်းဦး၊ ဦးစိုင်းအောင်ထွန်းတို့ နာယကအဖြစ်ဆောင်ရွက်သည့်အဖွဲ့ဝင် ၃၄ ဦးပါ အကြံပေးအဖွဲ့ (Advisory Board)ကို ဖွဲ့စည်းခဲ့ကြောင်း။

၂၀၁၃ ခုနှစ် အောက်တိုဘာ ၂၀ ရက်တွင် ရန်ကုန်တက္ကသိုလ်စိန်ရတုခန်းမ၌ ပညာရေးမြှင့်တင်မှုအကောင်အထည်ဖော်ရေးကော်မတီဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဦးတင်နိုင်သိန်းသည် ပညာရေး မြှင့်တင်မှုလုပ်ငန်းများ ထိရောက်အောင်မြင်စွာ အကောင်အထည်ဖော်နိုင်ရေးအတွက် အထူးလုပ်ငန်းအဖွဲ့(Task Force)နှင့် အကြံပေးအဖွဲ့(Advisory Board) တို့နှင့်လည်းကောင်း၊ လုပ်ငန်းအဖွဲ့ (Working Group)(၁၇)ဖွဲ့၏ ခေါင်းဆောင် ၃၆ ဦး၊ အဆင့်မြင့်ပညာဘာသာရပ် သင်ရိုးညွှန်းတမ်းပြုစုရေးဆော်ဩသူများနှင့် အခြေခံပညာ သင်ရိုးညွှန်းတမ်းပြုစုရေးအဖွဲ့ဝင်များ၊ CESR သင်ရိုးညွှန်းတမ်းအဖွဲ့ဝင်များအားလည်းကောင်း တွေ့ဆုံဆွေးနွေးခဲ့ကြောင်း။

အောက်တိုဘာ ၂၅ ရက်နှင့် ၂၆ ရက်တို့တွင် တက္ကသိုလ်စိန်ရတုခန်းမ၌ပင် အထူးလုပ်ငန်းအဖွဲ့ဥက္ကဋ္ဌ၊ သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက အထူးလုပ်ငန်းအဖွဲ့၊ အကြံပေးအဖွဲ့နှင့် လုပ်ငန်းအဖွဲ့ခေါင်းဆောင်များအား တွေ့ဆုံဆွေးနွေးခဲ့ကြောင်း။

ပညာရေးမြှင့်တင်မှုအကောင်အထည်ဖော်ရေးကော်မတီဥက္ကဋ္ဌ၏ လမ်းညွှန်ချက်နှင့်အညီ ပညာရေး မြှင့်တင်မှုဆိုင်ရာ လုပ်ငန်းများကို အနီးကပ်ညှိနှိုင်း ဆွေးနွေးဆုံးဖြတ်ဆောင်ရွက်နိုင်ရန် တက္ကသိုလ်စိန်ရတုခန်းမ၌ လုပ်ငန်းအဖွဲ့ (Working Group) (၁၈)ဖွဲ့အတွက် လုပ်ငန်းများ ဆောင်ရွက်လျက်ရှိကြောင်း။

ပညာရေးမြှင့်တင်မှုအကောင်အထည်ဖော်ရေး ကော်မတီ၏ ရည်မှန်းချက်မှာ Task Force, Advisory Board တို့၏ အကြံပြုချက်နှင့်အညီ Working Group များက အမျိုးသားပညာရေးမူဝါဒ (Policy)ကို ညှိနှိုင်းရေးဆွဲကာ ဥပဒေပြုစုရေးဆိုင်ရာ လုပ်ငန်းအဖွဲ့သို့ ပေးအပ်ပြီး ဥပဒေပြုစုရေးဆိုင်ရာလုပ်ငန်းအဖွဲ့က အမျိုးသားပညာရေးဥပဒေ(မူကြမ်း)ကို ရေးဆွဲပြုစုရန်နှင့် ရေးဆွဲထားသော အမျိုးသားပညာရေး ဥပဒေ(မူကြမ်း)ရေးဆွဲစဉ်နှင့် ရေးဆွဲပြီးနောက် ပြည်သူများ၊ ပညာရှင်များ၊ ပညာရေးနှင့် ပတ်သက်သူများ၊ Stakeholders များ၊ မီဒီယာများအား ချပြကာ အကြံပြုချက်များကို ကျယ်ကျယ်ပြန့်ပြန့်ရယူ၍ ပညာရေးမြှင့်တင်မှု အကောင်အထည်ဖော်ရေးကော်မတီ အထူးလုပ်ငန်းအဖွဲ့ အကြံပေးအဖွဲ့နှင့်လုပ်ငန်းအဖွဲ့က အဖွဲ့များပြန်လည်ညှိနှိုင်းပြီး ရရှိလာသော အမျိုးသားပညာရေးဥပဒေ (မူကြမ်း)ကို အစိုးရအဖွဲ့နှင့် လွှတ်တော်သို့တင်ပြအတည်ပြုချက်ရယူထုတ်ပြန်သွားမည်ဖြစ်ကြောင်း။

အစည်းအဝေးတစ်ခုချင်းစီ၏ ရလဒ်တွေကို သမ္မတကြီးက အလွန်စိတ်ဝင်စားသည့်အတွက် ပြည်ထောင်စု ဝန်ကြီးဦးတင်နိုင်သိန်းက ချက်ချင်းအစီရင်ခံ တင်ပြလျက်ရှိကြောင်း၊ ပညာရေးမြှင့်တင်မှု အကောင်အထည်ဖော်ရေးကော်မတီ၊ Task Force Advisory Board Working Group တို့အနေဖြင့် စဉ်ဆက်မပြတ်ဆွေးနွေးပွဲ (၁၃)ကြိမ် ကျင်းပခဲ့ပြီးဖြစ်ကြောင်း၊ Working Group (၁၈) ဖွဲ့က အသေးစိတ် ဆွေးနွေးဆောင်ရွက်လျက်ရှိကြောင်း၊ Working Group တစ်ခုစီ၏ ရုပ်မြင်သံကြားဆွေးနွေးခန်းများကိုလည်း မကြာမီရိုက်ကူးတင်ဆက်သွားမှာ ဖြစ်ကြောင်း၊ Working Group (၁၈) ဖွဲ့၏ လုပ်ကိုင်ဆောင်ရွက်နေမှုတို့ကို လေ့လာနိုင်ကြောင်းပြောကြားပြီး တက်ရောက်လာသူ မီဒီယာများ၏မေးမြန်းချက်များကိုပြန်လည် ရှင်းလင်းသည်။ **(သတင်းစဉ်)**

※ ရှေ့ဖုံးမှ

(က) တောင်-မြောက်လမ်းများ

(၁) ထောက်ကြန့်လမ်းဆုံမှ ပြည်လမ်းအတိုင်း၊ ၎င်းမှ ဘုန်းကြီးလမ်းနှင့် ကမ်းနားလမ်းဆုံအထိ

(၂) အင်းစိန်ဘူတာရုံလမ်းနှင့် အင်းစိန်လမ်းဆုံ (ဘီအိုစီမှတ်တိုင်အနီးမှ) အင်းစိန်လမ်းအတိုင်း လှည်းတန်းလမ်းဆုံအထိ

(၃) အောက်မင်္ဂလာဒုံလမ်းနှင့် ဘုရင့်နောင်လမ်းဆုံမှ ဘုရင့်နောင်လမ်းအတိုင်း သမိုင်းဘူတာရုံလမ်း၊ ရွာမကျောင်းလမ်းဆုံ၊ ၎င်းမှ ဘုရင့်နောင်လမ်းအတိုင်း လှည်းတန်းလမ်းနှင့် နာနတ်တောလမ်းဆုံအထိ

(၄) လှည်းတန်းလမ်းနှင့် နာနတ်တောလမ်းဆုံမှ ကြည့်မြင်တိုင် ကမ်းနားလမ်းအတိုင်း၊ ဝါးတန်းလမ်းနှင့်ကမ်းနားလမ်းဆုံအထိ

(၅) လမ်းသစ်လမ်းနှင့် ဗဟိုလမ်းဆုံ(အင်းစိန်ပန်းခြံ)မှ ဗဟိုလမ်းအတိုင်း သမိုင်းဘူတာရုံလမ်းဆုံ၊ ပါရမီလမ်းဆုံ၊ အုတ်ကျင်းဘူတာရုံလမ်းဆုံ၊ ၎င်းမှရွာမကျောင်းလမ်းမှတစ်ဆင့် ဗဟိုလမ်းအတိုင်း ဟံသာဝတီလမ်းအထိ

(၆) ပြည်လမ်းနှင့် မင်းဓမ္မလမ်းဆုံမှ မင်းဓမ္မလမ်းအတိုင်းပါရမီလမ်းဆုံအထိ

(၇) ပြည်လမ်းနှင့်အင်းလျားလမ်းဆုံမှ အင်းလျားလမ်းအတိုင်း ဓမ္မစေတီလမ်းအထိ

(၈) ကျွန်းတောလမ်းနှင့် နာနတ်တောလမ်းဆုံမှ ကျွန်းတောလမ်းအတိုင်း ဟံသာဝတီလမ်းအထိ

(၉) ဟံသာဝတီအဝိုင်းမှ ဦးဝိစာရလမ်းအတိုင်း၊ ဓမ္မစေတီလမ်းဆုံ၊ ဦးဝိစာရအဝိုင်း၊ ၎င်းမှတစ်ဆင့် ရွှေတိဂုံဘုရားလမ်းအထိ

(၁၀) ဗိုလ်ချုပ်အောင်ဆန်းလမ်းနှင့် ရွှေဘုံသာလမ်းဆုံမှ ရွှေဘုံသာလမ်းအတိုင်း ကမ်းနားလမ်းအထိ

(၁၁) ကန်ရိပ်သာလမ်းနှင့် အထက်ပန်းဆိုးတန်းလမ်းဆုံမှ အထက်ပန်းဆိုးတန်းလမ်း၊ ၎င်းမှ ပန်းဆိုးတန်းလမ်းအတိုင်း ကမ်းနားလမ်းအထိ

(၁၂) ကန်ရိပ်သာလမ်းနှင့် သိမ်ဖြူလမ်းဆုံမှ သိမ်ဖြူလမ်းအတိုင်း ကမ်းနားလမ်းအထိ

(၁၃) မြောက်ဥက္ကလာပမြို့နယ်၊ ဝေဘာဂီလမ်းနှင့် သုဓမ္မာလမ်းဆုံ (၆ ကွေ့ ဝေဇယန္တာလမ်းအနီး)မှ သုဓမ္မာလမ်းအတိုင်း၊ ၎င်းမှ ဝေဇယန္တာလမ်းအတိုင်း ဧရာဝဏ်လမ်း သုဝဏ္ဏတံတားအထိ၊ ၎င်းမှ ဧရာဝဏ်လမ်း၊ မင်းနန္ဒာလမ်း၊ ၎င်းမှ မင်းနန္ဒာလမ်း ယမုံနာလမ်းနှင့်မင်းနန္ဒာလမ်းဆုံအထိ၊ ၎င်းမှ မင်းနန္ဒာလမ်း၊ မဟာဗန္ဓုလတံတားမှ ဗိုလ်တထောင်ဈေးလမ်း အောက်ပုဇွန်တောင်လမ်းဆုံအထိ

(၁၄) သယ်ာင်းကျွန်းမြို့နယ်၊ လေးဒေါင့်ကန်လမ်းဆုံ (ပြည်ထောင်စုခုံးကျော်တံတား)မှ သံသုမာလမ်းအတိုင်း သမိန်ဗရမ်းလမ်းဆုံ(ကြက်ဘဲဈေး) ရှေ့အထိ

(၁၅) သမိန်ဗရမ်းလမ်းနှင့် သံသုမာလမ်းဆုံ(ကြက်ဘဲဈေး)ရှေ့မှ အထက်ပုဇွန်တောင်လမ်းအတိုင်း ဗိုလ်ချုပ်လမ်းနှင့် အောက်ပုဇွန်တောင်လမ်းဆုံ၊ ၎င်းမှ အောက်ပုဇွန်တောင်လမ်းအတိုင်း သန်လျက်စွန်းအထိ

(၁၆) တောင်ဥက္ကလာပမြို့နယ်၊ ပါရမီလမ်းနှင့် သံသုမာလမ်းဆုံမှ သံသုမာလမ်းအတိုင်း လေးဒေါင့်ကန်လမ်းဆုံ (ပြည်ထောင်စုခုံးကျော်တံတား)၊ ၎င်းမှ လေးထောင့် ကန်လမ်းအတိုင်း အရှေ့မြင်းပြိုင်ကွင်းလမ်း၊ ၎င်းမှ အရှေ့မြင်းပြိုင်ကွင်းလမ်းအတိုင်း တာမွေမီးပွိုင့်၊ ရွှေဂုံတိုင်လမ်းနှင့် သမိန်ဗရမ်းလမ်းဆုံအထိ

(ခ) အရှေ့/အနောက်လမ်း

(၁) မင်္ဂလာဒုံမြို့နယ်၊ အမှတ်(၃)လမ်းမကြီးနှင့် ခရေပင်လမ်းဆုံမှ ခရေပင်လမ်းအတိုင်း၊ ပြည်လမ်းဆုံ၊ အောင်မင်္ဂလာလမ်းဆုံမှတစ်ဆင့် ရွှေပြည်သာတံတားအထိ

(၂) အင်းစိန်မြို့နယ်၊ ပြည်လမ်းနှင့် လမ်းသစ်လမ်းဆုံမှ လမ်းသစ်လမ်းအတိုင်း (အာလိန်ငါးဆင့်လမ်း) ဗဟိုလမ်းဆုံ၊ ၎င်းမှ လှိုင်မြစ်လမ်းအတိုင်း အောင်ဇေယျတံတားအထိ

(၃) မရမ်းကုန်း(၈)မိုင်လမ်းဆုံမှ ကမ္ဘာအေးဘုရားလမ်းအတိုင်း၊ ၎င်းမှ ကိုယ့်မင်းကိုယ့်ချင်းလမ်းနှင့် နန္ဒဝန်လမ်းဆုံအထိ၊ ၎င်းမှ ကိုယ့်မင်းကိုယ့်ချင်းလမ်း၊ ဗဟန်းလမ်း၊ ဦးထောင်ဘိုအဝိုင်းမှတစ်ဆင့် တိရစ္ဆာန်ဥယျာဉ်လမ်း၊ ၎င်းမှ အလံပြ ဘုရားလမ်းအတိုင်း ဆူးလေဘုရားလမ်းနှင့် ကမ်းနားလမ်းဆုံအထိ

(၄) ဆူးလေဘုရားလမ်းမှ ဂျိုးဖြူလမ်း၊ ၎င်းမှ တိရစ္ဆာန်ဥယျာဉ်လမ်းနှင့် ဗိုလ်မင်းခေါင်လမ်းဆုံအထိ

(၅) မရမ်းကုန်း(၈)မိုင်လမ်းဆုံမှ ကျိုက်ဝိုင်းဘုရားလမ်းအတိုင်း အင်းစိန်လမ်းဆုံ၊ ၎င်းမှသမိုင်းဘူတာရုံလမ်းအတိုင်း ဘုရင့်နောင်တံတားအထိ

(၆) ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ ပင်လုံလမ်းနှင့်ဦးဝိစာရလမ်းဆုံမှ ပါရမီလမ်းအတိုင်း ဝေဇယန္တာလမ်းဆုံ၊ ကမ္ဘာအေးဘုရားလမ်းဆုံ၊ ပြည်လမ်းဆုံ၊ အင်းစိန်လမ်းဆုံ၊ ဗဟိုလမ်းဆုံမှတစ်ဆင့် ဘုရင့်နောင်လမ်းဆုံအထိ

(၇) ဆရာစံလမ်းနှင့်တက္ကသိုလ်ရိပ်သာလမ်းဆုံမှ တက္ကသိုလ်ရိပ်သာလမ်းအတိုင်း လှည်းတန်းလမ်းဆုံအထိ

(၈) လှည်းတန်းလမ်းဆုံမှ လှည်းတန်းလမ်းအတိုင်း ကြည့်မြင်တိုင်ကမ်းနားလမ်းဆုံအထိ

(၉) ပြည်လမ်းနှင့်နာနတ်တောလမ်းဆုံမှ နာနတ်တောလမ်းအတိုင်း ကြည့်မြင်တိုင် ကမ်းနားလမ်းဆုံအထိ

(၁၀) ဟံသာဝတီအဝိုင်းမှ ဟံသာဝတီလမ်းအတိုင်း ကျွန်းတောလမ်းဆုံ၊ ဗဟိုလမ်းဆုံမှတစ်ဆင့် ကြည့်မြင်တိုင်ကမ်းနားလမ်းအထိ

(၁၁) အောင်ရတနာလမ်းနှင့် ကမ်းနားလမ်းသစ်မှ ကမ်းနားလမ်းသစ်အတိုင်း သန်လျက်စွန်းလမ်းဆုံအထိ

(၁၂) ဗားကရာလမ်းနှင့်ဓမ္မစေတီလမ်းဆုံမှ ဗားကရာလမ်းအတိုင်း ကမ်းနားလမ်းဆုံအထိ

(၁၃) ကမ္ဘာအေးဘုရားလမ်းနှင့်ဓမ္မစေတီလမ်းဆုံမှ ဓမ္မစေတီလမ်းအတိုင်း ၎င်းမှ ရှင်စောပုလမ်းအတိုင်း ဗဟိုလမ်းဆုံအထိ

(၁၄) ဦးဝိစာရအဝိုင်းမှ အလုံလမ်းအတိုင်း ဗဟိုလမ်းအထိ

(၁၅) ဦးဝိစာရအဝိုင်းမှ ဦးထောင်ဘိုလမ်းအတိုင်း ဦးထောင်ဘိုအဝိုင်း၊ ၎င်းမှ ကန်ရိပ်သာလမ်းအတိုင်း နတ်မောက်လမ်းအထိ

(၁၆) အောက်ကြည့်မြင်တိုင်လမ်းနှင့်အောင်ရတနာလမ်းဆုံမှ ဗိုလ်ချုပ်အောင်ဆန်းလမ်းအတိုင်း အထက်ပုဇွန်တောင်လမ်းဆုံအထိ

(၁၇) ကမ်းနားလမ်းနှင့်အနော်ရထာလမ်းဆုံမှ အနော်ရထာလမ်းအတိုင်း အောက်ပုဇွန်တောင်လမ်းအထိ

(၁၈) ကမ်းနားလမ်းနှင့်မဟာဗန္ဓုလလမ်းဆုံမှ မဟာဗန္ဓုလလမ်းအတိုင်း ယမုံနာလမ်းဆုံအထိ

(၁၉) ကမ်းနားလမ်းနှင့်ကုန်သည်လမ်းဆုံမှ ကုန်သည်လမ်းအတိုင်း မေယုလမ်းဆုံအထိ

(၂၀) အောက်ကြည့်မြင်တိုင် ကမ်းနားလမ်းနှင့်ကမ်းနားလမ်းသစ်ဆုံမှ ကမ်းနားလမ်းအတိုင်း သန်လျက်စွန်းအထိ

(၂၁) ဦးထောင်ဘိုကုန်းအဝိုင်းမှ ဗဟန်းလမ်း၊ ၎င်းမှ နတ်မောက်လမ်းအတိုင်း ကန်ရိပ်သာလမ်းဆုံ၊ ၎င်းမှကန်ရိပ်သာလမ်းအတိုင်း ဦးထောင်ဘိုအဝိုင်းအထိ

၄။ အထက်ဖော်ပြပါ ယာဉ်မရပ်ရနယ်မြေအတွင်း ယာဉ်ရပ်နားခြင်းပြုပါက ရပ်နားသည့်ယာဉ်ကို ဆွဲယာဉ်ဖြင့် သတ်မှတ်ထားသော ယာဉ်ရပ်နားစခန်းသို့ သယ်ယူသွားမည်ဖြစ်သည်။ ယာဉ်ပိုင်ရှင်အနေဖြင့် သတ်မှတ်ထားသော ဆွဲယာဉ်ခကို ပေးဆောင်ရမည့်အပြင် ရန်ကုန်မြို့တော်စည်ပင်သာယာရေးဥပဒေအရလည်း အရေးယူခြင်းခံရမည်။

၅။ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီမှ ပလက်ဖောင်းများနှင့် ကားလမ်းအကြား တိုးချဲ့၍ဆောင်ရွက်ထားသော ယာဉ်ရပ်နားရန် ပြုလုပ်ထားသည့်နေရာများတွင် ယာဉ်ရပ်နားခရယူ၍ ယာယီခွင့်ပြုပေးမည်ဖြစ်ပြီး သင့်တော်သောကာလတွင် ယာယီရပ်နားခွင့်ကို ပိတ်သိမ်းမည်ဖြစ်ပါသည်။ ထို့အပြင် ကျန်ရှိသောလမ်းများကိုလည်း ယာဉ်ရပ်နားခြင်းအား တစ်ဆင့်ပြီးတစ်ဆင့် ပိတ်ပင်အရေးယူဆောင်ရွက်သွားမည်ဖြစ်သည်။

၆။ သို့ဖြစ်ပါ၍ ရန်ကုန်မြို့တော်အား မြို့တော်အင်္ဂါရပ်နှင့်ညီညွတ်စေရေး၊ လမ်းပန်းဆက်သွယ်မှုလုံခြုံချောမွေ့စေရေးတို့အတွက် ယာဉ်ပိုင်ရှင်များ၊ ယာဉ်မောင်းများအနေဖြင့် အထက်ဖော်ပြပါ ယာဉ်မရပ်ရနယ်မြေ သတ်မှတ်ခြင်းအား တိကျစွာလိုက်နာကြရန်နှင့် မရပ်ရနယ်မြေများတွင် ယာဉ်များရပ်နားမှုမရှိစေရေး ပူးပေါင်းပါဝင်ဆောင်ရွက်ကြပါရန် အသိပေးကြေညာပါသည်။

တိုင်းဒေသကြီးအစိုးရအဖွဲ့
ရန်ကုန်တိုင်းဒေသကြီး

ဆောင်းပါးနှင့်ပြည်တွင်းသတင်း

ဗိုလ်တထောင်၊ နံပါတ်၊ လက်ယာ၊ ယောက်ျား

မောင်ခင်မင်(ဓနုဖြူ)

'မြန်မာ့အလင်း'မှာ ကျွန်တော်ရေးနေသော ဆောင်းပါးများကို ဖတ်မိသူအချို့က သူတို့မေးလိုသော ပြဿနာများကို ကျွန်တော့်ဆီဖုန်းဆက်ပြီး မေးကြပါသည်။ ကျွန်တော်က တတ်စွမ်းသမျှ ပြန်ဖြေခဲ့ပါသည်။ တစ်ယောက်က မေးသည်။

"ကိန်းဂဏန်းအရေအတွက် 'တစ်' လို့ အဓိပ္ပာယ်ရရင် စသတ်ထည့်ပြီး 'တစ်' လို့ရေးရတယ်ဆိုပြီး 'ဗိုလ်တထောင်ဘုရား'ကျတော့ ဘာဖြစ်လို့ 'ဗိုလ်တစ်ထောင်'လို့ မရေးကြတာလဲ" တဲ့။ မြန်မာစာလုံးပေါင်း သတ်ပုံကျမ်းမှာ၊ 'ဗိုလ်တထောင်' ရော 'ဗိုလ်တစ်ထောင်' ရော မပါတာဘာကြောင့်လဲ" တဲ့။ ပြီးတော့ "စာလုံးပေါင်းသတ်ပုံစည်းကမ်းတွေ ဘာကြောင့်သတ်မှတ်ရတာလဲ" တဲ့။ မြန်မာစာလုံးပေါင်းသတ်ပုံကျမ်းမှာ လူနာမည်၊ အရပ်ဒေသနာမည်စသော ကိုယ်ပိုင်နာမည်များကို မည်သို့မည်ပုံရေးရမည်ဟူ၍ သတ်မှတ်ပြဋ္ဌာန်းခြင်းမပြုပါကြောင်း ပြန်ဖြေရပါသည်။ စာလုံးပေါင်းသတ်ပုံကျမ်းတွင်ပါသောစာလုံးများသည် အများနှင့်ဆိုင်သော အများသုံးစာလုံးများဖြစ်သည့်အတွက် စာလုံးပေါင်း တညီတညွတ်တည်းဖြစ်စေရန် သတ်မှတ်ပြဋ္ဌာန်းရခြင်းဖြစ်သည်။ ခေတ်အဆက်ဆက်တွင် စာလုံးပေါင်းသတ်ပုံ တစ်ညီတည်းဖြစ်ရန် ဘုရင်မင်းများကိုယ်တိုင် အမိန့်တော်များ ထုတ်ပြန်ပြဋ္ဌာန်းသည့် အစဉ်အလာရှိသည်။ အထူးသဖြင့် ကုန်းဘောင်ခေတ်တွင် အလောင်းမင်းတရားကြီး၏ အမိန့်တော်များ၌ စာလုံးပေါင်းသတ်ပုံဆိုင်ရာ အမိန့်တော်များပါသည်။ ဘိုးတော်ဘုရား (ပဒုံမင်း)ကလည်း စာလုံးပေါင်းသတ်ပုံမှန်ကန်ရေးအတွက် လိုက်နာရေးသားရမည့် သတ်ပုံသတ်ညွှန်းကျမ်းများ၊ မေးမြန်းရမည့်ပညာရှင်များကို အမိန့်တော်များတွင် ပြဋ္ဌာန်းထားသည်။ သီပေါမင်းနန်းတက်စတွင် ပညာရှင်အားလုံးပါဝင်သောအဖွဲ့က အစည်းအဝေးကျင်းပပြီး သတ်ပုံကျမ်း ၄၀ ကျော်ကို စိစစ်၍ မည်သည့်ကျမ်းကို အာဂုံဆောင်ရမည်။ မည်သည့်ကျမ်းကို ကြည့်စာအဖြစ်လေ့လာရမည်။ မည်သည့်ကျမ်းကို ပယ်ရမည် စသည်ဖြင့် ဆုံးဖြတ်ပြဋ္ဌာန်းခဲ့သည်။ နောက်ပိုင်းတွင် အစိုးရအဆက်ဆက်သည်လည်း သတ်ပုံကျမ်းများကို ပြဋ္ဌာန်းပေးသည်။ ၁၉၈၀ ကျော်တွင် မြန်မာစာအဖွဲ့က ပြုစုသော မြန်မာစာလုံးပေါင်းသတ်ပုံကျမ်းအတိုင်း လိုက်နာရေးသားရန် နိုင်ငံတော်အစိုးရက အမိန့်ကြော်ငြာစာထုတ်ပြီး ပြဋ္ဌာန်းပေးခဲ့သည်။ ဤသို့ မင်းများ၊ အစိုးရများကိုယ်တိုင် အလေးထား၍ သတ်မှတ်ပြဋ္ဌာန်းပေးခြင်းမှာ တညီတညွတ်တည်း ဖြစ်စေလိုသောကြောင့် ဖြစ်သည်။

ကျွန်တော်က စာလုံးပေါင်းသတ်ပုံ တညီတညွတ်တည်းသတ်မှတ်ရသည့် ရည်ရွယ်ချက်ကိုရှင်းပြပြီး ဆက်ပြောရပါသည်။ ကိုယ်ပိုင်နာမည်များမှာ အစဉ်အဆက်သုံးလာသော စာလုံးပေါင်းများသည် အသုံးတွင်ကျယ်ပြီးသားဖြစ်နေသည်။ အများက ကျယ်ကျယ်ပြန့်ပြန့်သုံးခဲ့သော အစဉ်အလာရှိသည်။ အချို့နာမည်များတွင် နောက်ခံဖြစ်ရပ်များလည်းရှိသည်။ ထို့ကြောင့် ကိုယ်ပိုင်နာမည်များကို တွင်ကျယ်ပြီးသား စာလုံးပေါင်းအတိုင်း ထားသင့်သည့်အတွက် 'ဗိုလ်တထောင်ဘုရား'၊ 'ထန်းတပင်မြို့' စသောအမည်များ ကို 'ဗိုလ်တစ်ထောင်' 'ထန်းတစ်ပင်' ဟု စသတ်မထည့်ဘဲ မူလအတိုင်းထားခြင်းဖြစ်ပါသည်။

"နောက်ခံအကြောင်းရှိနိုင်တယ်ဆိုတာက ရန်ကုန်က 'သဃ်န်းကျွန်း' ဆိုတဲ့မြို့နယ်နာမည်ကို အစဉ်အဆက် 'သဃ်န်း'လို့ 'ဃ'နဲ့ ရေးခဲ့ပါတယ်" ရဟန်းတော်တွေရဲ့ 'သင်္ကန်း' နဲ့ဆိုင်မယ်ထင်ပြီး 'သင်္ကန်းကျွန်း'လို့ မပြင်သင့်ဘူးလားလို့ တချို့ကပြောကြတယ်။ 'သဃ်န်းကျွန်း' ဟာ 'သဃ်ာကျွန်း' ဆိုတဲ့စကားက ဆင်းသက်တယ်ဆိုတဲ့ အယူအဆလည်းရှိပါတယ်။ ဒါ့ကြောင့် မူလအတိုင်း 'သဃ်န်းကျွန်း' လို့ရေးတာပဲ သင့်တော်တယ်လို့ထင်ပါတယ်" ဟု သာဓကဆောင်ရပါသည်။

နောက်တစ်ယောက်ကမေးသည်။ "မရန်းသီးကို နသတ်နဲ့ရေးရတာ သတ်ပုံကျမ်းမှာတွေ့ပါတယ်" မရမ်းကုန်းမြို့နယ်ကျတော့ ဘာဖြစ်လို့ မသတ်နဲ့ရေးတာပါလဲ"တဲ့။

"ဒါလည်း. . . တွင်ပြီးသား အရေးအသားကို မပြောင်းသင့်တဲ့အတွက် မပြောင်းတဲ့သာဓကတစ်ခုပါပဲ။ ကျွန်တော် အဲဒီလိုမှတ်သားမိပါတယ်" ဟု ဖြေလိုက်ပါသည်။ "မရမ်းကုန်းကို မရန်းကုန်းလို့ပြောင်းရမယ်ဆိုရင် ဆိုင်းဘုတ်တွေ အကုန်လိုက်ပြင်ရတာနဲ့တင် တော်တော်ပြဿနာတက်မယ် ထင်ပါတယ်" ဟု ရယ်စရာပြောလိုက်ပါသည်။

နောက်မေးခွန်းတစ်ခုကလည်း စိတ်ဝင်စားစရာကောင်းသည်။ "နံပါတ်ဆိုတဲ့စာလုံးကို 'နံပတ်'၊ 'နံဗတ်' လို့ရေးလို့မရဘူးလား'တဲ့။ ပါဠိစာလုံးလိုလို ပစောက်မှာ ရေးချထည့်ပြီး 'ပါတ်' လို့ ဘာဖြစ်လို့ရေးတာလဲ" တဲ့။

"နံပါတ်" မှာ Number ဟူသောအင်္ဂလိပ်စကားလုံးကို မြန်မာမှုပြုထားသောစကားလုံးဖြစ်ကြောင်း အများသိပါသည်။ အသံထွက်အရ 'နံပတ်၊ နံဗား' တို့နှင့်နီးစပ်သော်လည်း အစဉ်အဆက်က 'နံပါတ်'ဟု ရေးခဲ့ကြသည့်အတွက် တွင်ပြီးသားစာလုံးပေါင်းအတိုင်း ဆက်သုံးခြင်းဖြစ်ပါသည်။ ထို့အတူ Christian ကို မြန်မာမှုပြုထားသော 'ခရစ်ယာန်' ကိုလည်း ယမှာ ရေးချထည့်ရေးသည်ကို တွေ့ရပါသည်။ ယခင်က municipal ဟူသော စကားလုံးကို 'မြူနီစီပါယ်' ဟု အသံလှယ်ဖူးပါသည်။ ဤသို့ ရေးချကလေးထည့်ရေးခြင်းမှာ မြန်မာစကားလုံးစစ်စစ်မဟုတ်ဘဲ မွေးစားစကားလုံးဖြစ်ကြောင်း သိသာအောင် ရေးခြင်းဖြစ်ကြောင်း ပညာရှင်တစ်ဦးက ပြောဖူးပါသည်။

နောက်တစ်ယောက်က "အရင်တုန်းက 'လက်ျာ' လို့ ရေးတဲ့စာလုံးကို အခု 'လက်ယာ'လို့ရေးတာတွေ့ရပါတယ်၊ ဘာကြောင့်ပါလဲ"ဟု မေးသည်။

'လက်ယာ'မှာ မူလစာလုံးဟောင်းဖြစ်ပါသည်။ 'လက်ဝဲ လက်ယာ'ဟု တွဲသုံးပါသည်။ 'လည်းကောင်း' ကို '၎င်း' ဟု အတိုကောက်ရေးသကဲ့သို့ 'လက်ယာ' ကို 'လက်ျာ' ဟု အတိုကောက်ရေးခြင်းဖြစ်သည်။ ရဲဘော်သုံးကျိပ်ဝင် 'ဗိုလ်လက်ျာ' ၏ အမည်ကိုလည်း ဤသို့ပင် စာလုံးပေါင်းပါသည်။ 'လက်ဝဲ လက်ယာ' တွင် 'လက်ဝဲ' ကို အတိုကောက်ရေးလျှင် 'လကွဲ' ဖြစ်သွားနိုင်သည့်အတွက် အတိုကောက်ရေးလေ့မရှိပါ။ ယခုအခါတွင်မူ 'လက်ဝဲ' နှင့် စာလုံးပေါင်းပုံညီညွတ်အောင် 'လက်ယာ'ဟု ပြန်ခွဲရေးခြင်းဖြစ်ပါသည်။

မခွဲဘဲရေးသော အတိုကောက်စာလုံးတစ်လုံး ရှိပါသေးသည်။ 'ယောက်ျား' ဖြစ်သည်။ အတိုကောက်လုပ်ပုံချင်းမှာ 'လက်ျာ'နှင့် ဆင်တူသည်။ 'ယောက်ျား' ၏ မူလစာလုံးပေါင်းမှာ 'ယောက်ယာ' (ယောက်ယား)ဖြစ်သည်။ ပုဂံခေတ်က ကျောက်စာများတွင် 'ယောက်ျား၊ မိန်းမ'ကို 'ယောက်ယာ မိမ'ဟု စာလုံးပေါင်းသည်။ 'ယောက်ျား' ဟု အတိုကောက်ရေးလိုက်သောအခါ 'ယောက်' မှ 'က်'နှင့် ယားတို့ ပေါင်းစပ်သွားပြီး 'ယောက်ကျား'ဟု အသံထွက်သည်မှာ ယခုကာလ အထိဖြစ်သည်။ (လက်ျာကိုမူ 'လက်ကျာ' ဟု အသံမထွက်ပါ။ လက်ယာဟုပင် အသံထွက်ပါသည်။) 'ယောက်ျား' မှာ အရေးရောအသံထွက်ပါ အသုံးတွင်ကျယ်ပြီးဖြစ်သည်။ 'ယောက်ျား'မှ 'ကျား'ကို 'ကျား ဆိုမှ ကျား၊ ကျာဘသား၊ ကျားမ မရွေး' စသည်ဖြင့် တစ်လုံးချင်းပင်ခွဲ၍ ထွက်နေပါပြီ။ 'ယောက်ျား'ကို 'လက်ယာ'လို စာလုံးပေါင်းပြန်ခွဲလျှင် 'ယောက်ယား' ဟု အသံထွက်ရပါလိမ့်မည်။ ထိုအသံထွက်ကို အများလက်ခံဖွယ်မရှိပါ။ ထို့ကြောင့် တွင်ပြီးသား စာလုံးပေါင်းအပေါ် 'ယောက်ျား' ဟုပင် သုံးခြင်းဖြစ်ပါသည်ဟု ပြန်ဖြေရပါသည်။ ။

Human Resource Development Centre

သင်တန်းအဆောက်အအုံဖွင့်

နေပြည်တော် နိုဝင်ဘာ ၁၀

Human Resource Development Centre (HRD) သင်တန်းအဆောက်အအုံဖွင့်ပွဲအခမ်းအနားကို နိုဝင်ဘာ ၉ ရက် နံနက် ၈ နာရီက တနင်္သာရီတိုင်းဒေသကြီး ထားဝယ်မြို့၌ ကျင်းပရာ တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ ဦးထင်အောင်ကျော်၊ DDPC ဥက္ကဋ္ဌနှင့် မြို့မိမြို့ဖတစ်ဦးက သင်တန်းခန်းမ အဆောက်အအုံကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြတ်ကိုက ခန်းမဆိုင်းဘုတ်ကို စက်ခလုတ်နှိပ် ဖွင့်လှစ်ပေးပြီး အမွှေးနံ့သာရည်ပက်ဖျန်းပေးသည်။ ယင်းနောက် ဟိုတယ်လုပ်ငန်းဆိုင်ရာသင်တန်းများဖွင့်ပွဲ အခမ်းအနားကိုကျင်းပရာ တိုင်းဒေသကြီးဝန်ကြီးချုပ်က အမှာစကားပြောကြားခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

အမရပူရမြို့နယ် စည်ပင်ကျေးရွာ၌ မူလတန်းကျောင်းဆောင်သစ်လွှဲအပ်

အမရပူရ နိုဝင်ဘာ ၁၀

မန္တလေးတိုင်းဒေသကြီး အမရပူရမြို့နယ် စည်ပင်ကျေးရွာတွင် ပညာရေးဌာနသို့ မူလတန်းကျောင်းဆောင်သစ် လွှဲပြောင်းပေးအပ်လှူဒါန်းပွဲ အခမ်းအနားကို နိုဝင်ဘာ ၉ ရက် နံနက် ၈ နာရီခွဲက ကျင်းပသည်။

ရှေးဦးစွာ အခမ်းအနားတွင် ဖြတ်ဖွင့်လှစ်ပေးကြသည်။ **(အောက်ပုံ)**

ထို့နောက် မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့ဝင် လူမှုရေးဝန်ကြီး ဒေါက်တာဝင်းလှိုင်က အမှာစကား ပြောကြားသည်။

ထို့နောက် မူတန်းကျောင်းဆောင်သစ်အလှူရှင် ဖျောက်ဆိပ်ကုန်းရပ်ကွက်နေ ဦးအေးကို-ဒေါ်အေးအေးမူ

မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့ဝင် လူမှုရေးဝန်ကြီး ဒေါက်တာဝင်းလှိုင်၊ အမရပူရမြို့နယ်မဲဆန္ဒနယ် ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဦးသိန်းထွန်းဦး၊ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များ ဖြစ်ကြသော ဦးအောင်သိန်းနှင့် ဦးမိုးနိုင်ကျော်၊ မြို့နယ်ပညာရေးမှူး ဦးစံငြိမ်းတို့က မူလတန်းကျောင်းဆောင်သစ်ကို ဖဲကြိုး

(နန်းဇင်ယော်ဘက်ထရီ)က ပညာဒါနအလှူအဖြစ် တစ်ထပ်စာသင်ဆောင် (၂၇ × ၇၀ × ၁၂)ပေ ကျောင်းဆောင်ကို ပညာရေးဌာန မြို့နယ်ပညာရေးမှူး ဦးစံငြိမ်းထံ လွှဲပြောင်းပေးအပ်သည်။ အဆိုပါ တစ်ထပ်စာသင်ဆောင်ကို ငွေကျပ်သိန်း ၂၇၀ ကုန်ကျခံကာ ဆောက်လုပ်လှူဒါန်းခဲ့ကြောင်း သိရသည်။ **မောင်မောင်စိုး(မြစ်ငယ်)**



(၅၈) နှစ်မြောက် မင်္ဂလာဆုတောင်း

ချစ်သောပါပါ သူရဦးစောဖြူနှင့် ချစ်သောမာမီ ဒေါ်စိန်စိန်တို့၏ ၉-၁၁-၂၀၁၃ ရက်တွင်ကျရောက်သော (၅၈)နှစ်မြောက် မင်္ဂလာရက်မြတ်မှသည် ငြိမ်းချမ်းသာယာသော ဘဝခရီးကို သက်ဆုံးတိုင် အတူ ပျော်ရွှင်ချမ်းမြေ့စွာ လျှောက်လှမ်းနိုင်ပါစေ။

ချစ်သော - သားသမီး၊ မြေး၊ မြစ်များ

လက်ထပ်ပြီးစီးခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်မြို့နယ်နေ
ဒေါက်တာဦးမျိုးမြင့်(အရိုးအကြောရောဂါ အထူးကုဆရာဝန်ကြီး)-
ဒေါ်မြညွန့်တို့၏ တစ်ဦးတည်းသောသား
မောင်မျိုးကျော်ဇော
B.Sc(Chemistry),MD(Aeronautical Defense),
Ph.D(Social Science)
Chief Executive Officer
Asia Green Environment Co.,Ltd.
နှင့်
ရှမ်းပြည်နယ်တောင်ပိုင်း၊ ညောင်ရွှေမြို့နေ
ဦးဝင်းရွှေ-ဒေါ်ရီရီရွှေတို့၏သမီးကြီး၊
မအေးမြသန္တာဆွေ B.A (French)
(DELF, Alliance Francais), (DBS, LCCI, UK)

တို့သည် ၁၀-၁၁-၂၀၁၃ရက်(တနင်္ဂနွေနေ့)တွင် နှစ်ဖက်သောမိဘများရှေ့မှောက်၌ လက်ထပ်ပြီးစီးပြီး ဖြစ်ပါကြောင်း။

မောင်မျိုးကျော်ဇော-မအေးမြသန္တာဆွေ

မင်္ဂလာဆုမွန်လွှာ

Asia Green Environment Co.,Ltd. ၏ Chief Executive Officer ကိုမျိုးကျော်ဇောနှင့် မအေးမြသန္တာဆွေတို့၏ ၁၀-၁၁-၂၀၁၃ရက် မင်္ဂလာဦးရက်မြတ်မှသည် နှောင်နှစ်ပေါင်းများစွာတိုင် ပျော်ရွှင်ချမ်းမြေ့သော မိသားစုဘဝကို ပိုင်ဆိုင်နိုင်ပါစေကြောင်း ဆုမွန်ခြွေလျက်။

Asia Green Environment Co.,Ltd.

ရန်ကုန်မှ ဝန်ထမ်းမိသားစုများ

မင်္ဂလာဆုမွန်လွှာ

Asia Green Environment Co.,Ltd. ၏ Chief Executive Officer ကိုမျိုးကျော်ဇောနှင့် မအေးမြသန္တာဆွေတို့၏ ၁၀-၁၁-၂၀၁၃ရက် မင်္ဂလာဦးရက်မြတ်မှသည် နှောင်နှစ်ပေါင်းများစွာတိုင် ပျော်ရွှင်ချမ်းမြေ့သော မိသားစုဘဝကို ပိုင်ဆိုင်နိုင်ပါစေကြောင်း ဆုမွန်ခြွေလျက်။

Asia Green Environment Co.,Ltd.

နေပြည်တော်မှ ဝန်ထမ်းမိသားစုများ

ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ လှည်းကူးမြို့နယ်၊ ညောင်နှစ်ပင်စိုက်ပျိုးမွေးမြူရေးအထူးဇုန်(၂)၊ စီ(၇)နှင့်စီ(၈)လမ်းပေါ်ရှိ မြေကွက်အမှတ် ၅၈၀/၅၆၉၊ ဧရိယာ ၁၀ ဧက ၂ ယူနစ်ရှိ မြေကွက်အား မူလလုပ်ပိုင်ခွင့်ရှိသူ ဦးအောင်ညိမ်း MGN-၀၄၃၇၂၃ ထံမှ ဝယ်ယူရန် စရန်ငွေပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါမြေကွက်အား အပြည့်အဝပေးချေပြီး အောက်ပါလုပ်ငန်းရှင်အမည်များ ပြောင်းလဲလုပ်ကိုင်မည်ဖြစ်ပါသောကြောင့် ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားမူရင်းများဖြင့် ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။ **ဦးအောင်ကျော်ဦး ၇/ပမန(နိုင်)၁၀၂၃၁၈**

၉၀/ဂန္ဓမာလမ်းသွယ်၊ ပုလဲမြို့သစ်၊ မင်္ဂလာဒုံမြို့နယ်

ဦးစိုင်းဘလှိုင် ၁၃/လရန(နိုင်)၀၈၄၄၉၁၊ အမှတ် ၃၊

အနောက်ရွှေဂုံတိုင် ၂လမ်း၊ ဗဟန်းမြို့နယ်

ကန့်ကွက်နိုင်ပါကြောင်း

တောင်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက် အမှတ် ၇၊ မြေကွက် အမှတ် ၇၂၊ မြေကွက်တည်နေရာ အမှတ် ၇၂၊ မင်းရဲကျော်စွာ ၈ လမ်း၊ (၇)ရပ်ကွက်၊ တောင်ဥက္ကလာပ ဒေါ်လှရှင်အမည်ပေါက် နှစ် ၆၀ ဂရန်မြေအား အမည်ပေါက် ဒေါ်လှရှင်နှင့် ခင်ပွန်း ဦးမောင်သန်း ကွယ်လွန်သဖြင့် ဦးတင်ရွှေ ၁၂/ဥကမ(နိုင်)၁၀၉၁၁၈၊ ဦးအောင်သိန်း ၁၂/ဥကတ(နိုင်)၀၁၉၁၆၉၊ ဒေါ်ခင်ခင်ဝေ ၁၂/ဥကတ(နိုင်)၁၂၀၆၈၅၊ ဦးအောင်တင်မြင့် ၁၂/ဥကတ(နိုင်)၁၃၁၆၂၀ တို့က သားသမီးများတော်စပ်ကြောင်း ကျမ်းကျိန်လွှာတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်းစာချုပ်ရန် ကိုယ်စားလှယ်လွှဲစာအမှတ်၁၈၉၇၂(၄-၁၀-၁၃)ဖြင့် လွှဲအပ်ခံရသူ အထွေထွေကိုယ်စားလှယ် ဦးအောင်သိန်း ၁၂/ဥကတ(နိုင်)၀၁၉၁၆၉မှ ပါဝါပေးသူသက်ရှိထင်ရှားရှိကြောင်းနှင့်ပါဝါမရုပ်သိမ်းသေးကြောင်း ကျမ်းကျိန်လွှာ ၃-၉၂၃(၂၈-၁၀-၁၃)ကို တင်ပြ၍ မြေပုံကူးလျှောက်ထားလာရာ ၁၄ ရက်အတွင်းကန့်ကွက်နိုင်ပါသည်။ **မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

စာမျက်နှာ ၆ မှ

ဥရောပကုမ္ပဏီတွေ စိတ်ဝင်စားမှုရှိရင် အမေရိကန်ကားကုမ္ပဏီတွေက လည်း မလွဲမသွေ ပါဝင်လာကြမှာဖြစ်တယ်။ နေပြည်တော်မှာ နီဆန်းကုမ္ပဏီ ရဲ့ အကြီးအကဲဟာ နိုင်ငံ့အကြီးအကဲတွေနဲ့ တွေ့ဆုံခဲ့တယ်။ တည်ခင်းတဲ့ နေ့လယ်စာစားပွဲကို ကျွန်တော်တက်ခွင့်ရခဲ့တယ်။ သူ့ကို စာအုပ်တွေ၊ မဂ္ဂဇင်း တွေမှာမြင်ဖူး၊ တွေ့ဖူးနေတာတော့ ကြာခဲ့ပါပြီ။ သူက CEO တွေအထဲမှာ နာမည်ကြီးတဲ့သူ၊ သူ့ကြောင့် နီဆန်းကုမ္ပဏီဟာ အခြေအနေကောင်းလာခဲ့ တာမို့ သူ့ရဲ့စီမံခန့်ခွဲမှုပုံစံတွေကို စာအုပ်တွေမှာ ရေးသားခဲ့ပြီး စီးပွားရေးပညာ သင်ကြားတဲ့အခါမှာလည်း ကိုးကားခဲ့တယ်။

လူကိုယ်တိုင်တွေ့ရတော့ အတော်ထူးခြားတဲ့သူ၊ အမြော်အမြင်ရှိတဲ့ မြန်မာနိုင်ငံရဲ့ ပြုပြင်ပြောင်းလဲမှုကို ပါဝင်ပတ်သက်ပြီး ကူညီချင်တဲ့သူ၊ နီဆန်း ကုမ္ပဏီဟာ ပဲခူးမြို့မှာ စက်ရုံဖွင့်ပြီး ကား ၁၀၀၀၀ ထုတ်ဖို့ ပဏာမအနေနဲ့ အစီအစဉ်ရှိတယ်။ အခြေအနေပေါ်မူတည်ပြီး ဒီ့ထက်အဆပေါင်းများစွာ ထုတ်လုပ်ဖို့အစီအစဉ်ရှိကြောင်း သူကပြောလို့ ဝမ်းသာမိတယ်။

ကားစက်ရုံထောင်ရင် ကျွန်တော်တို့ဆီမှာ အလုပ်အကိုင်အခွင့်အရေး တွေရမယ်။ ငွေအရင်းအနှီးမြှုပ်နှံမှုတွေသာမက နည်းပညာတွေရမယ်။ အထူး သဖြင့် စီမံခန့်ခွဲမှုပညာတွေရနိုင်တယ်။ အကယ်၍ အပိုပစ္စည်းတွေကို အဆင့် အတန်းမီထုတ်လုပ်နိုင်မယ်ဆိုရင် ကျွန်တော်တို့နိုင်ငံရဲ့ အသေးစား၊ အလတ် စား ကုမ္ပဏီတွေမှာ အခွင့်အရေးတွေပေါ်လာနိုင်တယ်။

FDI ကို ကျွန်တော်တို့အနေနဲ့ နိုင်ငံအကျိုးအတွက် ကြိုဆိုနေသလို ရင်းနှီးမြှုပ်နှံတဲ့ ကုမ္ပဏီတွေ၊ လုပ်ငန်းတွေရဲ့ရှုထောင့်ဘက်ကကြည့်ရင် အများ ကြီး အကျိုးအမြတ်ရနိုင်ပါတယ်။ စောစောကတင်ပြခဲ့သလို ကျွန်တော်တို့နိုင်ငံရဲ့ သန်း ၆၀ ဈေးကွက်တင်မက AEC ဈေးကွက်ဟာ ၆၀၀ ဖြစ်တာမို့ ရင်းနှီးတဲ့ ကုမ္ပဏီများအနေနဲ့ Re-export လုပ်နိုင်တဲ့အခွင့်အရေးတွေ အများကြီးရှိနိုင်မှာ ဖြစ်ပါတယ်။

FDI နဲ့ပတ်သက်ပြီး စိုးရိမ်နေကြသူတွေရှိကြပါတယ်။ စိုးရိမ်စိတ်တွေကို လည်း နားလည်ပါတယ်။ တစ်ဖက်ကလည်း တာဝန်ရှိသူတွေက Sociality Responsible Investment(SRI) လူမှုရေးတာဝန်ကျေတဲ့ ရင်းနှီးမြှုပ်နှံမှုမျိုး ဝင်လာဖို့ ဖန်တီးနေပါတယ်။ ရင်းနှီးမြှုပ်နှံမှုတွေကြောင့် သဘာဝပတ်ဝန်းကျင် မထိခိုက်အောင် လူမှုရေးထိခိုက်မှုတွေလျော့နည်းအောင် စီစဉ်ဆောင်ရွက်လျက် ရှိပါတယ်။ ဝန်ထမ်းတွေနဲ့ပတ်သက်ပြီး အာမခံချက်တွေကို တောင်းဆိုသလို စီမံခန့်ခွဲမှုအဆင့်တွေမှာ တိုင်းရင်းသားပညာရှင်တွေ ပါဝင်နိုင်အောင် သတ်မှတ်ချက်တွေကို ပြဋ္ဌာန်းလျက်ရှိပါတယ်။

ရင်းနှီးမြှုပ်နှံမှုနဲ့ ပါဝင်ပတ်သက်သူတွေ (Stakeholders) ရဲ့သဘာထား တွေကိုလည်း စုစည်းလျက်ရှိပါတယ်။ ကျွန်တော်တို့နိုင်ငံဟာ စီးပွားရေးအရ နှောင့်နှေးခဲ့တယ်၊ နိမ့်ကျခဲ့တယ်။ ဒါကြောင့် အချိန်တိုအတွင်းမှာ စီးပွားရေး ဖွံ့ဖြိုးတိုးတက်နိုင်ဖို့ အခြေခံကျတဲ့ပြုပြင်ပြောင်းလဲမှုတွေ ဆောင်ရွက်လျက်ရှိ တယ်။ ဒီလိုဆောင်ရွက်ရာမှာ FDI ဟာ အလွန်အရေးပါတဲ့ အစိတ်အပိုင်း တစ်ရပ်ဖြစ်တယ်။ ဒါကြောင့်လည်း Investor-Friendly Environment ရင်းနှီးမြှုပ်နှံလိုသူတွေ အဆင်ပြေစေမယ့် ပတ်ဝန်းကျင်ကို တတ်နိုင်သမျှ ဖန်တီးနေပါတယ်။

အမှန်တော့ မြန်မာနိုင်ငံဟာ Latecomer နောက်ကျကျန်ခဲ့တဲ့ နိုင်ငံ တစ်နိုင်ငံဖြစ်ပါတယ်။ ဒါပေမယ့် နောက်ကျကျန်ခဲ့တာကို အားငယ်စရာ မဟုတ်ဘဲ အခွင့်အရေးတစ်ရပ်လို ယူဆခံယူပါတယ်။ နောက်ကျတဲ့ နိုင်ငံ ဖြစ်တာမို့ အရှေ့ကရောက်နေတဲ့ နိုင်ငံတွေရဲ့အတွေ့အကြုံတွေကို သင်ခန်းစာ ယူတတ်ဖို့ လိုအပ်ပါတယ်။ ကမ္ဘောဒီးယားနိုင်ငံမှာ FDI နဲ့ ပတ်သက်ပြီး အင် မတန်ခါးသီးတဲ့အတွေ့အကြုံတွေ ရခဲ့တယ်။ ဗီယက်နမ်နိုင်ငံမှာလည်း အခုလို ပဲဖြစ်ခဲ့တယ်။ တရုတ်နိုင်ငံမှာလည်း အတွေ့အကြုံတွေရှိခဲ့တယ်။ ကျွန်တော်တို့ အဖို့ ဒီသင်ခန်းစာတွေယူပြီး ကိုယ့်နိုင်ငံမှာ ဆောင်ရမယ့်ကိစ္စတွေ၊ ရှောင်ရမယ့် အရာတွေကို ရွေးချယ်သုံးသပ်ရမှာသာ ဖြစ်ပါတယ်။ ။

သီလရှင်ကျောင်းတိုက်များသို့ ဝတ်ရုံလွှာနှင့် စာရေးတံမဲ ဆက်ကပ်လှူဒါန်းပွဲ ပဲခူး၌ကျင်းပ

ပဲခူး နိုဝင်ဘာ ၁၀

ပဲခူးတိုင်းဒေသကြီး ပဲခူးမြို့ ရွှေမော်ဓောဘုရားလမ်းရှိ ဗုဒ္ဓအသံဓမ္မ ဗိမာန်တော်ကြီးတွင် နိုဝင်ဘာ ၁၀ ရက် နံနက် ၇ နာရီက ပဲခူးမြို့ပေါ်ရှိ သီလရှင်စာသင်ကျောင်းတိုက် ၂၂ တိုက်မှ သီလရှင်ဆရာကြီး၊ ဆရာ လေး ၇၈၆ ပါးတို့အား ပဲခူးတိုင်း ဒေသကြီး အစိုးရအဖွဲ့ ဝန်ကြီးများ၊ မိသားစုများနှင့် ပဲခူးမြို့မှ ဈေးသူ ဈေးသားများ၊ စေတနာရှင် အလှူရှင် များက ဝတ်ရုံလွှာနှင့် စာရေးတံမဲ ဆက်ကပ်လှူဒါန်းပွဲကို ကျင်းပသည်။

လှူဒါန်းပွဲအခမ်းအနားသို့ ပဲခူး တိုင်းဒေသကြီးဝန်ကြီးချုပ်၏ ဇနီး ဒေါ်မြင့်မြင့်စိုးနှင့် အစိုးရအဖွဲ့ဝင် ဝန်ကြီးများ၏ဇနီးများ၊ ပဲခူးဈေးကြီးမှ ဈေးသူ ဈေးသားများ၊ စေတနာရှင် အလှူရှင်များနှင့် မြို့ပေါ်ရှိ သီလရှင် ဆရာကြီး၊ ဆရာလေးများ တက် ရောက်ခဲ့ကြသည်။

တရားနာယူ

အခမ်းအနားတွင် အလှူရှင်များ က ဆရာတော် သံဃာတော်များအား သင်္ကန်းနှင့် လှူဖွယ်ဝတ္ထုများ ဆက်ကပ်လှူဒါန်းကြပြီး သာသနာ့ မဏ္ဍိုင်ပါဠိတက္ကသိုလ်ကျောင်း ဒုတိယ ဆရာတော် ဘဒ္ဒန္တသီရိန္ဒထံမှ အနုမောဒနာရေစက်ချတရား နာယူ ကာ ရေစက်သွန်းချ အမျှဝေခဲ့ကြ သည်။

ဆက်လက်၍ ဒေါ်မြင့်မြင့်စိုးနှင့် အလှူရှင်များသည် သီလရှင်ဆရာ ကြီး၊ ဆရာလေးများအား ဝတ်ရုံလွှာ နှင့် စာရေးတံမဲ ကာလတန်ဖိုး စုစုပေါင်း ငွေကျပ် ၁၉၆၆၉၃၀၀ ကို ဆက်ကပ် လှူဒါန်းခဲ့ကြောင်း သိရသည်။

(အပေါ်ပုံ)သန့်စင်

တိုးချဲ့ ထရန်စဖော်မာတပ်ဆင် မင်းရွာအုပ်စုမီးလင်း

သနပ်ပင် နိုဝင်ဘာ ၁၀

သနပ်ပင်မြို့နယ် မင်းရွာကျေးရွာအုပ်စုရှိ လျှပ်စစ်မီးသုံးစွဲသူများ ဓာတ်အားအပြည့်အဝရရှိရေးအတွက် လျှပ်စစ် စွမ်းအားဝန်ကြီးဌာနမှ အခမဲ့ပံ့ပိုးပေးခဲ့သော (315 KVA) ထရန်စဖော်မာတစ်လုံးသည် ကျေးရွာနေပြည်သူများ၏ ထည့်ဝင်ငွေဖြင့် ဆက်စပ်ပစ္စည်းများဝယ်ယူတပ်ဆင်ကာ နိုဝင်ဘာ ၉ ရက်က အပြီးသတ်တပ်ဆင်မီးလင်းနိုင်ခဲ့ပြီဖြစ် သည်။

အခမဲ့ပံ့ပိုး

မင်းရွာကျေးရွာအုပ်စုသည် ၁၉၅၄ ခုနှစ်မှစ၍ လျှပ်စစ်မီးစတင်သုံးစွဲနိုင်ခဲ့ပြီး ဓာတ်အားသုံးစွဲမှုများ တိုးတက် လာသည်နှင့်အညီ အသုံးပြုလျက်ရှိသော အိမ်သုံးမီတာများနှင့် စက်မှုလုပ်ငန်းသုံးမီတာများမှာ များပြားလာခဲ့ခြင်းကြောင့် လက်ရှိအသုံးပြုနေသည့် (315 KVA) ထရန်စဖော်မာမှာ မကြာခဏ ဝန်အားမနိုင် လောင်ကျွမ်းခဲ့၍ ၂၀၁၂ ခုနှစ်တွင် လျှပ်စစ်စွမ်းအားဝန်ကြီးဌာနမှ တိုးချဲ့ထရန်စဖော်မာအဖြစ် (315 KVA) ထရန်စဖော်မာတစ်လုံးကို အခမဲ့ပံ့ပိုးပေးခဲ့ ခြင်းဖြစ်သည်။

ရဲထွဋ်(မင်းရွာ)

မြန်မာ့အသံနှင့်ရုပ်မြင်သံကြား

၁၁-၁၁-၂၀၁၃ (တနင်္လာနေ့)

	နံနက်ပိုင်း
၆း၀၀	မင်းကွန်းဆရာတော်ကြီး၏ ပရိတ်တရားတော်
၆း၄၅	ပြည်သူ့နီတိ
	ချစ်တတ်အောင်ချစ်ပြပါ
၇း၀၀	ပြည်တွင်းသတင်း
၇း၂၀	ပြည်သူတို့ရဲ့ စကားသံများ
၈း၂၅	SEA Games Go For Gold (Food ball)(Woman)(Part-2)
၉း၅၀	လှပစုံလင်အာဆီယံတစ်ခွင်
	နေ့လယ်ပိုင်း
၁၂း၀၀	ပြည်တွင်းသတင်း
၁၂း၃၀	ဆေးရောင်စုံရုပ်ရှင်
	လေညာကဗေဒါမ နေဆန်း၊ ဇော်ဦး၊ ဝိုင်း၊ တင့်တင့်ထွန်း (ဒါရိုက်တာ-ခင်မောင်ဦး၊ စိုးသိန်းထွဋ်)
၁၄း၄၀	သက်တံရောင်သံစဉ်
	ညပိုင်း
၁၅း၀၀	ပြည်တွင်းသတင်း
၁၆း၃၀	အဝေးသင်တက္ကသိုလ်ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာ ဒုတိယနှစ် (သတ္တဗေဒအထူးပြု)(သတ္တဗေဒ)
၁၆း၄၅	(၂၇)ကြိမ်မြောက်အရှေ့တောင် အာရှအားကစားပြိုင်ပွဲဆီသို့ (စက်ဘီးအားကစား)
၁၇း၃၀	SEA Games ဇာတ်လမ်းတို **နိုးထခြင်း** တင်မောင်ဆန်းဝင်း၊ နေဆန်း၊ နိုဘယ်ကျော်ကျော်
၁၈း၂၀	ဝဏ္ဏသိဒ္ဓိရေကူးကန်
၁၈း၃၀	နိုင်ငံခြားဇာတ်လမ်းတွဲ **ချန်ပီယံချစ်သူ** (အပိုင်း-၂၀)(ဇာတ်သိမ်း)
၁၉း၄၅	**တိုးတက်ခေတ်မီကဏ္ဍစုံလင်ဖို့ ပြည်သူ့ဝန်ဆောင်မှုမီဒီယာ သစ်ဆီသို့** (မကွေးတိုင်းဒေသကြီး၊စစ်ကိုင်း တိုင်းဒေသကြီး၊ ဧရာဝတီတိုင်း ဒေသကြီး)
၂၀း၃၅	ပြည်သူတို့ရဲ့စကားသံများ
၂၀း၄၅	ပြည်သူ့အတွက်ကြိုးပမ်းမှု ပုံရိပ်များ

မင်္ဂလာဆုတောင်း

ဖိုးသား(လင်းမင်းမောင်လွင်)နှင့် ဆုမွန်(ကေဇင်ဆုမွန်)တို့၏ ၁၀-၁၁-၂၀၁၃ရက် မင်္ဂလာရက်နေ့မှသည် နှောင်နှစ်ပေါင်း များစွာတိုင် ပျော်ရွှင်၊ သာယာ၊ အောင်မြင်သောဘဝကို ပိုင်ဆိုင် နိုင်ပါစေ။

မမကြီး - ဒေါက်တာ တင်သစ္စာလွင်-ကိုမျိုးမင်းမြတ်
တူမလေး - ဖူးဖူး(မသင်းမြတ်စန္ဒီလွင်)
မမ - မလင်းမာလာလွင်-ကိုမျိုးချစ်ဆွေ
မောင်လေး - မောင်ဟိန်းကိုကို

အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိ၊ မြောင်းမြခရိုင်၊ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းမှ ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ် တိုင်းဒေသကြီး ခွင့်ပြုရန်ပုံငွေဖြင့် လုပ်ငန်းများဆောင်ရွက်ရန်လိုအပ်သည့်ပစ္စည်းများကို (မြန်မာကျပ်ငွေ)ဖြင့် ဝယ်ယူလိုပါသည်။

စဉ်	ပစ္စည်းအမည်	အရေအတွက်	
၁။	၆"-၉" (တောင်ကျောက်)	၅၅၄	ကျင်း
၂။	၆"-၉" (နှမ်းကျောက်)	၁၈၉၅၀	ကျင်း
၃။	$\frac{3}{4}$" Chipping	၁၁၃၄	ကျင်း
၄။	$\frac{3}{8}$"-$\frac{1}{2}$" Chipping	၂၈၅	ကျင်း
၅။	ဘိလပ်မြေ	၁၂၆၁	အိတ်
၆။	မြစ်ကျောက်စရစ်	၁၁	ကျင်း
၇။	ပန်းရုံသဲ	၄၈	ကျင်း
၈။	မြစ်သဲ	၃၁၀	ကျင်း
၉။	ဂဝံ	၂၀၈၅	ကျင်း

တင်ဒါလျှောက်လွှာပိတ်ရက် - ၂၂-၁၁-၂၀၁၃ရက်
တင်ဒါလျှောက်လွှာပိတ်မည့်အချိန် - မွန်းလွဲ ၂း၀၀နာရီ

၂။ တင်ဒါလျှောက်လွှာပုံစံများကို ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း၊ မြောင်းမြခရိုင်ရုံးတွင် ၈-၁၁-၂၀၁၃ ရက်မှစ၍ ရုံးချိန်အတွင်း ဝယ်ယူ နိုင်ပါသည်။

တင်ဒါစိစစ်ရွေးချယ်ရေးကော်မတီ
ဖုန်း-၀၄၂-၇၀၁၅၃

သင့်သွေးဖြင့် အသက်ကယ်ပါ

မင်္ဂလာဧည့်ခံပွဲ ကျေးဇူးတင်လွှာ

ရန်ကုန်မြို့နေ ဦးဝဏ္ဏမောင်လွင်(ပြည်ထောင်စုဝန်ကြီး၊ နိုင်ငံခြားရေးဝန်ကြီးဌာန)-ဒေါ်လင်းလင်းတင်တို့၏ တစ်ဦးတည်းသောသား

မောင်လင်းမင်းမောင်လွင်

B.E(Aerospace, Propulsion and Flight Vehicle)

MD,Lynn Thiha Construction Co.,Ltd

နှင့်

ရန်ကုန်မြို့နေ ဦးသန်းမြင့်-ဒေါ်မြင့်မြင့်ကြည်(လေဆာမီဒီယာ)တို့၏ တစ်ဦးတည်းသောသမီး

မကေဇင်ဆုမွန်

BPA(Eco), Dip In Computer Art

တို့၏ ၁၀-၁၁-၂၀၁၃ရက်တွင် ရန်ကုန်မြို့၊ Sedona Hotel ၌ ကျင်းပသော မင်္ဂလာဧည့်ခံပွဲသို့ ကိုယ်တိုင်မတက်ရောက်နိုင်သော်လည်း မင်္ဂလာလက်ဖွဲ့ပေးပို့ ချီးမြှင့်ပေးပါသော နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့်ဇနီး ဒေါ်ခင်ခင်ဝင်း၊ မင်္ဂလာပန်းကုံးများ ချီးမြှင့်ပေးပါသော ဒုတိယသမ္မတ ဦးဉာဏ်ထွန်းနှင့်ဇနီး ဒေါ်ခင်အေးမြင့်၊ မင်္ဂလာလက်စွပ်များ ဆင်မြန်းပေးပါသော တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှ၊ မင်္ဂလာရွှေဆွဲကြိုးဆင်မြန်းပေးပါသော ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြင့်ဆွေနှင့်ဇနီး ဒေါ်ခင်သက်ဌေးတို့အား လည်းကောင်း၊ မင်္ဂလာဧည့်ခံပွဲသို့ ကြွရောက်ချီးမြှင့်ပေးပါသော ဒုတိယသမ္မတဒေါက်တာ စိုင်းမောက်ခမ်း၏ဇနီး ဒေါ်နန်းရွှေမှုံ၊ ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌနှင့်ဇနီး၊ ပြည်ထောင်စုဝန်ကြီးများနှင့်ဇနီးများ၊ လွှတ်တော်ကိုယ်စားလှယ်များနှင့်ဇနီးများ၊ ဒုတိယဝန်ကြီးများနှင့်ဇနီးများ၊ တပ်မတော်အရာရှိကြီးများနှင့်ဇနီးများ၊ နယ်ဘက်မှဌာနဆိုင်ရာ အကြီးအကဲများ၊ ရန်ကုန်မြို့အခြေစိုက်နိုင်ငံတကာ သံရုံးများမှသံအမတ်ကြီးများနှင့်ဇနီးများ၊ သံတမန်များ၊ နှစ်ဖက်သော ဆွေမျိုးမိတ်သင်္ဂဟများအားလည်းကောင်း၊ မင်္ဂလာအခမ်းအနားမှူးဦးသိန်းလှမော်၊ မင်္ဂလာအခါတော်ပေး တေးသံရှင်ဒေါ်ရီရီသန့်နှင့် တီးဝိုင်းအဖွဲ့သားများအားလည်းကောင်း၊ မင်္ဂလာပန်းများကြဲဖြန့်ပေးပါသော မသင်းမြတ်စန္ဒီနှင့် မအလိမ္မာမိုး၊ မင်္ဂလာအောင်ပန်းကုံး၊ မင်္ဂလာလက်စွပ်နှင့် မင်္ဂလာရွှေဆွဲကြိုး ဗန်းများကိုင်ဆောင်ပေးသော မသော်တာဝင်းထွန်း၊ မပြုံးလဲ့ဝေလွင်၊ သတို့သားအရန် ဒေါက်တာရဲသူဖေ၊ ဒေါက်တာသူရကျော်ဝင်း၊ သတို့သမီးအရန် ဒေါက်တာခင်သန္တာအောင်၊ ဒေါက်တာပန်းဝါကျော်၊ မေတ္တာဖြင့် လက်ဝတ်ရတနာဆင်မြန်းပေးသော ဒေါ်မြင့်မြင့်အေး၊ မင်္ဂလာဝတ်စုံမမဇွန်(Zu Zu Collection)၊ ဒီဇိုင်နာလင်းလင်း၊ မိတ်ကပ်နှင့်ဆံပင်အလှ မေဦးနှင့်အဖွဲ့၊ မှတ်တမ်းတင်ဓာတ်ပုံနှင့်ဗီဒီယိုရိုက်ကူးပေးပါသော 7 Picture၊ မိုက်ကယ်အောင် Art၊ ကိုပြည်ဟန်နှင့်အဖွဲ့တို့အား လည်းကောင်း၊ မင်္ဂလာဧည့်ခံပွဲအခမ်းအနားသို့ လူကိုယ်တိုင်မကြွရောက်နိုင်သော်လည်း မင်္ဂလာလက်ဖွဲ့များပေးပို့ကြသော ဂုဏ်သရေရှိ လူကြီးမင်းများနှင့် ဆွေမျိုးမိတ်ဆွေများအား လည်းကောင်း၊ အစစအရာရာ ကူညီဆောင်ရွက်ပေးကြသောMarvelous Wedding Planner and Services အား လည်းကောင်း၊ အကျွေးအမွေးများ စီစဉ်ဆောင်ရွက်ပေးပါသော Sedona Hotel မန်နေဂျာနှင့် ဝန်ထမ်းများအားလုံး၊ မင်္ဂလာဧည့်ခံပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် အဘက်ဘက်မှ ဝိုင်းဝန်းကူညီပံ့ပိုးပေးသော နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ထမ်းမိသားစုများ၊ မိတ်ဆွေများနှင့် ၃-၁၁-၂၀၁၃ရက်တွင် ကျင်းပပြုလုပ်သော လက်ထပ်မင်္ဂလာလက်မှတ်ရေးထိုးပွဲအား ကြီးကြပ်ဦးဆောင်ကျင်းပပေးပါသော ပြည်ထောင်စုရှေ့နေချုပ်ဝဏ္ဏကျော်ထင် ဒေါက်တာထွန်းရှင်အား လည်းကောင်း၊ ကျေးဇူးတင်ထိုက်သူအားလုံးကို လည်းကောင်း အထူးလှိုက်လှဲစွာ ကျေးဇူးတင်ရှိပါကြောင်း။

နှစ်ဖက်မိဘများနှင့်
မောင်လင်းမင်းမောင်လွင်-မကေဇင်ဆုမွန်

ပြည်တွင်းသတင်း

ဝယ်ယူသူတို့ အဆင်ပြေစေသည့် ဈေးရောင်းယာဉ်

ရန်ကုန် နိုဝင်ဘာ ၁၀

ဆူးလေဘုရားအနီး မြို့တော်ခန်းမဘေး ဆူးလေဘုရားလမ်းမပေါ်တွင် ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ ထုတ်လုပ်ရေးဌာနမှ လာရောက် ဖွင့်လှစ်ရောင်းချပေးနေသည့် မီးဖိုချောင်သုံးပစ္စည်းများနှင့် စားသောက်ကုန်များကို တင်ဆောင်ထားသည့် ရောင်းချရေးယာဉ်ကြောင့် ဝယ်ယူသူများ အဆင်ပြေလျက်ရှိသည်။

ကွန်တိန်နာ ဘောက်စ်ကြီး၏ အနောက်ပိုင်းနှင့် ဘေးကိုဖွင့်ထားပြီး တည်ခင်းရောင်းချလျက်ရှိရာ **(အပေါ်ပုံ)** ရာသီထွက်သီးနှံများ စုံလှသည်။ ပျားလိမ္မော်၊ လိမ္မော်သီး၊ နဂါးမောက်သီး၊ မာလကာနှင့် သစ်တော်သီး၊ တည်သီး၊ ပန်းသီး၊ သံပရာသီး စသည်ဖြင့် သစ်သီးစုံနှင့် ယာဉ်ကြီး၏ ဘေးတစ်ဖက်ခြမ်းတွင် မီးဖိုချောင်သုံးပစ္စည်းများ တင်ဆောင်ထားပြီး သကြား၊ ဆပ်ပြာ၊ သွားတိုက်ဆေး၊ သွားပွတ်တံနှင့် ခေါက်ဆွဲခြောက်ထုပ်၊ လက်ဖက်ခြောက်ထုပ်များ ရောင်းချပေးလျက်ရှိပြီး ဈေးရောင်းယာဉ်မှာ ဝန်ထမ်းများအတွက် အဓိကထား ရောင်းချပေးခြင်းဖြစ်သော်လည်း မည်သူမဆို ဝယ်ယူနိုင်ကြောင်း သိရသည်။ ရောင်းဈေးအားဖြင့်လည်း ကြက်ဥကိုးလုံးကို ငွေကျပ် ၁၀၀၀၊ ပျားလိမ္မော် ငါးဆယ်ကျပ်သား ငွေကျပ် ၁၀၀၀၊ ပန်းသီးလေးလုံး ငွေကျပ် ၁၀၀၀ စသည်ဖြင့် ဈေးနှုန်းပုံမှန်သတ်မှတ်ထားပြီး ထိုဈေးရောင်းယာဉ်မှာ ရုံးပိတ်ရက်များမှအပ နေ့စဉ်နံနက် ၇နာရီခွဲ မှ ညနေ ၄ နာရီခွဲအထိ ရောင်းချပေးလျက်ရှိကြောင်း သိရသည်။ **တင်ဝင်းလေး(ကြည့်မြင်တိုင်)**

ရွှေ၊ ငွေ၊ စက်သုံးဆီနှင့် အခြေခံစားကုန်ဈေးနှုန်း ၁၀-၁၁-၂၀၁၃

ရွှေဈေး (အောင်သမာဓိရွှေဆိုင်)

ရန်ကုန်ရွှေဈေး	တစ်ကျပ်သား	၆၈၁၀၀၀-၆၄၀၉၀၀
မန္တလေးရွှေဈေး	တစ်ကျပ်သား	၆၈၀၃၀၀-၆၄၀၃၀၀

(အချိန်နှင့်အမျှ ဈေးနှုန်းအပြောင်းအလဲရှိနိုင်ပါသည်)

နိုင်ငံတကာသုံးငွေကြေးပေါက်ဈေး (ပြင်ပငွေလဲပေါက်ဈေး)

အမေရိကန်	တစ်ဒေါ်လာ	၉၆၇-၉၇၅	ကျပ်
ဥရောပ	တစ်ယူရို	၁၂၉၅-၁၃၁၀	ကျပ်
စင်ကာပူ	တစ်ဒေါ်လာ	၇၇၅-၇၈၃	ကျပ်
ထိုင်း	တစ်ဘတ်	၃၀.၈-၃၁.၅	ကျပ်
အိန္ဒိယ	တစ်ရူပီး	၁၅.၅-၁၅.၆၈	ကျပ်
တရုတ်	တစ်ယွမ်	၁၅၈-၁၆၂	ကျပ်
မလေးရှား	တစ်ရင်းဂစ်	၂၉၉-၃၀၅	ကျပ်

စက်သုံးဆီဈေးနှုန်းများ (Max/Newday စက်သုံးဆီအရောင်းဆိုင်)

ဓာတ်ဆီ	တစ်လီတာ	၈၁၄ ကျပ်
ဒီဇယ်	တစ်လီတာ	၉၁၀ ကျပ်
အောက်တိန်း ၉၂	တစ်လီတာ	၉၂၀ ကျပ်
အောက်တိန်း ၉၅	တစ်လီတာ	၁၀၉၀ ကျပ်
ပရီမီယံဒီဇယ်	တစ်လီတာ	၉၄၀ ကျပ်

သားငါးနှင့်ဟင်းချက်စရာဈေးနှုန်း (သား/ငါးဒိုင်များ)

၁။ ငါးကြင်း	တစ်ပိဿာ	၃၅၀၀-၄၈၀၀	ကျပ်
၂။ ငါးမြစ်ချင်း	တစ်ပိဿာ	၂၈၀၀-၃၅၀၀	ကျပ်
၃။ ငါးရံ့	တစ်ပိဿာ	၃၈၀၀-၆၀၀၀	ကျပ်
၄။ ငါးဖယ်	တစ်ပိဿာ	၆၀၀၀-၁၂၀၀၀	ကျပ်
၅။ ပုစွန်(ကျော့)	တစ်ပိဿာ	၄၅၀၀-၇၀၀၀	ကျပ်
၆။ ပုစွန်တုပ်	တစ်ပိဿာ	၉၀၀၀-၂၀၀၀၀	ကျပ်
၇။ ငါးသလောက်	တစ်ပိဿာ	၇၀၀၀-၂၀၀၀၀	ကျပ်
၈။ ကြက်	တစ်ပိဿာ	၅၀၀၀-၁၀၀၀၀	ကျပ်
၉။ ဝက်	တစ်ပိဿာ	၄၅၀၀-၈၀၀၀	ကျပ်
၁၀။ အမဲ	တစ်ပိဿာ	၃၅၀၀-၇၀၀၀	ကျပ်
၁၁။ ဆိတ်	တစ်ပိဿာ	၁၀၀၀၀-၁၃၀၀၀	ကျပ်

ကုန်စည်ဒိုင်ဈေးနှုန်းဖြစ်ပြီး အချိန်နှင့်အမျှ အပြောင်းအလဲရှိနိုင်ပါသည်။

ခင်ရတနာ-စေ့ငုတင်ပြသည်။

2G-9999 နံပါတ်ကို ငွေကျပ် ၃၄ သိန်းဖြင့်ဝယ်ယူ

ရန်ကုန် နိုဝင်ဘာ ၁၀

ကုန်းလမ်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာန ကညန ရန်ကုန်(ရုံးချုပ်)ရှိ ကနဦး ဗဟိုမော်တော်ယာဉ် မှတ်ပုံတင်ဌာနတွင် ဂဏန်းလေးလုံး အပူးနံပါတ်များဖြစ်သော 2G-9999 နံပါတ်ကို ငွေကျပ် ၃၄ သိန်း၊ 2G-8888 နံပါတ်ကို ငွေကျပ် ၂၆ သိန်း၊ 2G-7777 နံပါတ်ကို ငွေကျပ် ၂၆ သိန်းတို့ဖြင့် ယာဉ်ပိုင်ရှင်များက ဝယ်ယူကြောင်း အဆိုပါဌာန၏ စာရင်းဇယားများအရ သိရသည်။

ပြောကြား

ရန်ကုန်တိုင်းဒေသကြီး ကညန တိုင်းဦးစီးမှူးရုံးမှ တာဝန်ရှိသူတစ်ဦးက "အောက်တိုဘာ ၂၉ ရက်ကစပြီး ယနေ့အထိ "အ"အက္ခရာ ယာဉ်စီးရေ ၈၉၀ ကျော် အပ်နှံပြီးဖြစ်တယ်။ ၂၀၁၁ ခုနှစ် စက်တင်ဘာ ၁၉ ရက်ကစပြီး ယနေ့အထိ ယာဉ်အိုယာဉ်ဟောင်းအပ်နှံပြီး အစီးရေ စုစုပေါင်း ၆၀၈၀၀ ကျော်ရှိပါတယ်" ဟု ပြောကြားသည်။

သိရ

ကညနရှိ ဗဟိုမော်တော်ယာဉ် မှတ်ပုံတင်ဌာနတွင် နောက်ဆုံးရောက်ရှိသော မော်တော်ယာဉ် နံပါတ်များမှာ 1G-8489 နှင့် CC-9832 တို့ဖြစ်ကြောင်း သိရသည်။

အေးကို(သတင်းစဉ်)

သဲကုန်းကျေးရွာ ငရုတ်သီးအညှာခြွေ အလုပ်သမားများ အဆင်ပြေလျက်ရှိ

မိတ္ထီလာ နိုဝင်ဘာ ၁၀

မိတ္ထီလာမြို့နယ် ညောင်ကုန်းအုပ်စု သဲကုန်းကျေးရွာ၌ ငရုတ်သီးအညှာခြွေခြင်းဖြင့် အလုပ်သမားများ နေ့စဉ်ဝင်ငွေရရှိကြောင်း သိရသည်။

"ငရုတ်သီးအညှာခြွေတဲ့လုပ်ငန်းကို နံနက် ၇ နာရီကနေ ညနေပိုင်းအထိ ခြွေကြတယ်။ ညောင်ကန်၊ ဓမ္မပါလ၊ ရှမ်းတဲ၊ သဲကုန်းကျေးရွာက လာရောက်လုပ်ကိုင်ကြတယ်။ အမျိုးသမီးများသာလျှင်မဟုတ်ဘဲ အမျိုးသားများ၊ ကျောင်းနေအရွယ် ကလေးများလည်း ကျောင်းပိတ်ရက်များမှာ လာရောက်လုပ်ကိုင်ကြပါတယ်။ ငရုတ်သီးထွက်ရှိသည့် အောက်တိုဘာလကုန်လောက်မှာ စတင်ဆောင်ရွက်ကြတယ်။ အေးတဲ့ရာသီဖြစ်တဲ့အတွက် ငရုတ်သီးအညှာခြွေလို့ကောင်းတယ်။ ငရုတ်သီးအညှာခြွေရာမှာ ကိုယ်လုပ်နိုင်ရင် လုပ်နိုင်သလောက် ဝင်ငွေရရှိပြီး အညှာခြွေခအဖြစ် တစ်ပိဿာကို ငွေကျပ် ၂၅၀ မှ ၃၀၀ အထိ ရရှိပြီး တစ်နေ့ကို အချိန်တစ်ဆယ်လောက်ပြီးကြလို့ လူတစ်ဦးရဲ့ ငရုတ်အညှာခြွေခက တစ်နေ့ကို ငွေကျပ် ၃၀၀၀ ဝန်းကျင် ရရှိတဲ့အတွက် အဆင်ပြေလျက်ရှိပါတယ်"ဟု ပြောကြားသည်။

သိန်းမြင့်ကျော်(မိတ္ထီလာ)

နိုဝင်ဘာ သားအမေအတွက် မွေးနေ့ဆုမွန်

မြတ်သစ္စာမိသားစု

ရွှေစည်းစိမ်

01-245970, 09-73051455

ကျေးဇူးဆပ်ပါမည်

ကျွန်မ တင်တင်ခိုင် ၁၃/တကန(နိုင်) ၁၄၉၂၈၁ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ် ၅၂၉၂၀၆ မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက ကျေးဇူးဆပ်ပါမည်။ **ဖုန်း-၀၉-၃၁၀၇၃၃၈၁**

(၃၂)နှစ်ပြည့် ကျောက်စိမ်းရတု မင်္ဂလာဆုမွန်လွှာ

ချစ်ဖေဖေ ဦးကျော်မင်း-ချစ်မေမေ ဒေါ်မူမူထွေးတို့၏ ၁၁-၁၁-၂၀၁၃ ရက်တွင် ကျရောက်သော ကျောက်စိမ်းမင်္ဂလာနှစ်ပတ်လည်မှသည် ရတုအဆက်ဆက်တိုင်အောင် စိတ်၏ချမ်းသာခြင်း၊ ကိုယ်၏ကျန်းမာခြင်းတို့နှင့် ပြည့်စုံပြီးလျှင် နောင်နှစ်ပေါင်း ၁၂၀ တိုင်အောင် အသက်ထက်ဆုံး ပျော်ရွှင်စွာ လျှောက်လှမ်းနိုင်ပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါသည်။

သားကြီး-မောင်နေလင်းကျော်-မစုသဲဖြူ၊
သားလတ်-မောင်ဖြိုးဝေကျော်၊
သမီးငယ်-မောင်ဝင်းမင်းဟန်-မရတနာကျော်၊
မြေးလေး-မယွန်းဝတီကျော်

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်
ရှမ်းပြည်နယ်အစိုးရအဖွဲ့
စည်ပင်သာယာရေးဝန်ကြီးဌာန
ရှမ်းပြည်နယ်စည်ပင်သာယာရေးကော်မတီ

အလုပ်လျှောက်လွှာခေါ်ယူခြင်း

၁၃၇၅ ခုနှစ်၊ တန်ဆောင်မုန်းလဆန်း(၆)ရက်
၂၀၁၃ ခုနှစ်၊ နိုဝင်ဘာ ၈ ရက်

၁။ ရှမ်းပြည်နယ်စည်ပင်သာယာရေးဌာန ကွပ်ကဲမှုအောက်ရှိ မြို့နယ်စည်ပင်သာယာရေးဌာနများတွင် လစ်လပ်လျက်ရှိသော အောက်ဖော်ပြပါရာထူးနေရာများအတွက် သတ်မှတ်အရည်အချင်းနှင့် ပြည့်စုံသူများ လျှောက်ထားနိုင်ပါသည်။

စဉ်	ရာထူး	လစ်လပ်	ပညာအရည်အချင်း
(က)	အငယ်တန်းအင်ဂျင်နီယာ (၃)မြို့ပြ	ကျား(၃၀)ဦး မ(၁၅)ဦး	BE(civil) B-Tech(civil) A-G.T.I(civil)
(ခ)	အငယ်တန်းအင်ဂျင်နီယာ (၃)စက်မှု	ကျား(၃)ဦး မ(၂)ဦး	BE(Mechanical) B-Tech(Mechanical) A-G.T.I(Mechanical) BE(Electrical Power) B-Tech(Electrical Power) A-G.T.I(Electrical Power) BE(Electronic) B-Tech(Electronic) A-G.T.I(Electronic)

၂။ **လျှောက်ထားသူသည်**
(က) ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံသားဖြစ်ရမည်။
(ခ) ၃၁-၁၂-၂၀၁၃ရက်တွင် အသက်(၃၀)(ဝန်ထမ်းဖြစ်ပါက အသက် ၃၅နှစ်ထက်) မကျော်လွန်သူဖြစ်ရမည်။

၃။ **လျှောက်လွှာတွင်**
(က) အမည်နှင့်နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ်
(ခ) မွေးသက္ကရာဇ်နှင့်အသက်
(ဂ) လူမျိုးနှင့်ကိုးကွယ်သည့်ဘာသာ
(ဃ) ပညာအရည်အချင်းနှင့်အောင်မြင်သည့်ခုနှစ်
(င) ဝန်ထမ်းမဟုတ်လျှင် အလုပ်သမားမှတ်ပုံတင်အမှတ်
(စ) ဆက်သွယ်ရန်နေရပ်လိပ်စာနှင့်ဖုန်းနံပါတ်
(ဆ) အမြဲတမ်းနေရပ်လိပ်စာ ဖော်ပြပါရှိရမည်။

၄။ **လျှောက်လွှာနှင့်အတူ**
(က) (၆)လအတွင်းရိုက်ထားသော ပတ်စ်ပို့ဓာတ်ပုံ(၂)ပုံ (နောက်ကျောတွင် အမည်နှင့် နိုင်ငံသား စိစစ်ရေးကတ်ပြားအမှတ် ရေးသားရန်)
(ခ) ဘွဲ့လက်မှတ်မိတ္တူ
(ဂ) အသက်အထောက်အထားအတွက် အခြေခံပညာအထက်တန်းအောင်လက်မှတ်မိတ္တူ
(ဃ) ဝန်ထမ်းမဟုတ်သူများအတွက် အလုပ်သမားမှတ်ပုံတင်ကတ်ပြားမိတ္တူ
(င) ဝန်ထမ်းမဟုတ်သူများအတွက်(၆)လအတွင်းရရှိထားသော အကျင့်စာရိတ္တကောင်းမွန်ကြောင်း သက်ဆိုင်ရာရပ်ကွက်နှင့်ရဲစခန်းထောက်ခံချက်မူရင်းတို့ ပူးတွဲပါရှိရမည်။

၅။ ဝန်ထမ်းမဟုတ်သူများသည် လျှောက်လွှာများကို ညွှန်ကြားရေးမှူး၊ ရှမ်းပြည်နယ်စည်ပင်သာယာရေးဌာန၊ ရုံးကြီးလမ်း၊ တောင်ကြီးသို့ လိပ်စာတပ်၍ လူကိုယ်တိုင်သော်လည်းကောင်း၊ စာတိုက်မှ မှတ်ပုံတင်၍သော်လည်းကောင်း ၃၁-၁၂-၂၀၁၃ရက်(အင်္ဂါနေ့)နောက်ဆုံးထား၍ ပေးပို့နိုင်ပါသည်။

၆။ ဝန်ထမ်းများသည် လျှောက်လွှာကို မိမိတာဝန်ထမ်းဆောင်သည့် သက်ဆိုင်ရာဝန်ကြီးဌာနမှ တစ်ဆင့် ရှမ်းပြည်နယ်စည်ပင်သာယာရေးဌာန၊ ရုံးကြီးလမ်း၊ တောင်ကြီးသို့ ၃၁-၁၂-၂၀၁၃ရက် (အင်္ဂါနေ့)နောက်ဆုံးထား၍ ပေးပို့နိုင်ပါသည်။

၇။ အောက်ပါဘာသာရပ်များပါဝင်သော ရေးဖြေစာမေးပွဲကို ဖြေဆိုရမည့် ဖြေဆိုချိန် ၂ နာရီ သတ်မှတ်ထားသည်။
(က) အင်ဂျင်နီယာဘာသာရပ်နှင့် သက်ဆိုင်သည့်စာများ
(ခ) အထွေထွေဗဟုသုတ

၈။ သတ်မှတ်ထားသောရက်အတွင်းလျှောက်လွှာတင်ပြီးနောက် ရေးဖြေစာမေးပွဲကျင်းပမည့်ရက်ကို ထပ်မံအကြောင်းကြားပါမည်။ ရေးဖြေစာမေးပွဲဖြေဆိုမည့်ရက် မတိုင်မီ(၁)ရက်ကြိုတင်၍ ဖြေဆိုမည့်ကတ်ပြားများနှင့် ခုံနံပါတ်များကို ထုတ်ပေးပါမည်။

၉။ ပြည့်စုံမှုမရှိသော လျှောက်လွှာများနှင့်သတ်မှတ်ရက်ထက်နောက်ကျပြီးမှ ရောက်ရှိလာသော လျှောက်လွှာများကို အရေးယူဆောင်ရွက်ပေးမည်မဟုတ်ပါ။

၁၀။ အရည်အချင်းစစ်ရေးဖြေစာမေးပွဲအောင်မြင်သူများကိုသာ လူတွေ့စစ်ဆေးခြင်းပြုလုပ်မည် ဖြစ်ပြီး ဆောင်ရွက်မည့်အစီအစဉ်ကို ထပ်မံအကြောင်းကြားပါမည်။

၁၁။ အသေးစိတ်သိလိုပါက အင်ဂျင်နီယာဌာန ဖုန်း-၀၈၁-၂၁၂၃၉၁၅၊ စီမံရေးရာဌာနစိတ် ဖုန်း-၀၈၁-၂၁၂၃၄၀၂တို့သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းနိုင်ပါသည်။

ရှမ်းပြည်နယ်စည်ပင်သာယာရေးဌာန
တောင်ကြီးမြို့

မင်္ဂလာဒုံ ဥယျာဉ်မြို့တော်တွင် မြေကွက်ဝယ်ယူထားသူများသိစေရန်

မြို့ရွာနှင့် အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာနနှင့် ဇေကမ္ဘာကုမ္ပဏီလီမိတက်တို့ အကျိုးတူပူးပေါင်းဆောင်ရွက်လျက်ရှိသော မင်္ဂလာဒုံဥယျာဉ်မြို့တော်စီမံကိန်းတွင် လျှပ်စစ်မီး၊ ရေ (ဖူးကြီးရေ)၊ တယ်လီဖုန်းစသည်တို့အား ဇေကမ္ဘာကုမ္ပဏီမှ ဆောင်ရွက်ပြီးဖြစ်ပါသည်။ သို့ဖြစ်ပါ၍ ဝယ်ယူထားသော မြေကွက်ပိုင်ရှင်များအနေဖြင့် ဥယျာဉ်မြို့တော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် (ခြံစည်းရိုးနှင့်အိမ်)များကို စာချုပ်ပါစည်းကမ်းချက်များအတိုင်း ဆောက်လုပ်ကြရန် အသိပေး ကြေညာအပ်ပါသည်။

မင်္ဂလာဒုံ ဥယျာဉ်မြို့တော်စီမံကိန်း
ဖုန်း-၆၃၉၃၁၃၊ ၆၃၉၃၀၄၊ ၆၃၉၃၁၅၊ ၆၃၉၃၀၆

ရန်ကုန်စက်မှုဇုန်မှ သတိပေးနှိုးဆော်ခြင်း

ရန်ကုန်မြို့၊ မင်္ဂလာဒုံမြို့နယ် ရန်ကုန်စက်မှုဇုန်အပိုင်း(၁၊၂၊၃)တွင် ဝယ်ယူထားသော စက်ရုံမြေကွက်ပိုင်ရှင်များသည် စာချုပ်ပါအချက်များအတိုင်း မိမိတို့ဝယ်ယူထားသောမြေကွက်တွင် အမြန်ဆုံး စက်ရုံဆောက်လုပ်ကြပါရန် ထပ်မံသတိပေး နှိုးဆော်အပ်ပါသည်။

ရန်ကုန်စက်မှုဇုန်စီမံခန့်ခွဲရေးကော်မတီ
ဆက်သွယ်ရန်ဖုန်း-၆၃၉၃၀၃၊ ၆၃၉၃၀၄၊ ၆၃၉၃၀၅၊ ၆၃၉၃၀၆

၂၇ ရက်သာလိုတော့သည့် ဆီးဂိမ်းပြိုင်ပွဲ အမျိုးသားစိတ်ဓာတ်အပြည့်ဖြင့်ပါဝင်ဆင်နွှဲ

မြန်မာအမျိုးသမီးဘော်လီဘော အောင်နိုင်ဆုရရန် အလားအလာကောင်း

နေပြည်တော် နိုဝင်ဘာ ၁၀

မကြာမီကျင်းပတော့မည့် ဆီးဂိမ်းပြိုင်ပွဲတွင် အမျိုးသမီးဘော်လီဘောအသင်းအနေဖြင့် အောင်မြင်မှုရရှိရန် ယုံကြည်မှု အပြည့်အဝရှိကြောင်း မြန်မာနိုင်ငံ ဘော်လီဘောအဖွဲ့ချုပ်မှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

"ကျွန်တော်တို့ မြန်မာဘော်လီဘော အမျိုးသမီးအသင်းအနေနဲ့ နိုင်ငံတကာပွဲများ ဝင်ရောက်ယှဉ်ပြိုင်ခြင်း မရှိသည်မှာ ကြာပြီဖြစ်သော်လည်း အားကစားသမားတစ်ဦးချင်းစီနဲ့ ကြိုးစားအားထုတ်မှုကြောင့် အောင်မြင်မှုလမ်းကြောင်းပေါ် ပြန်ရောက်လာတော့မယ့်အနေအထား ရှိပါတယ်။ လောလောဆယ်မှာတော့ မြန်မာအမျိုးသမီးဘော်လီဘောအသင်းကို ပဏာမကစားသမား ၁၇ ဦးနဲ့ လေ့ကျင့်နေပါတယ်။ ယခုလေ့ကျင့်နေတဲ့ အသင်းဟာ မြန်မာနိုင်ငံဆီးဂိမ်း အိမ်ရှင်ကျင်းပခွင့်ရပြီးကတည်းက ဆက်တိုက်လေ့ကျင့်နေခဲ့တာပါ။ ပြည်တွင်း ပြည်ပ အတွေ့အကြုံများနှင့်အတူ မြန်မာအမျိုးသမီး ဘော်လီဘော အားကစား ပြန်လည်နိုးထလာရေး ဆက်တိုက်လေ့ကျင့်နေပါတယ်။ လေ့ကျင့်ပေးတဲ့ နည်းပြတွေကတော့ မြန်မာနည်းပြတွေအပြင် ထိုင်းနည်းပြလည်းပါဝင်ပါတယ်" ဟု မြန်မာဘော်လီဘောအသင်းအုပ်ချုပ်သူ ဦးလွှမ်းမိုးက ရှင်းပြသည်။

မြန်မာအမျိုးသမီးဘော်လီဘောအသင်းသည် ဆက်တိုက်လေ့ကျင့်မှုများကြောင့် ၂၀၁၂ ခုနှစ် စက်တင်ဘာလတွင်ကျင်းပသော အာဆီယံလူငယ်ချန်ပီယံရှစ် အမျိုးသမီးဘော်လီဘောပြိုင်ပွဲတွင် တတိယဆုဆွတ်ခူးနိုင်ခဲ့သည်။ ထို့အပြင် မြန်မာအမျိုးသမီး ဘော်လီဘောအသင်းသည် ထိုင်းနှင့်ဗီယက်နမ်တို့တွင် ကျင်းပသော ပြိုင်ပွဲများသို့လည်း သွားရောက်ယှဉ်ပြိုင်ခဲ့ကြောင်း သိရသည်။

ထို့အပြင် တရုတ်နိုင်ငံတွင်လည်း တစ်လကြာ သွားရောက်လေ့ကျင့်ခဲ့သည့်အပြင် ထိုင်းနိုင်ငံသို့လည်း ကာလတို သွားရောက်ကစားခဲ့ကြောင်း သိရသည်။ ယခုအခါ မြန်မာအမျိုးသမီးဘော်လီဘောအသင်းသည် ဆီးဂိမ်းပြိုင်ပွဲဝင်ရန် အသင့်အနေအထားဖြစ်နေပြီး နေပြည်တော် အောင်နိုင်ရေးလေ့ကျင့်ရေးစခန်း၌ ဆက်လက်လေ့ကျင့်လျက်ရှိသည်။ မကြာမီက ဩစတြေးလျ ကလပ်တစ်ခုနှင့်လည်း လက်ရည်စစ် ယှဉ်ပြိုင်ကစားခဲ့ရာ နှစ်ပွဲစလုံး အနိုင်ရရှိထားသည်။ ဆီးဂိမ်းပြိုင်ပွဲကျင်းပစဉ် ကာလအတွင်း အမျိုးသမီးဘော်လီဘောပြိုင်ပွဲများကို ဒီဇင်ဘာ ၁၃ ရက်မှ ၂၀ ရက်အထိ နေပြည်တော် ဇေယျာသီရိ အားကစားရုံ (B)တွင် ကျင်းပမည်ဖြစ်ကြောင်း သိရသည်။ **မောင်ရွှေရိုး**

မြန်မာအမျိုးသမီး ဘော်လီဘောအားကစားသမားများ ယှဉ်ပြိုင်နေမှုကို တွေ့ရစဉ်။

ဆီးဂိမ်းအမျိုးသားဘောလုံးပြိုင်ပွဲ အုပ်စု(က)ပွဲစဉ်များ ပြန်လည်ရေးဆွဲ

ဆီးဂိမ်းပြိုင်ပွဲကျင်းပရေး ကော်မတီသည် ဆီးဂိမ်းအမျိုးသားဘောလုံးပြိုင်ပွဲအုပ်စု(က)ပွဲစဉ်များကို ပြန်လည်ရေးဆွဲ ထုတ်ပြန်လိုက်ပြီဖြစ်သည်။ အုပ်စုပွဲစဉ်များ ရေးဆွဲထုတ်ပြန်ပြီးမှ အုပ်စု(က)မှ ဖိလစ်ပိုင်အသင်းမှာ နုတ်ထွက်သွားခဲ့သောကြောင့် အာရှဘောလုံးအဖွဲ့ချုပ်(AFC)က ပွဲစဉ်များကို အသစ်ပြန်လည်ရေးဆွဲခဲ့ခြင်း ဖြစ်သည်။

ဆီးဂိမ်းအမျိုးသား ဘောလုံးပြိုင်ပွဲ အုပ်စုခွဲဝေထားမှုအရ အုပ်စု(က)တွင် လက်ရှိချန်ပီယံ မလေးရှား၊ ဗီယက်နမ်၊ လာအို၊ စင်ကာပူ၊ ဘရူနိုင်း၊ အုပ်စု(ခ)တွင် အိမ်ရှင် မြန်မာ၊ အင်ဒိုနီးရှား၊ ထိုင်း၊ ကမ္ဘောဒီးယားနှင့် တီမောတို့ ပါဝင်ကြသည်။ ပြန်လည်ရေးဆွဲလိုက်သော ပွဲစဉ်အနေအထားအရ အုပ်စုပွဲစဉ်များမှာ ဒီဇင်ဘာ ၇ ရက်မှ စတင်မည်ဖြစ်ပြီး ဒီဇင်ဘာ ၁၇ ရက်တွင် ပြီးဆုံးမည်ဖြစ်သည်။

ကျင်းပမည်

ဆီမီးဖိုင်နယ်ပွဲစဉ်များကို ဒီဇင်ဘာ ၁၉ ရက်တွင် တတိယနေရာလုပွဲနှင့် ဗိုလ်လုပွဲကို ဒီဇင်ဘာ ၂၀ ရက်တို့တွင် ကျင်းပမည်ဖြစ်သည်။ အုပ်စု(က)ပွဲစဉ်များကို နေပြည်တော်ရှိ ဇေယျာသီရိကွင်း၊ အုပ်စု(ခ)ပွဲစဉ်များကို ရန်ကုန်မြို့ရှိ သုဝဏ္ဏကွင်း၊ ဆီမီးနှင့် ဗိုလ်လုပွဲတို့ကို ဇေယျာသီရိကွင်းတို့တွင် ကျင်းပသွားမည် ဖြစ်သည်။

ဖိုးသော်ဇင်

အုပ်စု(က) ဇေယျာသီရိကွင်း(နေပြည်တော်)

မလေးရှား၊ ဗီယက်နမ်၊ စင်ကာပူ၊ လာအို၊ ဘရူနိုင်း

၈-၁၂-၂၀၁၃	ဗီယက်နမ်	-	ဘရူနိုင်း
	စင်ကာပူ	-	လာအို
၁၀-၁၂-၂၀၁၃	ဘရူနိုင်း	-	မလေးရှား
	ဗီယက်နမ်	-	စင်ကာပူ
၁၃-၁၂-၂၀၁၃	မလေးရှား	-	လာအို
	ဘရူနိုင်း	-	စင်ကာပူ
၁၅-၁၂-၂၀၁၃	စင်ကာပူ	-	မလေးရှား
	လာအို	-	ဗီယက်နမ်
၁၇-၁၂-၂၀၁၃	မလေးရှား	-	ဗီယက်နမ်
	လာအို	-	ဘရူနိုင်း

အုပ်စု(ခ) သုဝဏ္ဏကွင်း(ရန်ကုန်)

မြန်မာ၊ အင်ဒိုနီးရှား၊ တီမော၊ ထိုင်း၊ ကမ္ဘောဒီးယား

၇-၁၂-၂၀၁၃	တီမော	-	ထိုင်း
	မြန်မာ	-	ကမ္ဘောဒီးယား
၉-၁၂-၂၀၁၃	ကမ္ဘောဒီးယား	-	အင်ဒိုနီးရှား
	မြန်မာ	-	တီမော
၁၂-၁၂-၂၀၁၃	အင်ဒိုနီးရှား	-	ထိုင်း
	ကမ္ဘောဒီးယား	-	တီမော
၁၄-၁၂-၂၀၁၃	တီမော	-	အင်ဒိုနီးရှား
	မြန်မာ	-	ထိုင်း
၁၆-၁၂-၂၀၁၃	ထိုင်း	-	ကမ္ဘောဒီးယား
	မြန်မာ	-	အင်ဒိုနီးရှား

ငွေရတုမင်္ဂလာဆုတောင်းလွှာ

နှစ်တွေကြာညောင်း ဆယ်စုပြောင်းလည်း မနှောင်းချစ်တွေ
ပေးခဲ့ဝေရှာ မာတာမေမေ ချစ်ဖေဖေတို့ ရာစုနှစ်တိုင်
တွဲလက်ခိုင်၍ မင်္ဂလာနှစ်တွေ ချမ်းမြေ့စေကြောင်း ဆုမွန်တောင်းသည်....

ချစ်ဖေဖေ ဒုတိယဗိုလ်မှူးကြီးဝင်းနိုင်(ငြိမ်း)-ဆရာဝေယံမိုးခိုင်(ကဗျာ)-
ဒေါ်ခိုင်ခိုင်မြင့်(အလပြ-ငြိမ်း)G.M (Aye Aye Khaing Jade & Construction)

တို့၏ ၁၁-၁၁-၂၀၁၃ရက်တွင် ကျရောက်သော(၂၅)နှစ်ပြည့် မင်္ဂလာရက်မြတ်မှသည် အသက်ရာကျော်ရှည်သည့်တိုင်အောင် ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာစွာဖြင့် လောကီ၊ လောကုတ္တရာ ကောင်းကျိုးချမ်းသာများကို သားသမီးမြေးတို့နှင့်အတူ ဆောင်ရွက်နိုင်ပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါသည်။

သားကြီး-သမီးကြီး	-	ဗိုလ်ကြီးပိုင်စိုးခိုင် B.Sc (Chem) D.S.A, M.Tech (MUCTR)
	-	ဒေါ်ဆုမြတ်နိုင် B.ECIT (Q)
သမီးလတ်	-	မရွှေရည်ဝင်းနိုင် 2 TIT (TU)
သမီးငယ်	-	မဝင်းပြည့်ပြည့်နိုင် (No.17, B.E.H.S)
မြေး	-	မောင်မြတ်မောင်မောင်သီဟ

Happy Birthday "ဖေဖေ"

ချစ်ခင်လေးစားရပါသော ဖေဖေ ၏(၁၁.၁၁.၂၀၁၃)ရက်နေ့တွင် ကျရောက်သော မွေးနေ့မှသည် နောင်နှစ်ပေါင်းများစွာတိုင် စိတ်ချမ်းသာ ကိုယ်ကျန်းမာစွာဖြင့် ချစ်သော မေမေ နှင့်အတူတိုင်းပြည်အကျိုး ဘာသာအကျိုး ၊ သာသနာအကျိုး ကို ယခု ထက်ပို၍ ဆောက်ထမ်းပိုး သယ်ပိုးဆောင်ရွက်နိုင်ပါစေ....

ချစ်သော
မိုးသား

Happy Birthday "ဦး"

ဖခင်ရင်းနှင့်မခြား ကျေးမွေးစောင့်ရှောက်ပေးခဲ့ပါသောကျေးဇူးရှင် "ဦး" ၏(၁၁.၁၁.၂၀၁၃)ရက်နေ့တွင် ကျရောက်သောမွေးနေ့မင်္ဂလာရက်မြတ်မှသည် နောင်မွေးနေ့ပေါင်း(၁၂၀)တိုင် သက်ရှည်ကျန်းမာ စိတ်ချမ်းသာစွာဖြင့် လောကီ လောကုတ္တရာနှစ်ဖြာသောအကျိုးကို ပိုမိုသယ်ပိုး ရွက်ဆောင်နိုင်ပြီး ဦးချစ်သော မာမေး ၊ မိုးသား တို့နှင့်အတူ ပိုမိုပြီးပြည့်စုံသော ဘဝကို ပိုင်ဆိုင်နိုင်ပါစေလို့ ဆုမွန်ကောင်းတောင်းလျက်......

ချစ်သော တူ/ တူမများ
သားသား+စုစု၊အောင်သက်ဦး+မီးမီး
ငြိမ်းချမ်း+ရည်မွန်၊မွေးမွေး
ဂျဲဂျဲ ၊ ကဲကဲ ၊ ကုကု ၊ သုသု

ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ ရွာသာကြီးကျေးရွာ၊ ကွင်းအမှတ် ၁၁၁၅၊ ငါးဟစ်ကံ၊ ဦးပိုင်အမှတ် ၁၈၊ အနံ ၂၂၀ အလျား ၆၀၀ အကျယ်ရှိ အစိတ်အပိုင်းတစ်ခုဖြစ်သည့် ဧရိယာ ၁၀ ဒသမ ၃၈ ရှိမြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကို ဦးမြသွင် ၁၂/လကန(နိုင်)၁၂၃၀၉၃ အမည်ပေါက်ပိုင်ဆိုင်လျက်ရှိပြီး အဆိုပါမြေကွက်အား ၄င်းထံမှ ကျွန်ုပ်၏မိတ်ဆွေမှ ဝယ်ယူရန် ၇-၁၁-၂၀၁၃ ရက်တွင် စရန်ငွေပေးချေပြီးဖြစ်ပါ၍ အဆိုပါရောင်းချသည့်မြေကွက်နှင့်ပတ်သက်၍ ပိုင်ဆိုင်အကျိုးခံစားခွင့်ရှိသူ မည်သူမဆို ဤကြေညာချက်ပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ကျွန်ုပ်တို့ထံသို့ ခိုင်မာသောစာရွက်စာတမ်းများနှင့်တကွ လာရောက်ကန့်ကွက်နိုင်ပါသည်။ လာရောက်ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကို ပြီးပြတ်သည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဒေါ်နွယ်နီတင်	ဒေါ်တင်နှင်းယု	ဒေါ်နန္ဒာအောင်
(စဉ်-၆၉၃၉)	(စဉ်-၃၂၃၈၂)	(စဉ်-၃၂၇၁၆)

တရားလွှတ်တော်ရှေ့နေ / အထက်တန်းရှေ့နေများ
အမှတ် ၄၉၃၊ ပထမထပ်၊ အခန်း(၃)၊ နဂါးရုံဘုရားလမ်း၊ အမှတ်(၅)ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်၊ ဖုန်း-၀၉-၅၁၉၈၇၉၅

GOLDEN STAR
ထျိုက်ထီးရိုး၊ (ခရစ်)
ရွှေတောင်သာ (ခရစ်)
ငွေတောင် (ကားကြီး)
Ph: 709200, 430400, 544333

ရွှေကြယ်ပွင့်
ကျိုက်ထီးရိုး(ခရစ်)- 9000
ရွှေတောင်သာ (ခရစ်)-12000
ငွေတောင် (ကားကြီး)-15000
Ph: 09-31210000, 09-43740000

အလိမ္မာ စာမှာရှိ

ကြော်ငြာ

KBZ BANK

ကမ္ဘောဇဘဏ်လီမိတက် ၏ (၁၂၇)ဘဏ်မြောက်

ရန်ကင်းဘဏ်ခွဲ ကို

ရန်ကုန်တိုင်းဒေသကြီး၊ ရန်ကင်းမြို့နယ် တွင်

၁၁.၁၁.၂၀၁၃ (တနင်္လာနေ့)၌ ဖွင့်လှစ်ပြီးဖြစ်ပါကြောင်းနှင့်

ဘဏ်လုပ်ငန်းဝန်ဆောင်မှုများကို ဆက်သွယ်ဆောင်ရွက်နိုင်ပြီဖြစ်ပါကြောင်း

မိဘပြည်သူများအား သတင်းကောင်းပါးအပ်ပါသည်။

သဒ္ဓါထက်သန် မြန်မာအားမာန် ကမ္ဘောဇဘဏ်

ဆက်သွယ်ရန်လိပ်စာ

ရန်ကင်းဘဏ်ခွဲ

တိုက်အမှတ်(၇/၀၀၂)၊ ဝဲဘက်ခြမ်း၊ မိုးကောင်းလမ်း၊

(၁၃)ရပ်ကွက်၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။

ဖုန်း - (၀၁) ၅၆၆၇၆၁

ဖက်စ် - (၀၁) ၅၆၆၇၆၀

www.kbzbank.com

ပြည်တွင်းသတင်း

အရသာထူးသော ကညွတ်ပင်

ရန်ကုန် နိုဝင်ဘာ ၁၀

တစ်နှစ်လျှင် တစ်ကြိမ်သာ ရာသီအလိုက်ပေါ်သည့် အရသာထူးသော ဟင်းသီးဟင်းရွက်ပင်ဖြစ်သည့် ကညွတ်ပင်ကို လူအများအမြတ်တနိုး ဝယ်ယူစားသုံးကြသည်။ မြန်မာနိုင်ငံတွင် မိုးဦးကျစကာလများ၌ ကညွတ်များကို ဈေးထဲ၌ ရောင်းချကြသည်။ အနောက်နိုင်ငံတို့၌လည်း ကညွတ်ကို ကြိုက်နှစ်သက်သူများ၍ အစားထူး အစားဆန်းတစ်ရပ်အဖြစ် ဈေးကြီးပေး၍ ဝယ်ယူစားသုံးကြသည်။

ရောမဘုရင်များ ကြီးစိုးသည့်ခေတ်မှစ၍ ကညွတ်ကို အစာကောင်းတစ်ခုအဖြစ်ဖြင့် စိုက်ပျိုးခဲ့ကြ၏။ ကညွတ်သည် နှစ်ရှည်ပင်မျိုးဖြစ်ရာ ကျနစွာ ပြုပြင်ထားသည့် စိုက်ခင်းတွင် အစေ့များကို စိုက်ပျိုး၍ အပင်များ နေသားတကျ ဖြစ်လာလျှင် နှစ်စဉ် နှစ်စဉ် အပင်စို့များ ထွက်ပေါ်လာမည် ဖြစ်၏။ သို့သော် အပင်များ သန်စွမ်းစွာ ထွက်နိုင်ရန် မြေဩဇာ အစဉ်ဖြည့်လောင်းပေးရသည်။

အနောက်နိုင်ငံများတွင် ဆောင်းနှင့်နွေအကြားစပရင်းဥတု(နွေကူးဥတု)သည် ကညွတ်ပေါ်ချိန်ဖြစ်သည်။ ကညွတ်ပင်စို့များ မြေပြင်မှ ပေါ်ထွက်လာ၍ ခြောက်လက်မ သို့မဟုတ် ရှစ်လက်မ မြင့်လာသည့်အခါ စားသုံးရန်အတွက် ထိုအပင်ငယ်များကို ဖြတ်ယူကြသည်။ အကယ်၍ အပင်ကို ကြီးပြင်းအောင်ထားလိုက်လျှင် ငှက်မွေးငှက်တောင်ကဲ့သို့သော အခက်အရွက်များဖြင့် အလွန်တင့်တယ်သည့် အပင်ဖြစ်လာပေမည်။ အပွင့်လေးများမှာ ဖြူ၍ အနီရောင်အသီးများ သီးသည်။

ထို့ကြောင့် အချို့ ကညွတ်ပင်မျိုးတို့ကို ခြံဥယျာဉ်များတွင်အလှအပအတွက် သက်သက်စိုက်ပျိုးထားတတ်ကြသည်။ ကညွတ်ပင်မျိုးပေါင်း ၁၂၀ ကျော်ရှိ၍ အချို့နိုင်ငံများတွင် ကညွတ်ရိုင်းပင်များနှင့် ကညွတ်နွယ်ပင်များလည်း ရှိသည်။ ကညွတ်ပင်ကို စိုက်ပျိုးရာ၌ ပျိုးခင်းတွင် ပေါင်များပြုလုပ်၍ အတန်းလိုက် မျိုးစေ့များကို သုံးလက်မစီခွာလျက် ပျိုးကြသည်။

အတန်းတစ်ခုနှင့်တစ်ခု သုံးပေခန့်ကွာနေစေရမည်။ ထိုကဲ့သို့ မျိုးစေ့ကို ပျိုးပြီး တစ်နှစ်ကြာမှ ကညွတ်ပင်စို့များကို တူးဖော်၍ အမြဲတမ်း စိုက်ထားမည့် စိုက်ခင်းသို့ ရွှေ့ပြောင်းပေးရသည်။ ထိုစိုက်ခင်းတွင် တစ်တန်းနှင့်တစ်တန်း လေးပေမှ ငါးပေအထိကွာစေ၍ တစ်ပင်နှင့်တစ်ပင် နှစ်ပေခန့်ခွာလျက် ထားရသည်။

ဝယ်ယူ

မျိုးစေ့ကို စိုက်ပျိုးပြီး ငါးနှစ်ကြာမှ ကညွတ်ပင်ပေါက်များကို စားသုံးရန်အလို့ငှာ ဖြတ်ယူနိုင်သည်။ ထို့ကြောင့်လည်း ကညွတ်ကို ရနိုင်ခဲသော ဟင်းသီးဟင်းရွက်အနေနှင့်လည်း လူတို့မှာ ဈေးကြီးပေးကာ ဝယ်ယူစားသုံးကြသည်။

စိုးဝင်း(SP)

ပူတာအိုး၌ အသိပညာပေးဟောပြော

ပူတာအို နိုဝင်ဘာ ၁၀

ကချင်ပြည်နယ် ပူတာအိုမြို့နယ် မူလာရှီးဒီကျေးရွာ အခြေခံပညာအထက်တန်းကျောင်းခွဲ၌ နိုဝင်ဘာ ၄ ရက် နံနက် ၁၀ နာရီက မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှုတိုက်ဖျက်ရေး၊ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းထိန်းသိမ်းရေး အသိပညာပေးဟောပြောပွဲ ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးစိုးမြင့်သိန်းက အမှာစကားပြောကြားသည်။ ထို့နောက် ပူတာအိုခရိုင်ပြည်သူ့ဆေးရုံမှ ခွဲစိတ်အထူးကုဆရာဝန်ဒေါက်တာမောင်မောင်ကျော်က မူးယစ်ဆေးဝါးအန္တရာယ်နှင့် မူးယစ်ဆေးဝါးအလွဲသုံးစွဲမှုကြောင့် ရရှိလာမည့်ဆိုးကျိုးများ၊ ခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီး ကျော်တေဇက မြန်မာနိုင်ငံရဲတပ်ဖွဲ့ဖြစ်ပေါ်လာပုံအဆင့်ဆင့်၊ လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးနှင့် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းလိုက်နာခြင်းဖြင့် မိမိဘဝလုံခြုံရေးရရှိလာမည်ဖြစ်ကြောင်း၊ ခရိုင်ဥပဒေအရာရှိ ဦးလှမြင့်က မူးယစ်ဆေးဝါးအလွဲသုံးမှု၊ လူကုန်ကူးမှု တားဆီးကာကွယ်နှိမ်နင်းရေးနှင့် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း ဥပဒေအကြောင်းသိကောင်းစရာများ၊ မြို့နယ်ပညာရေးမှူး ဦးကံသောင်းက အသိပညာအတတ်ပညာ တိုးတက်ရေးအတွက် စာများများဖတ်ရှုလေ့လာရန် သတ်မှတ်ထားသော စည်းမျဉ်း စည်းကမ်းများကို လိုက်နာဆောင်ရွက်ရေး အသိပညာပေးဟောပြောသည်။

(ခရိုင် ပြန်/ဆက်)

တာပွန်တိုက်နယ်ဆေးရုံ၌ ဓာတ်မှန်ဆောင်တည်ဆောက်

နတ်တလင်း နိုဝင်ဘာ ၁၀

ပဲခူးတိုင်းဒေသကြီး သာယာဝတီခရိုင် နတ်တလင်းမြို့နယ် တာပွန်တိုက်နယ်ဆေးရုံဝင်းအတွင်း တည်ဆောက်နေသော ဓာတ်မှန်ဆောင်သည် ၉၅ ရာခိုင်နှုန်းပြီးစီးနေပြီဖြစ်ကြောင်း တာပွန်အုပ်ချုပ်ရေးမှူး ဦးအောင်မြင့်ဦးက ပြောကြားသည်။ ဓာတ်မှန်(100-KV)ကို နိုင်ငံတော်အစိုးရက ထောက်ပံ့ပြီး ဓာတ်မှန်ဆောင် ဆောက်လုပ်ရာတွင် တိုင်းဒေသကြီးအစိုးရက ငွေကျပ်သိန်း ၅၀ ကူညီကာ ဒေသခံပြည်သူများက ၉၃ သိန်းထည့်ဝင်၍ စုစုပေါင်း ၁၄၃ သိန်း အကုန်အကျခံ ဆောက်လုပ်ထားခြင်းဖြစ်သည်။ ဓာတ်မှန်ဆောင်ဖွင့်ပြီးပါက ကျေးရွာအုပ်စု ၂၅ အုပ်စုမှ ပြည်သူများ နတ်တလင်းမြို့သို့ သွားရောက်ပြီး ဓာတ်မှန်ရိုက်ခြင်း၊ ရောဂါရှာဖွေခြင်းများကို အချိန်မကုန်စေဘဲ မိမိဒေသတွင် ကုသဆောင်ရွက်နိုင်တော့မည်ဖြစ်ကြောင်း သိရသည်။

တင်မြင့်

ကွတ်ခိုင်မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန နှစ်ပတ်လည်နေ့ အခမ်းအနားကျင်းပ

ကွတ်ခိုင် နိုဝင်ဘာ ၁၀

ပြည်ထဲရေးဝန်ကြီးဌာန အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန နှစ်ပတ်လည်နေ့ အထိမ်းအမှတ်အခမ်းအနားကို နိုဝင်ဘာ ၇ ရက် ရှမ်းပြည်နယ်(မြောက်ပိုင်း) မူဆယ်ခရိုင် ကွတ်ခိုင်မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၌ ကျင်းပရာ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဆန်းမြင့်နှင့်ဇနီး မိသားစု၊ စည်းရုံးရေးနှင့် စည်းကမ်းထိန်းသိမ်းရေး ကော်မတီဥက္ကဋ္ဌ ဒေါ်ခင်စန်းကြည်တို့က ဦးဆောင်ပြီး မိမိဌာနဝန်ထမ်းများ ပူးပေါင်း၍ ကွတ်ခိုင်မြို့ တောင်တန်းသာသနာပြုကျောင်းတိုက်မှ ပင့်သံဃာငါးပါးအားပင့်ဆောင်၍ အန္တရာယ်ကင်းပရိတ်တရားတော်များ နာယူခြင်း၊ အရုဏ်ဆွမ်းနှင့် လှူဖွယ်ဝတ္ထုများ ဆက်ကပ်လှူဒါန်းပြီး ဌာနဝန်ထမ်း ၃၅ ဦး တို့အား ၂၄၀၀၀၀ တန်ဖိုးရှိ လက်ဆောင်ပစ္စည်းများ ဗလာမပါ ကံစမ်းမဲဖောက်ပေးခြင်းများကို ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

အယ်လ်စိုး(Iprd)

နေပြည်တော် ဇေယျာသီရိအားကစားကွင်း လမ်းလယ်ကျွန်း အချောသပ်လုပ်ငန်းဆောင်ရွက်

ဇေယျာသီရိ နိုဝင်ဘာ ၁၀

(၂၇)ကြိမ်မြောက် အရှေ့တောင်အာရှ ဆီးဂိမ်းပြိုင်ပွဲကြီးကျင်းပရန် အချိန်တဖြည်းဖြည်းနီးကပ်လာသည်နှင့်အမျှ ပြိုင်ပွဲကြီးအတွက် သက်ဆိုင်ရာ အားကစားနည်းအလိုက် ကျင်းပမည့် အဓိကကျသော အားကစားကွင်း၊ အားကစားရုံနှင့် အားကစားနေရာများကို နိုင်ငံတကာအဆင့်မီအောင် တည်ဆောက်လျက်ရှိရာ ယခုအခါ အပြီးသတ်ပြင်ဆင်လုပ်ဆောင်သည့် အပိုင်းသို့ရောက်ရှိနေပြီဖြစ်ကြောင်း သိရသည်။

နေပြည်တော် ဇေယျာသီရိအားကစားကွင်း၌ ဘောလုံးကွင်း၊ ရေကူးကန်နှင့် အင်ဒိုးအားကစားရုံများကို သေသပ်ခံ့ညားစွာဖြင့် နိုင်ငံတကာ အဆင့်မီအောင် ဆောက်လုပ်ထားပြီး လမ်းလယ်ကျွန်းများ ဆောက်လုပ်မှုကို **(အပေါ်ပုံ)** သတ်မှတ်အချိန်အတွင်းပြီးစီးရန် နေ့ရောညပါ လုပ်ဆောင်လျက်ရှိကြောင်း ဆောက်လုပ်ရေး ကန်ထရိုက်တစ်ဦး၏ ပြောကြားချက်အရ သိရသည်။

"ဒီအားကစားရုံဆောက်လုပ်မှုမှာ ကျွန်တော်တို့တာဝန်ယူဆောက်လုပ်ရတဲ့အပိုင်းကတော့ ပြီးစီးသလောက်ဖြစ်နေပါပြီ။ အခု နောက်ဆုံး တာဝန်ယူလုပ်နေတာကတော့ ကားရပ်နားမယ့် ကားပါကင်နဲ့ လမ်းလယ်ကျွန်းတွေ ဆောက်လုပ်မှုပါ။ အဲဒီကားပါကင်နေရာတွေကို ကွန်ကရစ်လောင်းတယ်။ နောက်ပြီး လမ်းလယ်ကျွန်းတွေ အုတ်စီချောတယ်။ လမ်းလယ်ကျွန်းနေရာတွေမှာ သစ်ပင်တွေ၊ မြက်တွေစိုက်ပါတယ်။ အစောပိုင်းကာလမှာ ဘောလုံးကွင်းကြီး၊ ရေကူးကန်နဲ့ အင်ဒိုးအားကစားရုံ ဆောက်လုပ်မှုအပိုင်းကို တာဝန်ယူတည်ဆောက်ပါတယ်။ နောက်ပြီး ကွင်းပတ်လည်၊ လူသွားစင်္ကြံ(ပလက်ဖောင်း)တွေနဲ့ ရေမြောင်းတွေကိုလည်း ဆောက်လုပ်ခဲ့ပါတယ်။ ကျွန်တော်တို့တာဝန်ယူဆောက်လုပ်မှုအားလုံး သတ်မှတ်ချိန်အမီ ပြီးစီးအောင် အလုပ်သမားတွေကို အဆိုင်းလိုက်ခွဲပြီး နေ့ရောညပါ လုပ်ဆောင်နေပါတယ်။ ကျွန်တော်တို့အနေနဲ့ နိုဝင်ဘာ ၁၅ ရက်မှာ အပြီးဆောက်လုပ်ပေးရမှာ ဖြစ်ပါတယ်" ဟု မက်စ်မြန်မာကုမ္ပဏီမှ ဆောက်လုပ်ရေးတာဝန်ခံ ဦးမောင်ဝင်းက ပြောပြသည်။

သတင်းနှင့် ဓာတ်ပုံ – တင်မောင်ဆွေ

စက်မှုဝန်ကြီးဌာန
အမှတ်(၃)အကြီးစားစက်မှုလုပ်ငန်း
(အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

၁။ စက်မှုဝန်ကြီးဌာန၊ အမှတ်(၃)အကြီးစားစက်မှုလုပ်ငန်း ကြီးကြပ်မှုအောက်ရှိ အမှတ်(၃၆) အကြီးစားစက်ရုံ(ကျောက်ဆည်)အတွက် လိုအပ်သော အောက်ပါကုန်ကြမ်းပစ္စည်းများအား စက်ရုံပိုင်လုပ်ကွက်မှ စက်ရုံ၏ သတ်မှတ်နေရာသို့အရောက် မြန်မာကျပ်ငွေဖြင့် ထုတ်ယူလိုပါသည်-

စဉ်	ပစ္စည်းအမျိုးအမည်	လိုအပ်တန်ချိန်
(က)	Quartzite	၆၃၅၀၀ တန်/နှစ်
(ခ)	ဒိုလိုမိုက်	၉၀၀၀ တန်/နှစ်

၂။ တင်ဒါပိတ်ရက်မှာ ၆-၁၂-၂၀၁၃ရက် ညနေ ၁၅:၀၀နာရီ(သောကြာနေ့)ဖြစ်ပါသည်။ အသေးစိတ်သိရှိလိုပါက ပစ္စည်းစီမံရေးဌာန၊ အမှတ်(၃)အကြီးစား စက်မှုလုပ်ငန်း၊ စက်မှုဝန်ကြီးဌာန၊ ရုံးအမှတ်(၄၁)၊ နေပြည်တော် ဖုန်း-၀၆၇-၄၀၈၁၆၀၊ ၀၆၇-၄၀၈၂၀၈တို့သို့ ရုံးချိန်အတွင်း လာရောက်စုံစမ်းနိုင်ပါသည်။

ရခိုင်ပြည်နယ်တရားလွှတ်တော်
စစ်တွေမြို့
အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ရခိုင်ပြည်နယ်တရားလွှတ်တော်၊ စစ်တွေမြို့တွင် ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ်တွင် အောက်ဖော်ပြပါရုံးသုံးစက်ကိရိယာများ၊ ရုံးသုံးပရိဘောဂများကို (မြန်မာကျပ်ငွေ)ဖြင့် ဝယ်ယူလိုပါသည်-

(က) ကွန်ပျူတာနှင့် ဆက်စပ်ပစ္စည်းများ ၁၂ စုံ
(ခ) ဖက်စ် ၁၂ စုံ
(ဂ) Confrance System ၂၀ ဦးစာ
(ဃ) လေအေးပေးစက် (1.5 HP) ၄ လုံး
(င) ရုံးသုံးပရိဘောဂ (ဗီရို၊ စားပွဲ၊ ကုလားထိုင်၊ ဖိုင်တင်စင်)စသည်များ

၂။ တင်ဒါပုံစံများကို ရခိုင်ပြည်နယ် တရားလွှတ်တော်ရုံးတွင် ရုံးချိန်အတွင်း ဝယ်ယူနိုင်ပါသည်။
၃။ တင်ဒါပိတ်မည့်ရက် ၂၉-၁၁-၂၀၁၃ ရက် ညနေ ၄ နာရီ
၄။ အသေးစိတ်သိလိုပါက ဖုန်း-၀၄၃-၂၂၈၃၄၊ ၀၄၃-၂၃၅၀၈တို့သို့ ဆက်သွယ်မေးမြန်းနိုင်ပါသည်။

ပစ္စည်းဝယ်ယူရေး ကြီးကြပ်ရေးအဖွဲ့
ရခိုင်ပြည်နယ် တရားလွှတ်တော်

စက်မှုဝန်ကြီးဌာန
အမှတ်(၃)အကြီးစားစက်မှုလုပ်ငန်း
မီးခံဘိလပ်မြေပြားစက်ရုံ(မော်ဘီ)ပိုင် မြေကွက်(၁၀၉.၂၅)ဧကအား
နှစ်ရှည်ငှားရမ်းဆောင်ရွက်ရန်အတွက်
အဆိုပြုလွှာခေါ်ယူခြင်း

၁။ အမှတ်(၃)အကြီးစားစက်မှုလုပ်ငန်းကြီးကြပ်မှုအောက်ရှိ မီးခံဘိလပ်မြေပြားစက်ရုံ(မော်ဘီ)ပိုင် တစ်ဆက်တစပ်တည်းရှိနေသော မြေကွက်(၁၁)ကွက်အား နှစ်ရှည်ငှားရမ်း ဆောင်ရွက်ရန်အတွက် ပုဂ္ဂလိကလုပ်ငန်းရှင်များသို့ အဆိုပြုလွှာများတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်။
၂။ စိတ်ပါဝင်စားသော အဖွဲ့အစည်းများသည် အဆိုပြုလွှာပုံစံနှင့် စည်းကမ်းချက်များကို ၁၁-၁၁-၂၀၁၃ရက်မှ ၁၃-၁၂-၂၀၁၃ရက်အထိ နေ့စဉ်ရုံးချိန်အတွင်း လာရောက်ထုတ်ယူနိုင်ပြီး အဆိုပြုလွှာအား ၁၃-၁၂-၂၀၁၃ရက် ညနေ ၁၅:၀၀နာရီ နောက်ဆုံးထား၍ စက်မှုဝန်ကြီးဌာန၊ အမှတ်(၃)အကြီးစားစက်မှုလုပ်ငန်း၊ ပစ္စည်းစီမံရေးဌာန၊ ရုံးအမှတ်(၄၁)၊ နေပြည်တော်တွင် တင်သွင်းရမည်ဖြစ်ပါသည်။
၃။ အသေးစိတ်အချက်အလက်များကို သိရှိလိုပါက ဖုန်း-၀၆၇-၄၀၈၂၀၈၊ ၀၆၇- ၄၀၈၁၆၀၊ Fax-၀၆၇-၄၀၈၀၆၄တို့သို့ ဆက်သွယ်မေးမြန်းနိုင်ပါသည်။

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန
ကုန်သွယ်ရေးညွှန်ကြားမှုဦးစီးဌာန
လူ့စွမ်းအား အရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေးဌာနခွဲ
အပြည်ပြည်ဆိုင်ရာ ကုန်သွယ်မှုအခြေခံသင်တန်းအမှတ်စဉ် (၄)
နှင့် အဆင့်မြင့်သင်တန်းအမှတ်စဉ်(၃)

စတင်ဖွင့်မည့်ရက်	-	၂၀၁၃ ခုနှစ် နိုဝင်ဘာ ၂၅ ရက်
သင်တန်းအချိန်	-	နံနက် ၉:၃၀ နာရီမှ မွန်းလွဲ ၁၂:၃၀ နာရီအထိ
သင်တန်းကာလ	-	တစ်ပတ်လျှင် ၃ ရက်ဖြင့် ၄ လကြာ
စုံစမ်းရန်ဖုန်း	-	၀၁-၂၅၀၈၇၁၊ ၀၁-၃၇၁၂၀၄၊ ၀၁-၃၇၁၂၂၀
သင်တန်းဖွင့်မည့်နေရာ	-	ကုန်သွယ်ရေးညွှန်ကြားမှုဦးစီးဌာန အမှတ် ၂၂၈-၂၄၀၊ ကမ်းနားလမ်း၊ ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်မြို့

စွမ်းအင်ဝန်ကြီးဌာန
မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်း
အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်း ကြီးကြပ်မှုအောက်ရှိ ရေနံနှင့်ရေနံဓာတုဗေဒပစ္စည်းများ သယ်ယူပို့ဆောင်ရေးဌာနမှ ဆင်ပြောင်-၁၈၊ ရေယာဉ်နှင့်ဆင်ပြောင်-၁၄ ရေယာဉ်တို့ကို မျက်မြင်အခြေအနေအတိုင်း အိတ်ဖွင့်တင်ဒါစနစ်ဖြင့် လေလံတင်ရောင်းချမည်ဖြစ်ပါ၍ အိတ်ဖွင့်တင်ဒါပေးသွင်းနိုင်ရန် ဖိတ်ခေါ်ပါသည်။

၂။ **တင်ဒါပုံစံရောင်းချမည့်ရက်**	-	၁၂-၁၁-၂၀၁၃ရက်မှ ၃-၁၂-၂၀၁၃ရက်အထိ (ရုံးချိန်အတွင်း)
၃။ **တင်ဒါပုံစံရောင်းချမည့်နေရာ**	-	(က)ဘဏ္ဍာရေးဌာန၊ မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်း ရုံးအမှတ် (၄၄)၊ နေပြည်တော် (ခ)ဘဏ္ဍာရေးဌာန၊ မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်း အမှတ် ၇(က)၊ သန်လျက်စွန်းလမ်း၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့
၄။ **တင်ဒါတင်သွင်းရမည့်နောက်ဆုံးရက်**	-	၃-၁၂-၂၀၁၃ရက် (အင်္ဂါနေ့)
အချိန်နှင့်နေရာ	-	၁၂:၃၀နာရီ၊ ရုံးအမှတ်(၄၄)၊ နေပြည်တော်
တင်ဒါဖွင့်လှစ်မည့်နေ့ရက်နှင့်အချိန်	-	၃-၁၂-၂၀၁၃ရက် ၁၃:၀၀နာရီ

၅။ အသေးစိတ်သိရှိလိုပါက ဖုန်း-၀၆၇-၄၁၁၃၄၉၊ ၀၆၇-၄၁၁၁၂၂၊ ၀၆၇-၄၁၁၁၉၅တို့သို့ ဆက်သွယ်မေးမြန်းနိုင်ပါသည်။

လေလံတင်ရောင်းချရေးအဖွဲ့
မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်း၊ နေပြည်တော်

တစ်ဦးတည်း ဖြစ်ပါကြောင်း

ဦးသိန်းဦး ၉/ပဘန(နိုင်)၀၆၁၇၇၉၏သမီး မတင်ဇာလှိုင်(ခ)ဇင်မာဦးနှင့် မဇင်မာဦး ၉/ပဘန(နိုင်)၁၄၆၉၉၁သည် တစ်ဦးတည်းဖြစ်ပါကြောင်း။ **မတင်ဇာလှိုင်(ခ)ဇင်မာဦး ၉/ပဘန(နိုင်)၁၄၆၉၉၁**

ပြည်တွင်းသတင်းနှင့်ဆောင်းပါး

ဖလမ်းမြို့ ရန်ပြေမာန်ပြေ နိုင်ငံအေး အောင်တော်မူဓာတ်ပေါင်းစုစေတီတော်မြတ်ကြီး ဘက်စုံပြုပြင်မွမ်းမံတည်ဆောက်ရေးလှူဒါန်းနိုင်

ဖလမ်း နိုဝင်ဘာ ၁၀

ချင်းပြည်နယ် ဖလမ်းမြို့ ကျင်မွာလ်ရပ်ကွက်၌ တည်ထားကိုးကွယ်သော ရန်ပြေမာန်ပြေ နိုင်ငံအေး အောင်တော်မူဓာတ်ပေါင်းစုဆုတောင်းပြည့် စေတီတော်မြတ်ကြီးသည် **(ယာပုံ)** တောင်တန်းသာသနာပြုဆရာတော် ဦးဥတ္တမသာရက ၁၉၉၃ ခုနှစ်တွင် စတင်တည်ထားခဲ့ရာ ၁၉၉၅ ခုနှစ်တွင် ပြီးစီးခဲ့သည်။

၂၀၀၉ ခုနှစ်တွင် စေတီတော်၏ အရှေ့မြောက်ထောင့် ရင်ပြင်တော်မြေသားကျွံကျခဲ့ရာမှ ယခုအခါ စေတီတော်၏ရင်ပြင်အောက်ခံပလ္လင်နှင့်လုံးပတ်တော်တို့တွင် အက်ကွဲကြောင်းများ ဖြစ်ပေါ်လာသဖြင့် အမြန်ပြုပြင်မွမ်းမံတည်ဆောက်ပေးရန် လိုအပ်နေကြောင်း၊ အချိန်မီ ပြုပြင်နိုင်ခြင်းမရှိပါက စေတီတော်ကြီးပြိုပျက်သွားနိုင်သည့် အခြေအနေဖြစ်ပေါ်နေကြောင်း၊ စေတီတော်ကြီးမှာ တောင်တန်းသာသနာပြုဆရာတော်ကြီးမပျံလွန်ခင်နောက်ဆုံး တည်ထားကိုးကွယ်ခဲ့သော စေတီတော်ကြီးဖြစ်၍ ဆရာတော်ကြီး၏ နောက်ဆုံးရည်မှန်းချက်များ ထာဝရအောင်မြင်စေရေးဒေသခံဗုဒ္ဓဘာသာဝင်များက ပြုပြင်ရန်ဆန္ဒရှိနေကြောင်း၊ စေတီတော်ကြီးပြန်လည်ပြုပြင်ရေးအတွက် သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာနမှ ပါမောက္ခဌာနမှူး ဒေါက်တာညဏ်မြင့်ကျော်နှင့်အဖွဲ့က လာရောက်ကြည့်ရှုစစ်ဆေးခဲ့ပြီး ပြုပြင်ရန်ခန့်မှန်းငွေကျပ်သိန်း ၂၅၀ ကျော်ကုန်ကျနိုင်ကြောင်း၊ လက်ရှိတွင် စေတီတော်ကြီး ပြန်လည်ပြုပြင်ရန် ကော်မတီဖွဲ့စည်းထားရှိပြီး အလှူငွေကျပ်သိန်း ၃၀ ခန့်လက်ခံရရှိထားပြီး နောက်ထပ် ကျပ်သိန်း ၂၂၀ ခန့်လိုအပ်နေကြောင်း၊ လှူဒါန်းလိုသူများ အနေဖြင့် ဖလမ်းမြို့ ထေရဝါဒဗုဒ္ဓသာသနာပြုကျောင်းဆရာတော် ဖုန်း ၀၇၀-၄၀၀၄၃ နှင့် ၀၉-၂၁၀၀၈၇၇ သို့ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။

(ခရိုင် ပြန်/ဆက်)

ဒေသဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ ရှင်းလင်းဆွေးနွေး

ပင်လောင်း နိုဝင်ဘာ ၁၀

ရှမ်းပြည်နယ်(တောင်ပိုင်း) ပအိုးဝ်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ ပင်လောင်းမြို့နယ် လိန်းညားကျေးရွာအုပ်စု ထီဗိကျေးရွာဘုန်းတော်ကြီးကျောင်း၌ ဒေသဖွံ့ဖြိုးတိုးတက်လာစေရေးအတွက် မြို့နယ်ဌာနဆိုင်ရာလုပ်ငန်းများ ရှင်းလင်းဆွေးနွေးပွဲကို နိုဝင်ဘာ ၅ ရက် နံနက် ၁၀ နာရီကကျင်းပရာ ပင်လောင်းမြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးနှင့် ကျေးရွာ ၁၈ ရွာမှ ရွာသူ ရွာသားများ တက်ရောက်ကြသည်။

ပြောကြား

အဆိုပါဆွေးနွေးပွဲတွင် ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူးက ကျေးရွာအတွင်းရှိ ပြည်သူများကို ဗဟိုပြု၍ လူမှုရေး၊ စီးပွားရေးနှင့် ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် ဌာနဆိုင်ရာများနှင့် ပြည်သူလူထုပူးပေါင်းဆောင်ရွက်ကြမှသာ ဖွံ့ဖြိုးတိုးတက်မည်ဖြစ်ကြောင်း ရှင်းလင်းဆွေးနွေးပြီး မြို့နယ်ဥပဒေအရာရှိက ပြစ်မှုများနှင့် သက်ဆိုင်သော အရေးယူမှုဥပဒေပုဒ်မတို့ကိုလည်းကောင်း၊ မြို့နယ်ရဲတပ်ဖွဲ့က မှုခင်းကျဆင်းရေးဆိုင်ရာကဏ္ဍတို့ကိုလည်းကောင်း၊ မြို့နယ်အခွန်ဦးစီးမှူးက အခွန်ပေးဆောင်ရမည့်လုပ်ငန်းအမျိုးအစားကဏ္ဍအလိုက်ကိုလည်းကောင်း၊ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနဦးစီးမှူးက စာဖတ်ရှိန်မြှင့်တင်ရေး၊ လူကုန်ကူးမှုတားဆီးကာကွယ်ရေးနှင့် ၂၀၁၄ ခုနှစ် မတ်လတွင်ကျင်းပမည့် ပြည်လုံးကျွတ် သန်းခေါင်စာရင်းကောက်ယူမည့် အချက်အလက်များကိုလည်းကောင်း၊ မြို့နယ်မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန ဦးစီးမှူးက ကျွဲ၊ နွားများဖြစ်သော ခေါင်းကြီးရောဂါ၊ ခွာနာ လျှာနာရောဂါနှင့် အခြားဖြစ်တတ်သော ရောဂါများမဖြစ်ပွားအောင် ကြိုတင်ကာကွယ်ဆေးထိုးဖို့ လိုအပ်ကြောင်း၊ မြို့နယ်ကြေးတိုင်နှင့် မြေစာရင်းဦးစီးဌာန ဦးစီးမှူးက လယ်ယာမြေလုပ်ပိုင်ခွင့်လက်မှတ်ရရှိရန် ဆောင်ရွက်ရမည့်အချက်အလက်များကို ရှင်းလင်းပြောကြားခဲ့ကြောင်း သိရသည်။

ခွန်အာကာစိုး

ရောဝတီတိုင်းဒေသကြီး ပုသိမ်မူလတန်းကြိုကျောင်း၌ မိဘဆရာအသင်း နှစ်ပတ်လည်အစည်းအဝေးကို အောက်တိုဘာ ၂၃ ရက်က ကျင်းပရာ တက်ရောက်လာသည့် ကျောင်းသားမိဘများကို တွေ့ရစဉ်။

(ပညာရေး)

ဂုတ်ထိပ်တံတားကြီးသို့ နိုင်ငံခြားသားများ ယမန်နှစ်ထက် လာရောက်သူများလာ

နောင်ချို နိုဝင်ဘာ ၁၀

ကမ္ဘာလှည့်ခရီးသွားနိုင်ငံခြားသားများ မြန်မာနိုင်ငံအတွင်းသို့ လာရောက်လည်ပတ်ကြရာတွင် ရှမ်းပြည်နယ်(မြောက်ပိုင်း) နောင်ချိုမြို့နယ်အတွင်းရှိ အလျားပေ ၂၂၆၀၊ အမြင့်ပေ ၁၁၀၀ ရှိသော ကမ္ဘာ၌ ဒုတိယအမြင့်ဆုံး တံတားဖြစ်သည့် ကမ္ဘာကျော်ဂုတ်ထိပ်တံတား၊ သဘာဝကျောက်တောင်နံရံ၊ ရှမ်းပြည်နယ်(မြောက်ပိုင်း)ရှုခင်းများကို လာရောက်လေ့လာကြသည်။ တချို့နိုင်ငံခြား ကမ္ဘာလှည့်ခရီးသည်များက အုပ်စုအလိုက် စက်ဘီးများဖြင့် လာရောက်ကြသည်ကို တွေ့ရသည်။

ကမ္ဘာကျော်ဂုတ်ထိပ်တံတားကြီးကို ယမန်နှစ်ကထက် ယခုနှစ်ခရီးသွားဧည့်သည်များ ပိုမိုလာရောက်လေ့လာကြကြောင်း သိရသည်။

စိုးဝင်း(နောင်ချို)

ရေထွက်ပစ္စည်းများတွင် ဝယ်လိုအားကောင်းနေသည့်ငါးလင်ပန်း

ဖျာပုံ နိုဝင်ဘာ ၁၀

သွားလာရေးလွယ်ကူမြန်ဆန်မှုကြောင့် ဖျာပုံမြို့နယ်မှထွက်ရှိသည့် ငါးလင်ပန်း၊ ငါးရှဉ့်နှင့်ကဏန်းဈေးကွက်သို့ လာရောက်လေ့လာဝယ်ယူမှုများရှိနေရာ တရုတ်ပြည်နှင့်ဂျပန်နိုင်ငံအထိ ငါးလင်ပန်းဈေးကွက်ရောက်ရှိနေကြောင်း သိရသည်။

ရေထွက်ပစ္စည်း အဝယ်ဒိုင်ကုန်သည်တစ်ဦးက"တစ်ချိန်ကတော့ ကဏန်းဈေးက ထိပ်ဆုံးကပါပဲ။ ဒီနောက် ငါးရှဉ့်ဈေးကောင်းတယ်။ လက်ရှိကတော့ ငါးလင်ပန်းဈေးက မယှဉ်နိုင်လောက်အောင် ဈေးကွက်ရရှိပြီး ဈေးအမြင့်ဆုံးဖြစ်နေတယ်" ဟု ပြောကြားသည်။

ဖျာပုံတွင် ငါးလင်ပန်း၊ ငါးရှဉ့်နှင့် ကဏန်းအဝယ်ဒိုင် ၂၀ ကျော်ရှိပြီး ငါးလင်ပန်းဈေးနှုန်းမှာ တစ်ပိဿာလျှင် ငွေကျပ် ၂၃၀၀၀ မှ ၁၂၀၀၀ အထိ ဈေးမြင့်တက်လာလျက်ရှိသည်။

ငါးလင်ပန်းအရှင်များကို သစ်သားသေတ္တာတစ်လုံးလျှင် ပိဿာ ၇၀ ခန့်ထည့်သွင်းထုပ်ပိုးလျက် ဖျာပုံမှ မော်တော်ကားဖြင့် မူဆယ်အထိ တင်ပို့သည့်အပြင် ဂျပန်နိုင်ငံမှ ကုန်သည်အချို့က ပလတ်စတစ်အိတ်အတွင်း အောက်ဆီဂျင်ထည့်သွင်းယူဆောင်ပြီး ဂျပန်တွင် မွေးမြူ၍ စားသောက်ဆိုင်များတွင် အထူးဟင်းလျာအဖြစ် ရောင်းချရန် လာရောက်ဝယ်ယူကြကြောင်း ငါးလုပ်ငန်းအဖွဲ့ချုပ်မှ သိရသည်။

ဖျာပုံမြို့နယ်အတွင်း ငါးလင်ပန်းအဝယ်ဒိုင် ၂၀ ကျော်မှ နေ့စဉ် ပိဿာချိန် ၃၅၀၀ မှ ၅၀၀၀ အထိ ရရှိနေပြီး ပြည်တွင်းထက် ရန်ကုန်-မူဆယ်လမ်းကြောင်းအတိုင်း မော်တော်ကားဖြင့် နေ့စဉ်တင်ပို့နေကြောင်း သိရသည်။

အောင်ဝင်း(ဖျာပုံ)

မီးဘေးကြိုတင်ကာကွယ်ရေးလက်တွေ့မီးငြိမ်းသတ်

နောင်ချို နိုဝင်ဘာ ၁၀

ရှမ်းပြည်နယ်(မြောက်ပိုင်း)နောင်ချိုမြို့နယ် မီးသတ်ဦးစီးဌာနသည် မြို့နယ်ရပ်ကွက်၊ ကျေးရွာအုပ်စုများရှိ နိုင်ငံပိုင်အဆောက်အအုံများ၊ ရုံးများ၊ ပုဂ္ဂလိကပိုင် လူနေအိမ် အဆောက်အအုံများ မီးလောင်ဆုံးရှုံးမှုများ မဖြစ်ပွားစေရေးအတွက် နိုဝင်ဘာ ၆ ရက် နံနက် ၁၀ နာရီက နောင်ချိုမြို့နယ်စည်ပင်သာယာရေးအဖွဲ့ပိုင် မြို့မဈေးကြီးအတွင်း မြို့နယ်မီးသတ်ဦးစီးဌာနမှူး ဦးသိန်းလွင်ကြီးကြပ်ကာ မီးသတ်တပ်ဖွဲ့ဝင်များက မီးသတ်ဆေးဘူးဖြင့် လက်တွေ့မီးငြိမ်းသတ်ခြင်းကို သရုပ်ပြသကြသည်။

လက်တွေ့မီးငြိမ်းသတ်ခြင်း သရုပ်ပြပွဲသို့ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမိုးထက်၊ မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေးကော်မတီဥက္ကဋ္ဌ ဦးရဲလင်းဦး၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့အမှုဆောင်အရာရှိ ဦးဝင်းဆွေ၊ မြို့မဈေးတာဝန်ခံနှင့် ဈေးကြီးကြပ်ရေးကော်မတီများ၊ အရန်မီးသတ်တပ်ဖွဲ့ဝင်များ တက်ရောက်ကြသည်။

ကြည့်ရှု

ဆက်လက်၍ မီးသတ် ရေကန်၊ မီးသတ်ဆေးဘူး ထားရှိမှုတို့ကို ကြည့်ရှုစစ်ဆေးကြကြောင်း သိရသည်။

(ဝ၆၁)

အသုံးမလိုပိုလျှံယာဉ် အပိုပစ္စည်းရုံးသုံးစက်အပိုပစ္စည်း၊ တာယာ/ဘက်ထရီဟောင်းများအား ရောင်းချရန်

အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ဗဟိုစက်ပစ္စည်းစာရင်းအင်းနှင့်စစ်ဆေးရေးဦးစီးဌာန၊ စက်ပြင်နှင့်ပစ္စည်းထိန်းဌာနခွဲ (ရန်ကုန်/နေပြည်တော်)ရှိ အသုံးမလိုပိုလျှံ၊ မော်တော်ယာဉ် အပိုပစ္စည်းအစိတ်အပိုင်းများ၊ သုံးစွဲပြီးတာယာအဟောင်း၊ ဘက်ထရီအဟောင်းများနှင့် သက်တမ်းလွန် Model နိမ့်ယာဉ်အပိုပစ္စည်းများအား မျက်မြင်အခြေအနေအတိုင်း ရောင်းချမည်ဖြစ်ပါသည်။ ဝယ်ယူလိုသူနိုင်ငံသားများအနေဖြင့် အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

၂။ ရောင်းချမည့် ပစ္စည်းမျိုးစုံ၏အချက်အလက်များအား တင်ဒါလျှောက်လွှာ စည်းကမ်းချက်ပုံစံတွင် ဖော်ပြထားပါသည်။

၃။ **တင်ဒါလျှောက်လွှာနှင့်စည်းကမ်းချက်ပုံစံများရောင်းချမည့်-**

(က) **နေ့ရက်** - ၁၂-၁၁-၂၀၁၃ရက်မှ၂၈-၁၁-၂၀၁၃ရက်အထိ

(ခ) **အချိန်** - နေ့စဉ်ရုံးဖွင့်ရက်များတွင် နံနက် ၉း၃၀ နာရီ မှ ၁၅း၃၀ နာရီအထိ

(ဂ) **နေရာ** - (၁)ရုံးအမှတ်(၃၂)၊ နေပြည်တော်၊ ဗဟိုစက်ပစ္စည်းစာရင်းအင်းနှင့် စစ်ဆေးရေးဦးစီးဌာန
(၂)စက်ပြင်နှင့်ပစ္စည်းထိန်းဌာနခွဲဝင်း၊ သဇင်ရုံလမ်း၊ (၅)ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့

(ဃ) **တင်ဒါတစ်စောင်နှုန်း** - ကျပ် ၅၀၀၀/-(ကျပ်ငါးထောင်တိတိ)

၄။ **ရောင်းချမည့်ပစ္စည်းများ၏မျက်မြင်အခြေအနေအား ကြည့်ရှုရမည့်နေရာ-**

(က) ဗဟိုစက်ပစ္စည်းစာရင်းအင်းနှင့်စစ်ဆေးရေးဦးစီးဌာန၊ စက်ပြင်နှင့်ပစ္စည်းထိန်းဌာနခွဲဝင်း၊ နေပြည်တော်

(ခ) စက်ပြင်နှင့်ပစ္စည်းထိန်းဌာနခွဲဝင်း၊ သဇင်ရုံလမ်း၊ (၅)ရပ်ကွက်၊ မရမ်းကုန်း မြို့နယ်၊ ရန်ကုန်မြို့

၅။ **အိတ်ဖွင့်တင်ဒါတင်သွင်းရမည့်နေရာ-**

ဗဟိုစက်ပစ္စည်းစာရင်းအင်းနှင့်စစ်ဆေးရေးဦးစီးဌာန၊ စက်ပြင်နှင့်ပစ္စည်းထိန်းဌာနခွဲဝင်း၊ သိုလှောင်ရုံ အမှတ်(၁၀)၊ နေပြည်တော်

၆။ **အိတ်ဖွင့်တင်ဒါတင်သွင်းရမည့်ရက်နှင့်အချိန်-**

၂၉-၁၁-၂၀၁၃ ရက် နံနက် ၁၀း၀၀ နာရီ

၇။ **အိတ်ဖွင့်တင်ဒါဖွင့်မည့်ရက်နှင့်အချိန်**

၂၉-၁၁-၂၀၁၃ ရက် နံနက် ၁၁း၀၀နာရီ

၈။ အိတ်ဖွင့်တင်ဒါဖြင့် အပိုပစ္စည်းများရောင်းချခြင်းကို One Stop Service စနစ်ဖြင့် ဆောင်ရွက်ပေးမည်ဖြစ်ပါသည်။

ထုခွဲရောင်းချရေးအဖွဲ့
ဗဟိုစက်ပစ္စည်းစာရင်းအင်းနှင့်စစ်ဆေးရေးဦးစီးဌာန

MINISTRY OF TRANSPORT MYANMA PORT AUTHORITY INVITATION TO TENDER

Open tenders are invited by the Myanma Port Authority, for the supply of the following items-

1. Truck Car Sling (SWL 60 Ton) (Japan Origin)
2. Nylon Belt Nett Sling (SWL 25 Ton) (Japan Origin)
3. Nylon Belt (Webbing) Sling (SWL 15 Ton-13' & 24')(Japan Origin)
4. Rail Chain (SWL 15 Ton and SWL 10 Ton) (Japan Origin)
5. Official Furniture-13 Items

Tender forms and documents are available at the Stores Department, (Near Toll Gate of Concrete Road), Seik Kan Township, Myanma Port Authority, Starting from 11-11-2013 during office hours;-

	Currency	Closing Date & Time
For Items (1) to (4)	F.E	28-11-2013 (13:00 hours)
For Item (5)	Kyat	26-11-2013 (13:00 hours)

For the details, please contact telephone number 018610229, 018610231 and 018610232.

Controller of Stores
Myanma Port Authority

လျှပ်စစ်စွမ်းအားဝန်ကြီးဌာန
မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်း

(အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

၁။ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်းမှ ရန်ကုန်စတို၊ ရန်ကုန်ဆိပ်ကမ်းနှင့် စီမံကိန်းစခန်းတို့မှ စီမံကိန်းနေရာအသီးသီးသို့ပစ္စည်းများအား သယ်ယူပို့ဆောင်ရန် မြန်မာကျပ်ငွေဖြင့် တင်ဒါခေါ်ယူလိုပါသည်-

၂။ **တင်ဒါပုံစံစတင်ရောင်းချမည့်ရက်** - ၁၁-၁၁-၂၀၁၃ ရက်

၃။ **တင်ဒါပိတ်မည့်ရက်** - ၁၅-၁၁-၂၀၁၃ ရက်

၄။ **တင်ဒါပိတ်မည့်အချိန်** - ၁၂း၀၀နာရီ

၅။ တင်ဒါပုံစံနှင့်အသေးစိတ်အချက်အလက်များကို အောက်ပါလိပ်စာတွင် လာရောက်စုံစမ်းဝယ်ယူနိုင်ပါသည်။

လျှပ်စစ်စွမ်းအားဝန်ကြီးဌာန၊ တင်ဒါကြီးကြပ်ရေးအဖွဲ့
မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်း၊ ပစ္စည်းစီမံရေးဌာန
ရုံးအမှတ်(၂၇)၊ နေပြည်တော်
ဖုန်း-၀၆၇-၄၁၀၂၀၉၊ ၄၁၀၂၈၂

ကွာရှင်းပြတ်စဲပြီးစီးကြောင်း

ကျွန်မ နန်းဝင်းမင်းအေး ၁၃/တကန(နိုင်)၀၀၃၂၅၆နှင့် ကိုတင်မောင်ချို ၁၂/ကမတ (နိုင်)၀၄၇၄၂၇ တို့သည် ၇-၁၁-၂၀၁၃ ရက်တွင် တောင်ကြီးခရိုင်တရားရုံး၌ နှစ်ဦးသဘောတူ ကွာရှင်းပြတ်စဲပြီးဖြစ်ပါကြောင်းနှင့် ၄င်းနှင့်ပတ်သက်သည့် ကိစ္စအဝဝတို့သည် ကျွန်မနှင့် သက်ဆိုင်မှုမရှိပါကြောင်း အသိပေး ကြေညာအပ်ပါသည်။

နန်းဝင်းမင်းအေး ၁၃/တကန(နိုင်)၀၀၃၂၅၆

ကုသိုလ်ပြုကြ တန်ဆောင်မုန်းလ

သျှင်နေမင်း-ဂန့်ဂေါ

မြန်မာ့နက္ခတ္တဗေဒအရ နက္ခတ် (၂၇)လုံးရှိပါသည်။ ဘာသာတရားများ မပေါ်ထွန်းမီအချိန်က လူသားတို့သည် နေလအစရှိသော ဂြိုဟ်နက္ခတ်တာရာများကိုပူဇော်ပြီး ကောင်းကျိုးပေးရန် ဆိုးကျိုးများမှ ကွာဝေးရန် ဆုတောင်းပွဲများကို တန်ဆောင်မုန်းလတွင် ကျင်းပကြသည်။ ဤလတွင် ဆီးနှင်း၊ မြူ၊ တိမ်၊ မီးခိုးဟူသော လေညစ်ညမ်းမှုကင်းစင်၍ ကောင်းကင်ထဲရှိ နက္ခတ်တာရာအားလုံးမြင်တွေ့နိုင်သောကြောင့် နက္ခသဘင်ပွဲကျင်းပကြသည်။ တန်ဆောင်မုန်းလတွင် ကထိန်အလှူပွဲ၊ မသိုးသင်္ကန်းရက်လှူပွဲ၊ ပွဲသကူပစ်ပွဲ၊ ကြာသင်္ကန်းကပ်လှူပွဲ၊ ရှင်မာလဲပွဲ၊ တန်ဆောင်တိုင်မီးထွန်းပွဲကို ကျင်းပလေ့ရှိကြသည်။

"ကထိန" ကထိန်ဟူသော ပါဠိစကားသည် မြဲမြံခိုင်မာခြင်း၊ ကြာရှည်တည်တံ့ခြင်း အဓိပ္ပာယ်ရသည်။ ကထိန်သင်္ကန်းသည် သန့်ရှင်းစင်ကြယ်၍ အသစ်စက်စက်ဖြစ်ရပါမည်။ အဟောင်း(သို့မဟုတ်)အငှားသင်္ကန်းမဖြစ်ရပါ။ ကထိန်သင်္ကန်းလှူသော အလှူရှင်တို့ရသော အကျိုးများမှာ-

(၁) သွားလာနေထိုင်ရာတွင် ဘေးကင်းသည်။

(၂) ကောင်းသော အစားအာဟာရများစားရပြီး အစာအဆိပ်သင့်သော ဘေးမှကင်းသည်။

(၃) ပိုင်ဆိုင်သော ဥစ္စာနေများ ရန်သူမျိုးငါးပါးမှ ကင်းဝေးစေသည်။

(၄) ပျောက်ဆုံးနေသော ဥစ္စာများ ပြန်ရတတ်သည်။

(၅) ပင်ပန်းဆင်းရဲမှုမရှိဘဲ ဥစ္စာပစ္စည်းရှာဖွေနိုင်သည်။

(၆) ကောင်းသော ရုပ်ဆင်းအင်္ဂါဖြင့်ပြည့်စုံသည်။

ကထိန်သင်္ကန်းအလှူသည် တစ်နှစ်တွင် တစ်လ၊ တစ်လတွင် တစ်ရက်၊ တစ်ကျောင်းလျှင် တစ်ခါသာအလှူပြုရသော ကာလဒါနအလှူမျိုးဖြစ်သည်။ "ကထိန်ခင်း"ဟူသည်မှာ ကထိန်အာနိသင်အကျိုးငါးပါးကို ဆိုင်ရာကျောင်းတိုက်ထဲ၌ ဖြန့်ခင်းလိုက်ခြင်းပင်ဖြစ်သည်။ ကထိန်ခင်းခြင်းကို ရဟန်းတော်များသာ ဆောင်ရွက်ရသည်။ ကထိန်အလှူရှင်များက ကထိန်လျာသင်္ကန်းကို လှူရုံသာလှူ၍ရသည်။ လှူရာတွင်လည်း သံဃာများကိုရည်စူး၍ လှူရသည်။ ပုဂ္ဂိုလ်ကိုစွဲ၍ မလှူရပေ။ ထိုသင်္ကန်းသုံးထည်မှ တစ်ထည်ကိုသာ ကထိန်သင်္ကန်းအဖြစ် ရည်စူးလှူရသည်။ ထိုသင်္ကန်းကို ဉတ်ကမ္မဝါဖတ်၍ ကထိန်ခင်းရမည့်ရဟန်းသံဃာအားအပ်နှင်းရသောကြောင့် ဉတ်သင်္ကန်းဟု ခေါ်၏။ ကထိန်ခင်းရာ၌လည်း သံဃာကသတ်မှတ်သော ရဟန်းတစ်ပါးတည်းကသာခင်းရ၏။

တန်ဆောင်မုန်းလပြည့်နေ့ အရုဏ်တက်ချိန်တွင် မသိုးသင်္ကန်းများ ကပ်လှူရန်အတွက် ရက်လုပ်ပူဇော်ပွဲများကို ကျင်းပလေ့ရှိကြသည်။ နေ့မကူး၊ ရက်မကူးဘဲ တစ်ရက်အတွင်း အပြီးရက်လုပ်လှူဒါန်းရသော သင်္ကန်းဖြစ်သဖြင့် မသိုးသင်္ကန်းဟု ခေါ်ဆိုခြင်းဖြစ်သည်။ မသိုးသင်္ကန်းအဖြစ် ရက်လုပ်ပြီးပါက ဗုဒ္ဓရုပ်ပွားတော်မြတ်များအား လှူဒါန်းဆက်ကပ်ပူဇော်ကြလေသည်။ ရက်လုပ်ခြင်း၊ ဖြတ်တောက်ခြင်း၊ ချုပ်လုပ်ခြင်းများပြု၍ တင့်တယ်လှပစေရန် စက္ကူပန်းပွင့်များကပ်ကာ ရက်ကန်းစင်အဖွဲ့များအလိုက် စုစုစည်းစည်းယှဉ်ပြိုင်လုပ်ဆောင်ကြခြင်းဖြစ်ရာ အလွန်နှစ်လိုဖွယ်ကောင်းသောကိစ္စတစ်ခုပင်ဖြစ်တော့သည်။ အကျိုးကျေးဇူးများကလည်း ကြီးမားလှသည်။ ဘုရားဝေယျာဝစ္စကိုလုပ်ကိုင်စေတတ်ခြင်း၊ ရတနာသုံးပါးကို မမေ့မလျော့ပူဇော်သည့်ဓလေ့ရရှိစေခြင်း၊ မြန်မာ့ရိုးရာဓလေ့ကို ထိန်းသိမ်းရာရောက်ခြင်းစသည့် အကျိုးတရားများရရှိသည်။

တန်ဆောင်မုန်းလပြည့်နေ့ကို "သာမညဖလ" အခါတော်နေ့ဟူ၍လည်း သတ်မှတ်ခဲ့ကြသည်။ "သာမညဖလ" ၏အဓိပ္ပာယ်မှာ ရဟန်းပြုရခြင်း၏ အကျိုးပင်ဖြစ်သည်။ သာမညဖလသုတ်တော်သည် ရဟန်းသံဃာတော်များအတွက် ကြေးမုံမှန်ချပ်ကြီးတစ်ခုပင်ဖြစ်သည်။

အဇာတသတ်မင်းသားသည် ကိုးကွယ်ဆည်းကပ်ရာ ဆရာတင်မှားခဲ့၍ ဖခင်ဘုရင်အားသတ်မိသည်အထိ အမှားကြီးမှားခဲ့ရာ ညစဉ်ညတိုင်းအိပ်မပျော်အောင် ရောဂါစွဲကပ်တော့သည်။ ထိုဝေဒနာကို ပျောက်ကင်းအောင် မည်သည့်သမားတော် မည်သည့်ဆေးစွမ်းကောင်းကမျှမကုသနိုင်တော့ပေ။ ဤကိစ္စကိုသမားတော်ဇီဝကအားမေးတော်မူမည်ဟုအကြံရကာ ဆရာဇီဝကထံမေးမြန်းမိတော့သည်။ ဆရာဇီဝက၏အကြံပေးချက်အရ အဇာတသတ်မင်းသားသည် မြတ်စွာဘုရားရှင်အား တန်ဆောင်မုန်းလပြည့်နေ့တွင် ဖူးမြော်ကြည်ညိုခွင့်ရကာ အိပ်မပျော်သည့်ရောဂါအား ပျောက်ကင်းစေနိုင်မည့် တရားဒေသနာဟောကြားပေးပါရန် တောင်းပန်လျှောက်ထားရာ ဘုရားရှင်က ရဟန်းပြုခြင်းအကျိုး "သာမညဖလသုတ္တန်" ဒေသနာကို ဟောကြားတော်မူခဲ့ရာ တရားတော်ကိုနာကြားရသဖြင့် အိပ်မပျော်သောရောဂါ လုံးဝပျောက်ကင်းသွားတော့သည်။ ထို့ကြောင့် တန်ဆောင်မုန်းလပြည့်နေ့ကို သာမညဖလအခါတော်နေ့ဟူ၍လည်းခေါ်ကြခြင်းဖြစ်သည်။

ရဟန်းတော်များ၊ သီလရှင်များက အလှူပစ္စည်းများကိုပွဲသကူစာတမ်းရေးပြီး ကျောင်း၊ ဘုရား၊ စေတီဇရပ်များအနီးမြေပေါ်တွင်ထား၍ လှူခြင်းတို့မှာ တန်ဆောင်မုန်းလတွင်ပြုလုပ်သော အလှူများဖြစ်သည်။

တန်ဆောင်မုန်းလပြည့်နေ့တွင် ရှင်မာလဲပွဲကိုလည်းကျင်းပကြသည်။ အရိမေတ္တယျဘုရားအလောင်းတော်နတ်သားက ရှင်မာလဲမထေရ်မြတ်အား တန်ဆောင်မုန်းလပြည့်နေ့တိုင်းလူအပေါင်းတို့အား ဝေဿန္တရာဇာတ်တော်ကိုဟောကြားပေးပါရန် တောင်းပန်လျှောက်ထားသဖြင့် ဂါထာတစ်ထောင်ဖြင့် တန်ဆာဆင်အပ်သော ဝေဿန္တရာဇာတ်တော်ကြီးကို ဟောပြောမှုပြုသည်ကိုအထိမ်းအမှတ်ပြု၍ ဝေဿန္တရာဇာတ်တော်ကိုဟောပြောခြင်း၊ လှော်ကားတော်ပုံပြု၍ လှော်ကားထက်အဆင့်ဆင့်အတွင် အသီးတစ်ထောင်၊ ပန်းတစ်ထောင်၊ ဆီမီးတစ်ထောင်၊ ထမင်းထုပ်တစ်ထောင်စသည်တင်ကာ လှူဒါန်းခြင်းဖြင့် ရှင်မာလဲပွဲကို ဆင်ယင်ကျင်းပကြသည်။

လူမှုရေးပွဲများအနေဖြင့် မဲဇလီဖူးသုပ်စားပွဲနှင့်ကျီးမနိုးပွဲများကိုလည်း ကျင်းပကြသည်။ တန်ဆောင်မုန်းလပြည့်နေ့တွင် ဆေးဖက်ဝင်အပင်ပေါင်းကိုစောင့်သော နတ်အပေါင်းတို့သည် မဲဇလီပင်စောင့်နတ်အားလာရောက်ခစားကြသည်။ ထို့ကြောင့် မဲဇလီပင်သည်ဆေးပေါင်းခသည်။ ထိုအချိန်မျိုး၌ မဲဇလီဖူးကိုစားသုံးခဲ့သော် ၉၆ ပါးသောရောဂါဝေဒနာသက်သာပျောက်ကင်းသည်ဟုယူဆ၍ မဲဇလီဖူးသုပ်ကိုစားသုံးကြသည်။

တန်ဆောင်မုန်းလသည် ရိုးရာပွဲတော်များ အများဆုံးလဟုဆိုနိုင်သည်။ ဗုဒ္ဓဘာသာရိုးရာယဉ်ကျေးမှုပွဲတော်များကျင်းပခြင်းတို့ကြောင့် မြန်မာတို့၏ သာယာပျော်ရွှင်ဖွယ်ကောင်းသောလတစ်လပင်ဖြစ်ပေတော့သည်။

ဆောင်းပါးနှင့်နယ်သတင်း

မြဝတီခရိုင် မြဝတီမြို့နယ် ဘုရင့်နောင်ဈေးကြီးတွင် မီးဘေးကြိုတင်ကာကွယ်ရေးဟောပြောပွဲနှင့် မီးငြိမ်းသတ်ရေး သရုပ်ပြလေ့ကျင့်ခြင်းကို နိုဝင်ဘာ ၈ ရက်က ဘုရင့်နောင်ဈေးကြီးရှေ့၌ ကျင်းပရာ မြို့နယ်မီးသတ်ဦးစီးဌာန ဦးစီးမှူး ဦးခင်မောင်ဦးနှင့် မီးသတ်တပ်ဖွဲ့ဝင်များက လောင်စာဆီ မီးလောင်မှုများကို မီးသတ်ဘူးဖြင့် ငြိမ်းသတ်ခြင်း၊ မီးသတ်ယာဉ်များဖြင့် လက်တွေ့သရုပ်ပြသစဉ်။

နဒီမြင့်မိုရ်(မြဝတီ)

စိုက်ပျိုးရေးသမဝါယမအသင်းများသို့ ဆောင်းသီးနှံစိုက်ပျိုးစရိတ် ပံ့ပိုးချေးငွေများ ပေးအပ်

ရပ်စောက် နိုဝင်ဘာ ၁၀

ရှမ်းပြည်နယ်တောင်ပိုင်း ရပ်စောက်မြို့နယ်ရှိ စိုက်ပျိုးရေးသမဝါယမအသင်းများသို့ ဆောင်းသီးနှံ စိုက်ပျိုးစရိတ်ပံ့ပိုးချေးငွေများပေးအပ်ပွဲကို နိုဝင်ဘာ ၇ ရက် နံနက် ၁၀ နာရီက ရပ်စောက်မြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီရုံးအစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် ရှမ်းပြည်နယ်သမဝါယမလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအဖွဲ့ဥက္ကဋ္ဌ စီမံကိန်းနှင့် စီးပွားရေးဝန်ကြီး ဦးအောင်ကျော်ညွန့်က အသင်းသူ၊ အသင်းသားများအနေဖြင့်ရရှိသည့် ပံ့ပိုးချေးငွေများကို မိမိတို့ လုပ်ငန်းတွင် အမှန်တကယ်အကျိုးရှိစွာအသုံးရေး၊ သတ်မှတ်ချိန်အတိုင်း ပြန်လည်ပေးဆပ်နိုင်ရန်အတွက် ကြိုးပမ်းဆောင်ရွက်ရေး၊ လုပ်ငန်းများဆောင်ရွက်ရာတွင် သမဝါယမစိတ်ဓာတ်ပြည့်ဝစွာဖြင့် အတွေးအခေါ်များ ပြုပြင်ပြောင်းလဲဆောင်ရွက်ရန် မှာကြားသည်။

ယင်းနောက် စိုက်ပျိုးစရိတ်ချေးငွေများကို အသင်းသားကိုယ်စားလှယ်များထံသို့ စီမံကိန်းနှင့် စီးပွားရေးဝန်ကြီး ရှမ်းပြည်နယ်သမဝါယမဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဒေါ်ယုယုအေး၊ ရှမ်းပြည်နယ်တောင်ပိုင်း/အရှေ့ပိုင်းသမဝါယမအသင်းစုချုပ် ဥက္ကဋ္ဌ ဦးကျော်မြခိုင်တို့က ပေးအပ်ခဲ့ကြသည်။ ရပ်စောက်မြို့နယ် ကျေးရွာအုပ်စုလေးအုပ်စုရှိ ကျေးရွာ ၁၈ ရွာမှ စိုက်ပျိုးရေးသမဝါယမအသင်း ၁၈ သင်းသို့ စုစုပေါင်းပံ့ပိုးချေးငွေ ၁၂၀၃ ဒသမ ၇၅ ထုတ်ချေးပေးခဲ့ပြီး ရပ်စောက်မြို့နယ်ရှိ အခြေခံသမဝါယမအသင်းများသို့ ပံ့ပိုးချေးငွေကျပ်သိန်းပေါင်း ၂၀၀၀ ကျော် ထုတ်ချေးပေးထားကြောင်း သိရသည်။

နိုင်ထွန်း

ပုလဲသွယ် စပ်မျိုးစပါး စံပြကွက်ရိတ်သိမ်း

အင်တော နိုဝင်ဘာ ၁၀

ရှမ်းပြည်နယ် တောင်ကြီးခရိုင် အင်တောမြို့နယ်ခွဲစိုက်ပျိုးရေးဦးစီးဌာနက ကြီးမှူး၍ မြို့နယ်ခွဲအတွင်း ၂၀၁၃-၂၀၁၄ ခုနှစ်မိုးစပါးရာသီတွင် ပုလဲသွယ်စပ်မျိုးစပါး(မိုးစပါး) စံပြကွက် ၁၁ ဧကစိုက်ပျိုးနိုင်ခဲ့ပြီး ကျောက်ဂူကျေးရွာအုပ်စု မက်သဘော်ကျေးရွာရှိ မိုးစပါးစံပြကွက် ရိတ်သိမ်းပွဲအခမ်းအနားကို နိုဝင်ဘာ ၈ ရက် နံနက် ၁၀ နာရီက တောင်သူဦးပွင့်ဦး၏ လယ်မြေ၌ ကျင်းပရာ ရှေ့ဦးစွာမြို့နယ်ခွဲအထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဦးစီးမှူးဦးဖုန်းမြင့်ဇော်က လယ်ယာကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် လုပ်ကိုင်ဆောင်ရွက်ရန်လိုအပ်သည်များကို မှာကြားပြီး မြို့နယ်ခွဲစိုက်ပျိုးရေးဦးစီးဌာနဦးစီးမှူး ဦးသက်နိုင်က သိပ္ပံနည်းကျစိုက်နည်းစနစ် ၁၄ ချက်ကို တောင်သူများအား ရှင်းလင်းပြောကြားသည်။ ဆက်လက်၍ စံကွက်ရိတ်သိမ်းခြင်းကို မြို့နယ်ခွဲစိုက်ပျိုးရေးဦးစီးဌာနနှင့်မြေစာရင်းဦးစီးဌာနမှ တာဝန်ရှိသူများက ရိတ်သိမ်းခြင်း၊ တလင်းပျောက်စနစ်ဖြင့် ခြွေလှေ့ခြင်းလုပ်ငန်းများကို ဆောင်ရွက်ပြသခဲ့ပြီး ၁ ဧကအထွက်နှုန်း ၁၈၀ ဒသမ ၁၅ တင်းနှုန်းထွက်ရှိကြောင်း သိရသည်။

(မြို့နယ် ပြန်/ဆက်)

မိတ္ထီလာတက္ကသိုလ် (၁၂)ကြိမ်မြောက်ဘွဲ့နှင်းသဘင်လျှောက်လွှာခေါ်ယူခြင်းနှင့် ကျင်းပမည့်ရက်ကြေညာခြင်း

မိတ္ထီလာတက္ကသိုလ်၏ (၁၂)ကြိမ်မြောက် ဘွဲ့နှင်းသဘင်တက်ရောက်ရန် (သို့မဟုတ်) အဝေးရောက်ဘွဲ့ယူရန် လျှောက်ထားနိုင်သည်။

ဘွဲ့လျှောက်ထားနိုင်သူများမှာ-

(၁) ၂၀၁၂ခုနှစ် စက်တင်ဘာလနှင့် ဒီဇင်ဘာလတွင် ကျင်းပခဲ့သော တတိယနှစ် (ပြင်ပဖြေဆိုအောင်မြင်သူများအပါအဝင်)နှင့် ဒုတိယနှစ် ဂုဏ်ထူးတန်းစာမေးပွဲ (နောက်ဆက်တွဲအပါအဝင်)များကို အောင်မြင်ခဲ့ကြသည့် ကျောင်းသား ကျောင်းသူများ။

(၂) ၂၀၁၃ ခုနှစ် မတ်လတွင် ကျင်းပခဲ့သော မဟာဒုတိယနှစ်နှင့် မဟာသုတေသန သင်တန်းစာမေးပွဲများကို အောင်မြင်ခဲ့ကြသည့် ကျောင်းသား ကျောင်းသူများ။

လျှောက်လွှာတင်သွင်းရမည့်ရက်- ၁၁-၁၁-၂၀၁၃ရက်မှ ၁၃-၁၂-၂၀၁၃ရက်အထိ

ဘွဲ့နှင်းသဘင်ကျင်းပမည့်ရက် - ၂၀၁၄ခုနှစ် ဇန်နဝါရီ ၂၅၊ ၂၆ရက်နှင့် ဖေဖော်ဝါရီ ၁၊ ၂ရက်

အစမ်းလေ့ကျင့်မည့်ရက် - ၂၀၁၄ခုနှစ် ဇန်နဝါရီ ၂၄၊ ၃၁ရက်

အသေးစိတ်အချက်အလက်များကို စာမေးပွဲနှင့်ဘွဲ့နှင်းဌာန ဖုန်း-၀၆၄-၂၃၄၂၆သို့ ဆက်သွယ်မေးမြန်းစုံစမ်းနိုင်ပါသည်။

ကြီးမြိုင်-မော်ကွန်းထိန်း
သင်တန်းရေးရာဌာန
မိတ္ထီလာတက္ကသိုလ်

အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

ကျန်းမာရေးဦးစီးဌာနမှ လိုအပ်သော ပြည်တွင်းဖြစ် ပလတ်စတစ်အိမ်သာခွက်နှင့် ပိုက်အစုံ ၁၅၀၀၀ ကို ဝယ်ယူလိုပါသည်။

ပေးသွင်းလိုသူများသည် ဈေးနှုန်းလွှာများကို ဒုတိယညွှန်ကြားရေးမှူး (ဆေးပစ္စည်း)၊ ဗဟိုဆေးသိုလှောင်ရေးဌာနရုံးခန်း၊ အမှတ် ၅၇၊ စကားဝါလမ်း၊ ဒဂုံမြို့နယ်သို့ တင်သွင်းနိုင်ပါသည်။ အသေးစိတ်အချက်အလက်များကို ရုံးချိန်အတွင်း လာရောက်စုံစမ်းနိုင်ပါသည်။

ဈေးနှုန်းတင်သွင်းလွှာပုံစံများ စတင်ရောင်းချမည့်ရက် - ၁၁-၁၁-၂၀၁၃ ရက်

တင်ဒါပိတ်မည့်ရက်နှင့်အချိန် - ၁၀-၁၂-၂၀၁၃ ရက် မွန်းလွဲ ၂:၀၀ နာရီ

ဆက်သွယ်ရန်ဖုန်း-၃၇၂၃၆၂၊ ၃၇၁၉၆၉(၂၁၆)

ဗဟိုဆေးသိုလှောင်ရေးဌာန

ကျန်းမာရေးဝန်ကြီးဌာန
ကျန်းမာရေးဦးစီးဌာန
ရန်ကုန်မြို့ နား၊ နှာခေါင်း၊ လည်ချောင်းအထူးကုဆေးရုံကြီး

အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ကျန်းမာရေးဦးစီးဌာန၊ ရန်ကုန်မြို့ နား၊ နှာခေါင်း၊ လည်ချောင်း အထူးကုဆေးရုံကြီးတွင် တက်ရောက်ကုသလျက်ရှိသော လူနာများအား ကုသပေးရန် လိုအပ်သော F.D.A အသိအမှတ်ပြုဆေးဝါးများကို မြန်မာကျပ်ငွေဖြင့် ဝယ်ယူမည်ဖြစ်ပါသဖြင့် အိတ်ဖွင့်တင်ဒါများ ပေးသွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

၂။ **ဈေးနှုန်းတင်သွင်းလွှာပုံစံစတင်ရောင်းချမည့်ရက်** - ၈-၁၁-၂၀၁၃ရက် (သောကြာနေ့)

တင်ဒါပိတ်မည့်ရက်နှင့်အချိန် - ၉-၁၂-၂၀၁၃ရက် (တနင်္လာနေ့) ညနေ ၄:၀၀ နာရီ

၃။ တင်ဒါစည်းမျဉ်းစည်းကမ်းချက်များနှင့် ဆေးပစ္စည်းစာရင်း အသေးစိတ်ကို သိရှိလိုပါက နေ့စဉ်ရုံးချိန်အတွင်း အောက်ပါလိပ်စာတွင် လာရောက်ဝယ်ယူစုံစမ်းနိုင်ပါသည်။

ဆေးရုံအုပ်ကြီးရုံး
နား၊ နှာခေါင်း၊ လည်ချောင်း အထူးကုဆေးရုံကြီး
ဗညားဒလလမ်း၊ တာမွေမြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း-၀၁-၅၅၇၂၀၉၊ ၀၁-၅၅၇၂၀၇၊ ၀၁-၅၄၃၈၈၈

ပြွန်တန်ဆာမြို့၊ အထက(၁)၊ အထက(၂)ကျောင်းသား ကျောင်းသူဟောင်းများ

မြတ်ဆရာပူဇော်ပွဲကျင်းပမည်

ပဲခူးတိုင်းဒေသကြီး ညောင်လေးပင်မြို့နယ် ပြွန်တန်ဆာမြို့ ကျောင်းသား ကျောင်းသူဟောင်းများ၏ (၂၁)ကြိမ်မြောက် မြတ်ဆရာပူဇော်ပွဲကြီးကို ၁-၁၂-၂၀၁၃ ရက်(တနင်္ဂနွေနေ့)တွင် အထက(၁) ပြွန်တန်ဆာမြို့ ဦးသူတော်ခန်းမ၌ ကျင်းပမည်ဖြစ်ပါသည်။ သို့ဖြစ်ပါ၍ ရပ်ဝေးရပ်နီးမှ ကန်တော့ခံဆရာကြီး ဆရာမကြီးများနှင့် ကျောင်းသား ကျောင်းသူများသည် ဖိတ်စာရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ ကြွရောက်ပါရန်လေးစားစွာ ဖိတ်ကြားအပ်ပါသည်။

အလှူငွေပါဝင်လှူဒါန်းလိုပါက

ဒေါ်ခင်စောမူ ဖုန်း-၀၁-၅၂၂၀၈၇၊ ကိုလေးလွင် ဖုန်း-၀၉-၄၄၈၅၄၀၇၄၁၊ ဦးအောင်မြတ်ထွန်း ဖုန်း-၀၉-၅၁၅၉၀၄၈၊ ဒေါ်စိန်အေး ဖုန်း-၀၉-၅၅၀၁၇၅၉၊ ဦးသက်အောင်လင်း ဖုန်း-၀၉-၅၃၈၅၆၂၄၊ ဒေါ်စောသီတာ ဖုန်း-၀၅၂-၅၉၂၂၉၊ မြဝတ်ရည်ဦး ဖုန်း-၀၅၂-၅၉၁၉၅၊ မင်းမင်းစန်း ဖုန်း-၀၂-၃၅၅၂၀ တို့ကို မေးမြန်းဆက်သွယ်လှူဒါန်းနိုင်ပါသည်။

အမည်မှန်

မိုင်းပျဉ်းမြို့နယ်၊ မိုင်းပုအွန်ကျေးရွာအုပ်စု၊ ဝမ်ခုတ်ရွာနေ နန်းဟောင်နွမ်း ၁၃/မပတ (နိုင်)၀၃၅၉၅၀ ၏ အမည်မှန်မှာ နန်းဟွမ်နွန်းဖြစ်ပြီး ၎င်း၏ မွေးသက္ကရာဇ်အမှန်မှာ ၃-၆-၁၉၉၃ ဖြစ်ပါကြောင်း။

အမည်ပြောင်း

ရွှေဘိုမြို့၊ အမှတ်(၃)ရပ်ကွက်၊ ဘိုကုန်းရပ်နေ ဦးအောင်ထွေး၏သား မောင်ဖြိုးမင်းစိုးအား ယနေ့မှစ၍ မောင်ဖြိုးမင်းကျော်ဟု ပြောင်းလဲခေါ်ပါရန်။

မောင်ဖြိုးမင်းကျော်

11-11 (17).pmd 1 11/10/2013, 10:47 AM

မှုခင်းသတင်းနှင့်ကြော်ငြာ

ယာဉ်လုပ်ငန်း တိုးချဲ့ပြေးဆွဲရေး ညှိနှိုင်း

ညောင်ဦး နိုဝင်ဘာ ၁၀

ညောင်ဦးမြို့နယ် သမဝါယမအသင်းစုမှ တာဝန်ယူပြေးဆွဲလျက်ရှိသော ညောင်ဦးမန်း မော်တော်ယာဉ်လုပ်ငန်း အဆင်ပြေချောမွေ့စွာ ဆောင်ရွက်နိုင်ရေး ညှိနှိုင်းအစည်းအဝေးကို နိုဝင်ဘာ ၅ ရက် မွန်းလွဲ ၂ နာရီက မြို့နယ်သမဝါယမအသင်းစု အစည်းအဝေးခန်းမ၌ ကျင်းပရာ မြို့နယ်သမဝါယမဦးစီးဌာန ဦးစီးအရာရှိ ဦးကျော်သန်း၊ မြို့နယ်သမဝါယမအသင်းစု ဒါရိုက်တာ ဥက္ကဋ္ဌ ဦးမောင်မောင်နှင့် ဒါရိုက်တာ အဖွဲ့ဝင်များယာဉ်ပိုင်ရှင်များ တက်ရောက်၍ လုပ်ငန်းဆိုင်ရာများ ညှိနှိုင်းဆုံးဖြတ်ကြသည်။

ညောင်ဦးမန်း မော်တော်ယာဉ်လုပ်ငန်းတွင် အဆင့်မြင့်လေအိတ်ကား ၁၁ စီးဖြင့် ညောင်ဦး-မန္တလေးခရီးစဉ်နှင့် ညောင်ဦး-နေပြည်တော် ခရီးစဉ်များကို နေ့စဉ်အချိန်မှန်ပြေးဆွဲလျက်ရှိသည်။ ညောင်ဦးမန်း မော်တော်ယာဉ်လုပ်ငန်းတွင် အဆင့်မြင့်လေအိတ်ကား ၁၈ စီးအထိ တိုးချဲ့လက်ခံ၍ ညောင်ဦး- တောင်ကြီးခရီးစဉ်နှင့် ညောင်ဦး- မကွေးခရီးစဉ်များကိုပါ တိုးချဲ့ပြေးဆွဲရန် စီစဉ်လျက်ရှိကြောင်း သိရသည်။ **သီဟကျော်(ပုဂံ)**

အရက်သောက်စားမှုးယစ်သူ ရေကန်ထဲပြုတ်ကျရေနစ်သေဆုံး

မြန်အောင် နိုဝင်ဘာ ၁၀

မြန်အောင်မြို့နယ် ရွာတောအမှတ်-၁ ရပ်ကွက် ရေနံတင်ချဆိပ်ကမ်းအနီးရှိ ရေကန်တွင် နိုဝင်ဘာ ၄ ရက် နံနက်က လူတစ်ဦး ပြုတ်ကျ၍ ရေနစ်သေဆုံးကြောင်း သတင်းအရ မြန်အောင်မြို့ ရဲစခန်းက ဒုရဲအုပ်သန်းဆွေနှင့်အဖွဲ့သည် အသိသက်သေများနှင့်အတူ အခင်းဖြစ်ပွားရာသို့ သွားရောက်စစ်ဆေးရာ သေဆုံးသူမှာ ဝင်းထွန်း (၃၆ နှစ်) ဖြစ်ပြီး အခင်းဖြစ်စဉ်အချိန်က အရက်သောက်စားမူးယစ်ပြီး အလျား ပေ ၁၀၀၊ အနံပေ ၅၀၊ အနက် ၁၀ ပေခန့်ရှိသည့် ရေကန်အတွင်းသို့ ပြုတ်ကျ၍ ရေနစ်သေဆုံးခြင်းဖြစ်ကြောင်း သိရသဖြင့် မြန်အောင်မြို့ ရဲစခန်းက သေမှုသေခင်းရေးဖွင့် စစ်ဆေးလျက်ရှိသည်။

ပုသိမ်လှကြည်

တာဝန်ရှိဝန်ထမ်းများအပေါ် ဥပဒေမဲ့ပြုကျင့်သူများကို ထောင်ဒဏ်ချမှတ်

စစ်ကိုင်း နိုဝင်ဘာ ၁၀

တရားမဝင် ဘက်ထရီရှော့ခ်တိုက် ငါးဖမ်းဆီးနေသူများအား ဖမ်းဆီးရန် ကွင်းဆင်းစစ်ဆေးသည့် စစ်ကိုင်းခရိုင် ငါးလုပ်ငန်းဦးစီးဌာနမှ ဒုဦးစီးမှူးနှင့်အဖွဲ့ကို ခြိမ်းခြောက်ပြီး စစ်ဆေးရေးအဖွဲ့၏ လက်ကိုင်ဖုန်းများကိုဖျက်ဆီးကာ ရုံးစာရွက်စာတမ်းများမြစ်အတွင်းလွှင့်ပစ်ခြင်း၊စက်လှေအင်ဂျင်ကို ထုခွဲဖျက်ဆီးကာ ငွေကျပ် ၅၀၀၀၀ပါလက်ဆွဲအိတ်ကိုယူဆောင်သွားခြင်း စသည့် ပြစ်မှုကျူးလွန်သူများဖြစ်သော တံတားဦးမြို့နယ် ထောက်ရစ်ကျေးရွာ အင်းတဲကုန်းရွာမှ ငမဲထွန်း၊ အေးရွှင်၊ တိုင်းကျော်၊ မော်လေး၊ ထွန်းလင်းကြီး၊ ထွန်းလင်းလေး၊ ကျော်ဆန်းထွန်း၊ မျိုးဝင်းစိုး၊ မင်းလွင်ဦးတို့အား ပြစ်မှုဆိုင်ရာ အမှုအမှတ်(၄၂၅/၂၀၁၃) ပုဒ်မ ၃၈၄ အရအလုပ်နှင့် ထောင်ဒဏ်ခြောက်လ၊ ပုဒ်မ ၄၂၇အရ ထောင်ဒဏ်ခြောက်လနှင့် ပုဒ်မ ၃၅၃အရ ထောင်ဒဏ် သုံးလစီကျခံစေရန် မန္တလေးတိုင်းဒေသကြီး တံတားဦးမြို့နယ် တရားရုံးက အမိန့်ချမှတ်ခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ဧပြီ ၂၂ ရက် ညနေ ၅ နာရီတွင် စစ်ကိုင်းခရိုင် ငါးလုပ်ငန်းဦးစီးဌာနမှ ဒုဦးစီးမှူး ဦးမြင့်လွင်ခေါင်းဆောင်၍ အင်းသားကြီး(၁)စက်လှေမောင်း တစ်ဦးနှင့် ဝန်ထမ်းလေးဦးတို့သည် စစ်ကိုင်းမြို့နယ် ဆင်တပ်ကျေးရွာအနီးတွင် တရားမဝင် ဘက်ထရီရှော့ခ်တိုက် ငါးဖမ်းဆီးနေကြောင်း သတင်းအရ ဆင်မြေကျေးရွာမှတစ်ဆင့် စက်လှေနှစ်စင်းဖြင့် ကွင်းဆင်းစစ်ဆေးခဲ့ရာ တံတားဦးမြို့နယ် ထောက်ရစ်ကျေးရွာနှင့် မျက်နှာချင်းဆိုင် ဧရာဝတီမြစ်အတွင်း၌ တရားမဝင် ဘက်ထရီရှော့ခ်တိုက် ငါးဖမ်းဆီးနေသော ထောက်ရစ်ကျေးရွာနေ မောင်မှေး(ခ)နားလေးတို့ ဇနီးမောင်နှံကို တွေ့ရှိသဖြင့် သက်သေခံပစ္စည်းများကို သိမ်းဆည်းခဲ့ပြီးနောက် နောင်မပြုလုပ်ကြရန် ပညာပေးပြောဆိုကာလှေနှင့် ၎င်းတို့နှစ်ဦးကို ပြန်လွှတ်ပေးခဲ့သည်။

စစ်ဆေးရေးအဖွဲ့သည် ဆင်တပ်ကျေးရွာသို့ ဆက်လက်ထွက်ခွာခဲ့ပြီး ဆင်တပ်ကျေးရွာအတွင်း ရေပြင်၌ ဘက်ထရီရှော့ခ်တိုက် ငါးဖမ်းဆီးမှုများ မတွေ့ရသဖြင့် ပြန်လည်ထွက်ခွာလာစဉ် ည ၇ နာရီခွဲခန့်တွင် ထောက်ရစ်ရွာအရှေ့ ဧရာဝတီမြစ်အတွင်းသို့ ရောက်ရှိလာခဲ့သည်။ ထိုအချိန်တွင် ထောက်ရစ်ရွာဘက်မှ လှေငါးစင်း၊ လူ ၂၀ ခန့်တို့ တုတ်၊ ဓားလက်နက်များကိုကိုင်ကာ စစ်ဆေးရေးအဖွဲ့၏ စက်လှေနောက်သို့ လိုက်လာခဲ့ပြီး လှေလှေချင်းဝင်တိုက်၍ ရပ်ခိုင်းပြီး မရပ်လျှင် သေသွားမည်ဟု ပြောဆိုကြိမ်းမောင်းကာ ၎င်းတို့ကျေးရွာဘက်ခြမ်းသို့ ကပ်ခိုင်းခဲ့သည်။

ကမ်းအရောက်တွင် လှေပေါ်မှ အားလုံးဆင်းခိုင်းပြီး သိမ်းဆည်းထားသော သက်သေခံပစ္စည်းများ အားယူဆောင်၍ "မင်းတို့တယ်လီဖုန်းတွေ အကုန်ပေး ဓာတ်ပုံရိုက်ထားတဲ့ အထောက်အထားပေး"ဟု ဆိုကာ တယ်လီဖုန်းသုံးလုံးကို လှေပေါ်တွင် ထုခွဲဖျက်ဆီးပြီး ရေထဲလွှင့်ပစ်ခဲ့သည်။ ၎င်းပြင် ရုံးစာရွက်စာတမ်းများနှင့် ငွေကျပ် ၅၀၀၀၀ ထည့်ထားသော အိတ်ကိုယူဆောင်၍ စာရွက်စာတမ်းများကို မြစ်ထဲသို့ လွှင့်ပစ်ပြီး အိတ်ကိုယူဆောင်သွားခဲ့သည်။

ထွက်ခွာ

၎င်းပြင် ဒုမြို့နယ်ဦးစီးမှူး၏ နေ့စဉ်မှတ်တမ်း စာအုပ်ကိုလည်း ရေထဲလွှင့်ပစ်ခဲ့ပြီး အဖွဲ့၏စက်လှေတစ်စင်းမှ အင်ဂျင်ကိုထုခွဲဖျက်ဆီးကာ ထောက်ရစ်ကျေးရွာသို့ပြန်လည် ထွက်ခွာသွားခဲ့ကြသည်။

ဆောင်ရွက်

အဆိုပါ ဖြစ်စဉ်နှင့်ပတ်သက်၍ တာဝန်ရှိဝန်ထမ်းများအပေါ် ဥပဒေမဲ့နိုင်ထက်စီးနင်း ပြုကျင့်သူများကို အရေးယူပေးပါရန် စစ်ကိုင်းခရိုင် ငါးလုပ်ငန်းဦးစီးဌာန ဦးစီးမှူးက တံတားဦးရဲစခန်းသို့ တိုင်တန်းခဲ့သော အမှုဖြစ်ကြောင်း၊ အမှုတွင် ပါဝင်ကျူးလွန်သူ ခြောက်ဦး ထွက်ပြေး တိမ်းရှောင်နေဆဲဖြစ်၍ ဖမ်းဆီးရမိရေး ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

(၁၃၇)

ဖျားယောင်းသွေးဆောင်ခေါ်ယူသူ ဖမ်းဆီးခံရ

ဘိုကလေး နိုဝင်ဘာ ၁၀

ဘိုကလေးမြို့နယ် ဧရာကျေးရွာ အမှတ်-၂ ရပ်ကွက်နေ မမိစု(၃၀နှစ်)သည် အောက်တိုဘာ ၃၀ ရက် ညနေ ၅ နာရီခွဲတွင် နေအိမ်၌ရှိ နေစဉ် ၎င်း၏သားဖြစ်သူ မောင်ဇင်ကိုဦး (၁၀ နှစ်)နှင့်အိမ်ချင်းကပ်နေ မောင်မင်းမင်းဦး (၁၁နှစ်)တို့မှာ ကျောင်းအချိန်ပိုခေါ်သည်ဟု ပြောဆိုထွက်သွားရာမှ ည ၇ နာရီ ထိ ပြန်မရောက်သဖြင့် လိုက်လံရှာဖွေစုံစမ်းမရ၍ ကဒုံကနိ-ဘိုကလေး ပြေးဆွဲသော အာကာထွန်း ရေယာဉ်ပေါ်ရှိ ဧရာကျေးရွာအုပ်ချုပ်ရေးမှူး ဦးကြည်ရှိန်ထံ ဆက်သွယ်၍ ကလေးပျောက်ဆုံးနေမှုကို တိုင်ကြားရာ အဖွဲ့ဝင်များဝိုင်းဝန်းရှာဖွေကြသဖြင့် ကလေးနှစ်ဦးကိုပြန်လည်တွေ့ရှိရသည်။

ကလေးများကိုမေးမြန်းရာ (၂) ရပ်ကွက် ဘိုကလေးမြို့နယ်နေသူ မသူဇာမိုး (၁၇ နှစ်)က ခေါ်ဆောင်လာခြင်းဖြစ်ကြောင်းသိရသဖြင့် ကလေးနှစ်ဦးအား မိဘအုပ်ထိန်းသူများ မသိအောင် ဖျားယောင်းသွေးဆောင်ခေါ်ယူသွားသော မသူဇာမိုးအား အရေးယူပေးပါရန် မမိစု၏တိုင်တန်းချက်အရ ကဒုံကနိနယ် မြေရဲစခန်းကအမှုဖွင့်၍ဖမ်းဆီးစစ်ဆေးလျက်ရှိကြောင်း သိရသည်။ **ပုသိမ်လှကြည်**

စိတ်ကြွရူးသွပ်ဆေးပြားများ ဖမ်းဆီးရမိ

ထီးချိုင့် နိုဝင်ဘာ ၁၀

စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင် ထီးချိုင့်မြို့ အမှတ်(၄) ရပ်ကွက်တွင် စိတ်ကြွရူးသွပ်ဆေးပြား ၁၉၅ပြား ဖမ်းဆီးရမိခဲ့ကြောင်း သိရှိသည်။

ဖြစ်စဉ်မှာ နိုဝင်ဘာ ၄ ရက် ည ၁၀ နာရီက ထီးချိုင့်ရဲစခန်းမှ နယ်ထိန်းဒုရဲအုပ်သောင်းထိုက်ဦးနှင့်အဖွဲ့သည် သက်သေများနှင့်အတူ မြို့ပေါ်လှည့်ကင်းဆောင်ရွက်နေစဉ် ထီးချိုင့်မြို့ အမှတ် (၄) ရပ်ကွက် လမ်းမပေါ်၌ ကျော်မိုးဆိုသူအား ဆိုင်ကယ်နှင့်အတူ မသင်္ကာဖွယ်တွေ့ရှိ၍ ရှာဖွေစစ်ဆေးရာ ကျော်မိုးဝတ်ဆင်ထားသော ဂျင်းဘောင်းဘီအိတ်ကပ်အတွင်းမှ စိတ်ကြွရူးသွပ်ဆေးပြား ၁၉၅ပြားနှင့် CDMA ဖုန်းတစ်လုံးတို့ကို ရှာဖွေစစ်ဆေးတွေ့ရှိခဲ့သည်။

ကွင်းဆင်းဖော်ထုတ်မှုတွင် ကျော်မိုး၏ အစစ်ခံချက်အရ သက်သေခံဆေးပြားများကို အင်းတော်မြို့နယ် မဲဇာရွာနေ ငထွန်းဆိုသူထံမှ သုံးစွဲရောင်းချရန်အတွက် ဝယ်ယူခဲ့ပြီး ဆိုင်ကယ်ဖြင့် ထီးချိုင့်မြို့သို့ သယ်ဆောင်လာစဉ် ဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။ သို့ဖြစ်ပါ၍ အမှတ်(၄)ရပ်ကွက် ထီးချိုင့်မြို့နေသူ ကျော်မိုး(၃၅)နှစ်အား ဖမ်းဆီးအရေးယူ ဆောင်ရွက်ထားပြီး ငထွန်းအားဖမ်းဆီးရမိရေး ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

လှအောင်(ကသာ)

ဓာတ်ကြိုးကိုင်မိသည့်စိတ်ဝေဒနာရှင် ဓာတ်လိုက်သေဆုံး

မော်လမြိုင်ကျွန်း နိုဝင်ဘာ ၁၀

မော်လမြိုင်ကျွန်းမြို့နယ် ကွဲခြံချောင်းဖျားကျေးရွာ၌ လူတစ်ဦးဓာတ်လိုက်သေဆုံးကြောင်း နိုဝင်ဘာ ၄ ရက် နံနက်က သတင်းရရှိသဖြင့် ကျိုက်ပိနယ်မြေရဲစခန်းမှ ဒုရဲအုပ်သန်းနိုင်နှင့်အဖွဲ့သည် အသိသက်သေများနှင့်အတူ သွားရောက်စစ်ဆေးရာသေဆုံးသူ လင်းထိန် (၂၈ နှစ်) (စိတ်ဝေဒနာရှင်)သည် ကျေးရွာအတွင်း မီးပေးသည့်ဓာတ်ကြိုးကိုကိုင်မိရာမှ ဓာတ်လိုက်သေဆုံးခြင်းဖြစ်ကြောင်း သိရသည်။ အဆိုပါသေဆုံးမှုနှင့်ပတ်သက်၍ ကျိုက်ပိနယ်မြေရဲစခန်းက သေမှုသေခင်းရေးဖွင့်စစ်ဆေးလျက်ရှိသည်။ **ပုသိမ်လှကြည်**

စိတ်ကြွရူးသွပ်ဆေးပြားများ သိမ်းဆည်းရမိခြင်း

မန္တလေး နိုဝင်ဘာ ၁၀

မန္တလေးဘူတာကြီးအတွင်း စင်္ကြံ(၁)တွင် တွဲဆိုင်းထိုးထားသော မန္တလေးမှ မြစ်ကြီးနားသို့ထွက်ခွာမည့် အဆန်ရထားပေါ်မှ စိတ်ကြွရူးသွပ်ဆေးပြားများ သိမ်းဆည်းရမိခဲ့သည်။

ဖြစ်စဉ်မှာ နိုဝင်ဘာ ၇ ရက် ည ၁၀ နာရီခန့်က မန္တလေးရထားရဲတပ်ဖွဲ့မှ ရဲအရာခံ ရှုမောင်တင်၊ တပ်ကြပ်သူရကျော်စွာ၊ တပ်ကြပ်ခင်မောင်ထွန်း၊မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးဌာနတပ်ဖွဲ့စု (၁၇) မန္တလေးမှ တပ်ကြပ်ကြီး သိန်းမိုးနှင့်အဖွဲ့သည် သတင်းအရ မန္တလေးမှ မြစ်ကြီးနားသို့ထွက်ခွာမည့် အမှတ်(၄၁)အဆန်ရထားတွဲအမှတ်(၄)တွင် ထိုင်နေသော ဒေါ်ညန်ဘောက် (၄၈နှစ်)ကို ခေါ်ယူစစ်ဆေးရာ ၎င်းသယ်ဆောင်လာသော အိတ်အတွင်းမှ စိတ်ကြွရူးသွပ်ဆေးပြား ၂၂၈၀ အလေးချိန် ၂၂၈ ဂရမ်၊ နောက်ထပ်အိတ် အတွင်းမှ ၁၅၂၀ ပြားအလေးချိန် ၁၅၂ ဂရမ်ကိုလည်းကောင်း ရှာဖွေတွေ့ရှိခဲ့သည်။

ဖြစ်စဉ်နှင့်ပတ်သက်၍ အမှတ်(၁)ရပ်ကွက် ကွတ်ခိုင်မြို့နယ်နေသူ ဒေါ်ညန်ဘောက်အား မန္တလေးရထားရဲစခန်းက မူးယစ်ဆေးဝါးနှင့်စိတ်ကိုပြောင်းလဲစေသောဥပဒေအရ အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

(၀၉၅)

ဖိတ်ကြားလွှာ

မြန်မာ A.G.T.I ကျောင်းသားဟောင်းများအသင်း၏ ရှေ့လုပ်ငန်းစဉ်များ ညှိနှိုင်းဆောင်ရွက်ခြင်းဆွေးနွေးရန်အတွက် တွေ့ဆုံပွဲကို ၁၆-၁၁-၂၀၁၃ ရက် (စနေနေ့)တွင် ၉း၀၀နာရီမှ ၁၂း၀၀နာရီအထိ မင်္ဂလာသီရိဟိုတယ် နေပြည်တော်၌ ကျင်းပပြုလုပ်မည်ဖြစ်ပါသည်။ တွေ့ဆုံပွဲအပြီးတွင် Aroma Rose Co.,Ltd. မှ စပွန်ဆာ ပြုလုပ်ပေးသော (၂၂)ကြိမ်မြောက် G.T.I ကျောင်းသားဟောင်း များ၏ ဂေါက်သီးရိုက်ပြိုင်ပွဲနှင့် ညစာစားပွဲအား တက်ရောက်ချီးမြှင့်ကြပါရန် လေးစားစွာဖြင့် ဖိတ်ကြားအပ်ပါသည်။

အလုပ်အမှုဆောင်အဖွဲ့
နေပြည်တော်

ဂေါက်သီးရိုက်လိုသည့်ကျောင်းသားဟောင်းများ ကြိုတင်၍ နေပြည်တော် ရုံးခန်းသို့ စာရင်းပေးသွင်းနိုင်ပါသည်။

A.G.T.I (N.P.T) ရုံးခွဲ
ပ-၁၂၅၊ သပြေကုန်းဈေး၊ နေပြည်တော်
ဖုန်း-၀၆၇-၄၃၂၄၃၁

ဖခင် အမည်မှန်

တန့်ဆည်မြို့နယ်၊ ကံထူးမ အထက၊ နဝမတန်း(E)မှ မယဉ်ယဉ်အေး(၁)၏ ဖခင်အမည်မှန်မှာ ဦးထိန်မင်း ၅/တဆန(နိုင်)၀၁၁၇၅၁ ဖြစ်ပါကြောင်း။

ဦးထိန်မင်း

ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူ လျှောက်ထားခြင်း

ယာဉ်အမှတ် ၃၀ယ/၁၄၂၁၈ Honda Scoopyi 110 M/C ယာဉ်လက်ဝယ်ရှိသူ ဦးတင်မောင်လွင် ၉/မခန(နိုင်)၀၀၀၀၂၀က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ ခရိုင်ရုံး (မန္တလေးတောင်ပိုင်း)၊ မန္တလေးမြို့

ကန့်ကွက်နိုင်ပါကြောင်း

တောင်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက် အမှတ်-၁၅၊ မြေကွက်အမှတ် ၁၂၆/က၊ မြေကွက်တည်နေရာအမှတ် ၁၂၆/က၊ မြင်သာ ၃လမ်း၊ (၁၅)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ် ဦးလှကျော်အမည်ပေါက် နှစ်၆၀ဂရန်မြေအား အမည်ပေါက် ဦးလှကျော်နှင့်ဇနီး ဒေါ်တင်ကြည်တို့ ကွယ်လွန်သဖြင့်ဦးခင်ဇော် ၁၂/ဥကတ(နိုင်)၀၉၀၂၅၆၊ ဒေါ်ဝေဝေ ၁၂/သလန(နိုင်)၀၆၆၀၆၂တို့က သားနှင့်သမီးတော်စပ်ကြောင်း ကျမ်းကျိန်လွှာတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်း စာချုပ်ရန်နှင့် အရောင်းအဝယ်စာချုပ်ရန် မြေပုံကူး လျှောက်ထားလာရာ ၁၄ ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်ရန်ကြော်ငြာ

ရန်ကုန်တိုင်းဒေသကြီး၊ ကျောက်တန်းမြို့နယ်၊ မြိုင်သာယာကွက်သစ်၊ မြေကွက်အမှတ်(၁၆၆)၊ အမည်ပေါက် ဦးတင်ဆန်း၏ မြေကွက်ကို လက်ရှိဝယ်ယူပိုင်ဆိုင်သူ ဒေါ်ခင်စိန် ၁၂/ပဇတ(နိုင်)၀၁၃၀၇၄က မြေကွက်စလစ်(မူရင်း)နှင့် အရောင်းအဝယ်စာချုပ်မူရင်းများတင်ပြပြီး မြေချပါမစ်ထုတ်ပေးပါရန်လျှောက်ထားလာသဖြင့် ကြော်ငြာပါသည့်ရက်မှစ၍ ၁၄ရက်အတွင်း အထောက်အထားမူရင်းများတင်ပြ၍ ကန့်ကွက်လွှာတင်သွင်းနိုင်ကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်သည်အထိ ကန့်ကွက်ခြင်းမရှိပါက မြေချပါမစ်ထုတ်ပေးရန် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။ **မြေယာရုံးခွဲ(၂)၊ မြေနှင့်အခွန်ဌာနခွဲ**
မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန

ဇနီးအဖြစ်မှစွန့်လွှတ်ခြင်း

ကျွန်တော်၏ဇနီး မယုယုလွင် ၁၂/မဂတ(နိုင်)၀၇၂၈၂၅ သည် ခင်ပွန်းနှင့်မိဘများလက်မခံနိုင်သည့်ကိစ္စများကို အကြိမ်ကြိမ်ပြုလုပ်ပြီး နေအိမ်မှမိမိသဘောဖြင့် ၁၉-၁၀-၂၀၁၃ရက်တွင် ဆင်းသွားပါသည်။ သို့ဖြစ်ပါ၍ မယုယုလွင်အား ဇနီးမယားအဖြစ်မှစွန့်လွှတ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ သို့ဖြစ်ပါ၍ မယုယုလွင်နှင့်ပတ်သက်၍ ပြုလုပ်ထားသော အရပ်ကတိ နှုတ်ကတိဖြင့်ချုပ်ဆိုပြုလုပ်ထားသော မည်သည့်ကိစ္စမှ တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ကြောင်း ကြေညာအပ်ပါသည်။

ဦးရဲကျော်ခိုင် ၁၂/သဃက(နိုင်)၀၉၄၇၈၁

တောတိုက်ဓမ္မရိပ်သာကျောင်းတိုက်
(၃၈)ကြိမ်မြောက်ကထိန်လျှာသင်္ကန်းဆက်ကပ်လှူဒါန်းပွဲကျင်းပမည်

မင်္ဂလာဒုံမြို့နယ်၊ တောတိုက်ရပ်ကွက်၊ တောတိုက်ဓမ္မရိပ်သာကျောင်းတိုက် ဦးစီးပဓာနမဟာနာယက ရွှေတိဂုံ၊ ဗိုလ်တထောင်၊ ဆူးလေ၊ ရွှေပြည်သာမြို့ဦး၊ သာစုကန် စေတီတော်၊ လောကချမ်းသာအဘယလာဘမုနိရုပ်ပွားတော်မြတ်ဘုရားတော်ထိန်း ဂေါပကအဖွဲ့များ၏ ဩဝါဒါစရိယ၊နိုင်ငံတော်ဩဝါဒါစရိယ၊အဂ္ဂမဟာကမ္မဋ္ဌာနာစရိယ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ကျေးဇူးတော်ရှင်သက်တော်ရှည် ဆရာတော်ကြီး ဘဒ္ဒန္တဓမ္မသာရမဟာထေရ်အမှူးပြုသော ပရိယတ္တိ စာချစာသင်သံဃာတော်များနှင့် ပဋိပတ္တိဝိပဿနာတရားအားထုတ်လျက်ရှိကြသော သံဃာတော် (၄၇၀)ကျော်၊ ပင့်သံဃာတော်(၁၀၀)ကျော်တို့နှင့်သာသနာ့နွယ်ဝင်သီလရှင်(၁၈၀)ကျော်တို့အား အလှူရှင်များဖြစ်ကြသော-အဘွားဒေါ်ရွှေရင်၊ ဖခင်ကြီးဦးကိုအေး-မိခင်ကြီးဒေါ်ကြူကြူတို့အား ရည်စူး၍ ဦးသန်းထွန်း-ဒေါ်အေးအေးမွန်၊ ဦးမျိုးအောင်-ဒေါ်ရှန်းရှန်းရွှေ၊ မသန်းသန်းနှင့် သားသမီးများ(Same Sky Group of Companies)မိသားစုတို့မှ မတည်လှူဒါန်း၍ ကုသိုလ်ရှင် များပေါင်းစုကောင်းမှုဖြင့်ကထိန်လျှာသင်္ကန်းဆက်ကပ်လှူဒါန်းပွဲကို ၁၃၇၅ခုနှစ် တန်ဆောင်မုန်း လပြည့်နေ့၊ ၁၇-၁၁-၂၀၁၃ရက်(တနင်္ဂနွေနေ့)မွန်းတည့် ၁၂း၀၀နာရီတွင် ကျင်းပမည်ဖြစ်ရာ စေတနာရှင် ဒါယကာ၊ ဒါယိကာမများအနေဖြင့်ကြွရောက်ပြီးအလှူရှင်မိသားစုနှင့်အတူ ရေစက်သွန်းချတရားတော်များနာယူနိုင်ပါရန် မေတ္တာဖြင့်ဖိတ်ကြားအပ်ပါသည်။

နံနက် ၀၆း၀၀နာရီမှစ၍ အလှူရှင်များကိုယ်တိုင်ဆရာတော်ကြီးအား ကထိန်လျှာသင်္ကန်းလှူဒါန်းနိုင်ရန် ကျောင်းတိုက်နှင့်ကိုက်ညီသောကထိန်လျှာသင်္ကန်းများကို စီစဉ်ထားပါသည်။

အလှူရှင်များနှင့်ကျောင်းအကျိုးတော်ဆောင်အဖွဲ့
ဖုန်း-၀၁-၆၃၇၂၈၁၊ ၀၁-၆၃၅၀၂၇၊ ၀၁-၆၃၅၄၂၄

ကန့်ကွက်နိုင်ပါကြောင်း

သင်္ဃန်းကျွန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ရန်ကုန်သစ်၊ မြေကွက်အမှတ် ၆၃၆၊ မြေကွက်တည်နေရာအမှတ်-၁၁၊ ကမာကြည်လမ်း၊ ရန်ကုန်သစ်ရပ်ကွက်၊ သင်္ဃန်းကျွန်းမြို့နယ် ဒေါ်တင်တင်အေး ၂/လကန(နိုင်)၀၁၀၅၈၀ အမည်ပေါက် နှစ်၆၀ဂရန်မြေအား အမည်ပေါက် ဒေါ်တင်တင်အေး (မိခင်)နှင့် ဦးသန်းထွန်း(ဖခင်)တို့ ကွယ်လွန်သဖြင့် (၁) ဒေါ်ခိုင်မိုးအေး ၂/လကန(နိုင်)၀၀၀၉၇၃၊ (၂) ဦးဇော်မင်းထွန်း ၂/လကန(နိုင်)၀၀၀၉၇၄၊ (၃) ဦးထက်ရှိန်း ၁၃/ကတန(နိုင်)၀၉၅၆၉၀၊ (၄) ဦးအာကာထွန်း ၁၃/ကတန(နိုင်)၀၈၉၁၆၈ တို့က သားသမီးများတော်စပ်ကြောင်း ကျမ်းကျိန်လွှာတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်းနှင့်အရောင်းစာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ ၁၄ ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

နယ်သတင်းနှင့်ကြော်ငြာ

ညောင်တုန်းမြို့တွင် နွေစပါးစိုက်တောင်သူများအား မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်မှ စိုက်ပျိုးစရိတ် ထုတ်ချေး

ညောင်တုန်း နိုဝင်ဘာ ၁၀

ဧရာဝတီတိုင်းဒေသကြီး ညောင်တုန်းမြို့နယ် သဇင်ရေကျော်ကျေးရွာအုပ်စု ခနာ၊ ပနော်ကျံ့ဝါး၊ရေကျော်ကျေးရွာများမှ ၂၀၁၃-၂၀၁၄ဘဏ္ဍာရေးနှစ်အတွက် နွေစပါးစိုက်တောင်သူလယ်သမားများအား နွေစပါး စိုက်ပျိုးစရိတ်ချေးငွေထုတ်ချေးပွဲ အခမ်းအနားကို မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်ခွဲရုံးတွင်နိုဝင်ဘာ၈ရက်ကကျင်းပရာ မြို့နယ်မန်နေဂျာ ဦးမြင့်စန်း၊ ဒုမန်နေဂျာ ဦးကြည်စိုးတို့က နွေစပါး စိုက်ပျိုးစရိတ်ချေးငွေများ ထုတ်ချေးခြင်းနှင့်ပတ်သက်၍ အဖွင့်အမှာစကား ပြောကြားသည်။

ခနာ၊ ပနော်၊ ကျံ့ဝါးရေကျော်ကျေးရွာများမှ နွေစပါးစိုက်ပျိုးသူတောင်သူလယ်သမား ၆၂ဦးအားစိုက်ဧက ၄၈၄ဧကကို တစ်ဧကလျှင်ကျပ် တစ်သိန်းနှုန်းဖြင့် စိုက်ပျိုးစရိတ်ငွေထုတ်ချေးဖြစ်ရာ ယမန်နှစ်ကတစ်ဧကလျှင် ကျပ်ရှစ်သောင်းဖြင့် တောင်သူ တစ်ဦးချင်းအား ချေးငွေထုတ်ချေးပေးရာယခုနှစ်တွင်တစ်ဧကလျှင် တောင်သူတစ်ဦးချင်းအား ငွေကျပ် နှစ်သောင်းနှုန်းဖြင့် နိုင်ငံတော်မှစေတနာထားပြီး တိုးမြှင့်ထုတ်ချေးပေးသဖြင့် စပါးစိုက်တောင်သူလယ်သမားများမှာ နွေစပါးစိုက်ပျိုးစရိတ်ချေးငွေများကို တိုးမြှင့်ရရှိရာ တောင်သူလယ်သမား မိသားစုဝင်များ ရင်းနှီးငွေများ ပိုမိုရရှိပြီး စီးပွားရေး ပြေလည်သဖြင့် တောင်သူလယ်သမားများတွက် ကျေးဇူးတင်ဝမ်းသာရပါကြောင်း၊ ခနာ၊ ပနော်ရေကျော်ကျေးရွာနေ စပါးစိုက်တောင်သူများကိုယ်စား ဦးရဲမြင့်ထွန်းက ပြောပြကြောင်း သိရသည်။

ကိုထွန်းကျော် (ညောင်တုန်း)

နိုဝင်ဘာ ၈ရက်က လှိုင်လင်ခရိုင် နမ့်စန်မြို့နယ် အမှတ်(၉)ကျေးရွာရှိ တောင်သူဦးစိုးသိန်း၏ ယာစပါး ၁၀ဧကတာပဲကူစပါးမျိုး ရိတ်သိမ်းရာ တစ်ဧက ၆၆ ဒသမ ၃၈တင်းထွက်သည့်လယ်မြေ ရိတ်သိမ်းစဉ်။ မိုးလွင်ဦး (လှိုင်လင်)

ရေကျော် ရေလွှဲမြောင်း အထောက်အကူပြုတည်မည်

မိုးညှင်း နိုဝင်ဘာ ၁၀

ကချင်ပြည်နယ် မိုးညှင်းမြို့နယ် အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန အစည်းအဝေးခန်းမတွင် နိုဝင်ဘာ ၅ရက်က အောက်တိုဘာ၃၀ရက်ထုတ် မြန်မာ့အလင်းသတင်းစာပါရေလွှမ်းမှုကင်းစေရန် အထောက်အကူပြုဆည်တစ်ခုလိုအပ်နေသတင်းနှင့်ပတ်သက်၍ ညှိနှိုင်းအစည်းအဝေး ကျင်းပသည်။

အစည်းအဝေးသို့ ခရိုင်အုပ်ချုပ်ရေးမှူး၊ မြို့နယ်အုပ်ချုပ်ရေးမှူး၊ ဒုမြို့နယ်အုပ်ချုပ်ရေးမှူး၊ မြို့နယ်အထောက်အကူပြုကော်မတီဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ အင်ကြင်းကုန်းကျေးရွာ အုပ်ချုပ်ရေးမှူးနှင့် အထောက်အကူပြုကော်မတီဝင်များ၊ တောင်သူများနှင့် သက်ဆိုင်ရာသတင်းထောက်များ တက်ရောက်ကြသည်။

အစည်းအဝေးတွင်ခရိုင်အုပ်ချုပ်ရေးမှူး ဦးအောင်စိုးမိုးနှင့် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမြတ်ယုတို့က သတင်းနှင့် စပ်လျဉ်း၍ ရှင်းလင်းအမှာစကား ပြောကြားသည်။ ဆက်လက်၍ ဌာနတာဝန်ရှိသူများက လုပ်ငန်းအခြေအနေ၊သတင်းထောက်၏ သတင်းရယူမှု အခြေအနေ၊ တောင်သူများက လယ်မြေရေမြောင်း အခြေအနေတို့ကိုတင်ပြဆွေးနွေးကြသည်။

ထို့နောက် ဒေသခံတောင်သူ အခေါ်နှင့် လွဲမှားသည့် ရေကျော်ရေလွှဲဆည်တစ်ခုအစား ရေကျော်ရေမြောင်းတစ်ခု ဆည်မြောင်းဦးစီးဌာနမှ ခွင့်ပြုငွေကျပ်၈၅သိန်းရရှိရန် ဆောင်ရွက်ထားပြီးဖြစ်ကြောင်း၊ဒေသခံတောင်သူလယ်သမားများအစီအစဉ်ဖြင့်ရေသွင်းမြောင်းအတွင်းနုန်းပို့ချမှုကိုဆယ်တင်သွားမည်ဖြစ်ပါကြောင်းနှင့် မိုးရွာသွန်းမှုကြောင့် ရေဝင်ရောက်ခဲ့သော လယ်ဧက ၂၀၀ကျော်မှာ ယခုအခါ ရိတ်သိမ်းပြီးဖြစ်သဖြင့် စပါးအထွက်နှုန်း မလျော့ခဲ့ကြောင်း သိရသည်။

(ဝ၆၃)

မိုးကုတ်မြို့တွင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန နှစ်ပတ်လည်နေ့ကျင်းပ

မိုးကုတ် နိုဝင်ဘာ ၁၀

၂၀၁၃ခုနှစ် နိုဝင်ဘာ ၇ရက်တွင် ကျရောက်သော အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၏ နှစ်ပတ်လည်နေ့ အခမ်းအနားကို နိုဝင်ဘာ ၇ရက် နံနက်၆နာရီက မိုးကုတ်မြို့အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၏ အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အဆိုပါ အခမ်းအနားတွင် မိုးကုတ်မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးနေမျိုးဇော်နှင့် ဝန်ထမ်းများက အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန နှစ်ပတ်လည်နေ့ အထိမ်းအမှတ်အဖြစ် ပင့်သံဃာများအား ဆွမ်းနှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်ကြသည်။

(အပေါ်ပုံ)

အခမ်းအနားသို့ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးနေမျိုးဇော်နှင့် ဌာနဆိုင်ရာအကြီးအကဲများ၊ မြို့နယ်အထောက်အကူပြု ကော်မတီဝင်များ၊ လူမှုရေးအဖွဲ့ဝင်များ၊ နိုင်ငံရေးပါတီဝင်များ၊ ရပ်ကွက်၊ ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးများ တက်ရောက်ခဲ့ကြပြီး အဆိုပါနေ့ နေ့လယ်ပိုင်းတွင် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးနေမျိုးဇော်နှင့် ဝန်ထမ်းမိသားစုဝင်များသည်နှစ်ပတ်လည်နေ့အထိမ်းအမှတ် ပျော်ရွှင်စွာဖြင့် ဌာနတွင်း ကံစမ်းမဲနှိုက်ကြကြောင်း သိရသည်။ **နေဝါ(မိုးကုတ်)**

မြိတ်မြို့၌ တရားခံပြေးနှင့်အတူ မူးယစ်ဆေးဝါးများ ဖမ်းဆီးရမိ

မြိတ် နိုဝင်ဘာ ၁၀

တနင်္သာရီတိုင်းဒေသကြီး မြိတ်ခရိုင် အထူးမှုခင်းနှိမ်နင်းရေးအဖွဲ့မှ ရဲအုပ်ချုပ်လွင်ဦးစီးရဲတပ်ဖွဲ့ဝင်များသည် ကန်ခေါင်းရပ်ကွက် အုပ်ချုပ်ရေးအဖွဲ့ဝင်များပါဝင်သောပူးပေါင်းအဖွဲ့နှင့်အတူ မြိတ်မြို့ကန်ခေါင်းရပ်ကွက် သန္တာလမ်း အမှတ်၃၀၈နေထိုင်သည့် ရဲဘက်ပြေး တရားခံဇော်ဝေ(ခ)ဂျလာလူဒင် ပြန်လည်ရောက်ရှိ၍ မူးယစ်ဆေးဝါးကို ကိုယ်တိုင်သုံးစွဲကာ ပြန်လည်ဖြန့်ဖြူး ရောင်းချပေးလျက်ရှိသော သတင်းအရ နိုဝင်ဘာ၇ရက် မွန်းလွဲ ၂ နာရီ ၄၅ မိနစ်က သက်သေများနှင့်အတူ သွားရောက်ဖမ်းဆီးခဲ့ကြောင်း သိရသည်။ **(ယာပုံ)**

ရဲအုပ်ချုပ်လွင်နှင့် အဖွဲ့သည် မြိတ်ခရိုင် ရဲတပ်ဖွဲ့မှူးမှ ထုတ်ပေးသောဖမ်းဆီးခွင့်ဝရမ်း အမှတ်(၁၇/၂၀၁၃)ဖြင့်မူးယစ်ဆေးဝါးများရောင်းချနေသောနေအိမ်အား ရှောင်တခင် သက်သေများနှင့်အတူ ဝင်ရောက်စစ်ဆေးခဲ့ရာဇော်ဝေ(ခ)ဂျလာလူဒင်နေအိမ်တွင်အသင့်တွေ့ရှိရပြီး ပလတ်စတစ်အိတ်အကြည်ဖြင့် ထုပ်ထားသော တစ်ထုပ်လျှင် ၇၀၀ရန်ခန့်ပါ ဘိန်းစာမှုန့်ဟုယူဆရသော အစိမ်းရောင်အမှုန့် ၁၂ ထုပ် စုစုပေါင်းအလေးချိန် ဝဒသမ၈၄ကီလိုဂရန်ခန့်နှင့် စိတ်ကြွဆေးပြားရှူရာတွင် အသုံးပြုသည့် ကိရိယာတစ်ခုနှင့် စိတ်ကြွဆေးပြားအနံ့ရသောပလတ်စတစ်ဘူးခွံတစ်လုံးတို့အား ဖမ်းဆီးရမိခဲ့ပြီး ဘိန်းစာမှုန့်ထုပ်များသုံးစွဲရန်နှင့် ပြန်လည်ဖြန့်ဖြူးရောင်းချရန် အတွက် လက်ဝယ်ထားရှိ ရှာဖွေတွေ့ရှိသည့် ယခင်မူးယစ်ဆေးဝါးအမှုဖြင့် ပြစ်ဒဏ်ကျခံနေစဉ် ရဲဘက်စခန်းမှ ထွက်ပြေးလွတ်မြောက်နေသူ ဇော်ဝေ(ခ)ဂျလာလူဒင် (၂၇) နှစ် (ဘ) ဦးမြင့်ဝေအား ရဲအုပ်ချုပ်လွင်မှ ဥပဒေအရ အရေးယူပေးပါရန် မြိတ်မြို့မ ရဲစခန်းသို့ တိုင်တန်းထားကြောင်း သိရသည်။ **မိုးဟိန်း(မြိတ်)**

မွေးနေ့အလှူတော်မင်္ဂလာဖိတ်ကြားခြင်း

သန္တန္တမေ့ပါလက အစွဲချုပ်နှင့် ဗုဒ္ဓဝင်ပြည့် ဗဟိုကော်မတီ ဦးစီးနာယက အနာဂါမိက ဥပါသကာ ဗုဒ္ဓဝင်ဆရာကြီးဦးစိန်တင် (ခ) ရှရီရာမ်ပရာကာစ်ဓီရ် (Shri Ram Prakash Dhir) ၏ (၈၇)နှစ်ပြည့် မွေးနေ့အလှူတော်မင်္ဂလာကို သန်လျင်မြို့နယ်ရှိ ကျောင်းတိုက်အသီးသီးမှ ပင့်သံဃာ (၁၁၈)ပါးတို့အား ဆွမ်းခဲဖွယ်နှင့် အလှူပစ္စည်းများ ဆက်ကပ်လှူဒါန်းမည်ဖြစ်ပါ၍ မြန်မာသက္ကရာဇ် ၁၃၇၅ ခုနှစ် တန်ဆောင်မုန်းလဆန်း (၁၄)ရက်၊ ၁၆.၁၁.၂၀၁၃ (စနေနေ့) နံနက် ၉ နာရီမှ မွန်းတည့် ၁၂ နာရီအထိ သန်လျင်မြို့နယ်၊ သန်လျင် - ကျောက်တန်းလမ်း၊ ကျိုက်ခေါက်ကျေးရွာ ကျိုက်ခေါက်စေတီဘုရားနောက်ရှိ မင်္ဂလာမွေ့ရိပ်သာတွင် ကျင်းပပြုလုပ်မည်ဖြစ်ပါ၍ ဆရာကြီး၏ ရပ်နီးရပ်ဝေးမှ မွေ့မိတ်ဆွေများ အပေါင်းအား အလှူတော်သို့ တရားနာကြွရောက်ပါရန် လေးစားစွာဖြင့် ဖိတ်ကြားအပ်ပါသည်။

ဗုဒ္ဓဝင်ပြည့် ဗဟိုကော်မတီ

ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ အမှတ်၅၅၊ခုနစ်လွှာ(ဘီ)၊ မင်္ဂလာလမ်း၊ တိုက်ခန်း အကျယ်အဝန်း(၁၂.၅ပေ×ပေ၅၀)ရှိတိုက်ခန်းကို တရားဝင်ပိုင်ဆိုင်ပြီး ရောင်းချပိုင်ခွင့်ရှိသော ဒေါ်ပွင့်ဖြူလှိုင်၁၃/တကန(နိုင်)၁၃၇၀၁၂၊ ဒေါ်မေသူလှိုင်၁၃/တကန(နိုင်) ၁၄၄၀၄၀၊ ဒေါ်ဇင်မွန်လှိုင် ၁၃/တကန(နိုင်)၁၉၃၁၂၄ နှင့် ဦးအောင်မျိုးလှိုင် ၁၃/တကန(နိုင်)၂၁၇၆၁၃တို့ မောင်နှမလေးဦးထံမှ ကျွန်တော် ဦးစံထူးနိုင် ၁၄/မအပ(နိုင်)၁၈၆၁၉၅နှင့် ဒေါ်ရည်ရည်မွန် ၁၂/ကမရ(နိုင်)၀၅၃၀၁၃ တို့မှ အပြီး ဝယ်ယူရန် ၂၉-၁၀-၂၀၁၃ ရက်က ရောင်းဖိုးငွေ၏တစ်ဝက်ကို ပေးအပ်ပြီးဖြစ်ပါသည်။

အရောင်းအဝယ်ကို အပြီးသတ်ငွေချေပြီး ဆက်လက်ဆောင်ရွက်မည်ဖြစ်ရာ ကန့်ကွက်လိုသူများရှိပါက ပိုင်ဆိုင်မှုစာရွက်စာတမ်းမူရင်းများယူဆောင်၍ ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာစာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ဦးစံထူးနိုင် ၁၄/မအပ(နိုင်)၁၈၆၁၉၅
ဒေါ်ရည်ရည်မွန် ၁၂/ကမရ(နိုင်)၀၅၃၀၁၃
အမှတ် ၈၀၊ လှည်းတန်းလမ်းမ၊ (၃)ရပ်ကွက်၊ကမာရွတ်မြို့နယ်၊
ရန်ကုန်တိုင်းဒေသကြီး၊
ဖုန်း-၀၉-၇၃၁၂၇၄၈၇၊ ၀၉-၄၃၀၄၂၇၈၅

ဖခင်အမည်မှန်

လားရှိုးမြို့ အလက(၇) အဋ္ဌမတန်း (ခ)မှ မောင်ထွန်းလင်းအောင်၏ ဖခင်အမည်မှန်မှာ ဦးဝင်းအောင် ၉/မခန(နိုင်)၁၈၁၄၅၇ ဖြစ်ပါသည်။

ဦးဝင်းအောင်

ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၅ယ/၂၉၇၅၉ Luojia 110 M/C ယာဉ်လက်ဝယ်ရှိသူ ဦးသုခ ၉/မရတ(နိုင်)၀၁၅၈၇၁က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ ခရိုင်ရုံး (မန္တလေးတောင်ပိုင်း)၊ မန္တလေးမြို့

အများသိစေရန်ကြေညာခြင်း

တောင်ကြီးမြို့၊ ချမ်းမြသာစည်ရပ်ကွက်၊ မြေကွက်အမှတ်(၁၈၅/၂၉၇)၊ ဦးပိုင်အမှတ် (၁၇၂-က)၊ ဧရိယာ ၀ ဒသမ ၁၃၀ရှိ မြေကွက်သည် ဂရန်အမှုတွဲအမှတ်(၃၂/၉၄)ဖြင့် ကျွန်မ ဒေါ်အေးစုံ(ခ)ဒေါ်ရွှေမိတ်ကြူအမည်ဖြင့် နှစ်၃၀ ဂရန်ရရှိခဲ့ပါသည်။ အထက်ပါမြေကွက်အိမ် ဂရန်သည် ပျောက်ဆုံးသွားပါသဖြင့် ကျွန်မအမည်ဖြင့် ပျောက်ဆုံးဂရန် ပြန်လည်လျှောက်ထားမည်ဖြစ်ပါ၍ ကန့်ကွက်သူများရှိပါက ၁၅ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်း ကြေညာအပ်ပါသည်။

ဒေါ်အေးစုံ(ခ)ဒေါ်ရွှေမိတ်ကြူ

တစ်ဦးတည်းဖြစ်ပါကြောင်း

ဘိုကလေးမြို့ အလက(၂)ဆဋ္ဌမတန်းGrade-7-Aမှ မကျော့ကေသရီ၏ ဖခင်အမည်မှန်မှာ ဦးထွဋ်ထွဋ်အောင်(ခ)ဦးစိုးသူတို့သည်တစ်ဦးတည်းဖြစ်ပါသည်။

မီးသတိပြု

ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ မှော်ဘီမြို့နယ်၊ ညောင်နှစ်ပင်အထူးဇုန်(၁)ရှိ ရှေ့ပြေး(၉၅)စိုက်ပျိုးမြေငါးဧကအား အမည်ပေါက်ပိုင်ဆိုင်သူ ဦးအောင်ဇော်မြင့် ၁၂/ဗဟန(နိုင်)၀၈၄၃၂၈ ထံမှ ကျွန်တော်ဦးဟင်နရီခင်မောင် ၁၂/တမန(နိုင်)၀၈၆၇၃၁က ဝယ်ယူ၍ လုပ်ငန်းဆောင်ရွက်လျက်ရှိရာ ရန်ကုန်တိုင်းဒေသကြီး အစိုးရရုံးတွင် အမည်ပြောင်းလဲရန် လျှောက်ထားမည်ဖြစ်ပါ၍ ကန့်ကွက်လိုပါက ခုနစ်ရက်အတွင်း စာရွက်စာတမ်းအထောက်အထား အပြည့်အစုံဖြင့် အောက်ပါလိပ်စာ၊ ဖုန်းနံပါတ်များသို့ ဆက်သွယ်ကန့်ကွက်နိုင်ပါသည်။

ဦးဟင်နရီခင်မောင်
အမှတ်(၃/ခ)၊ ကုက္ကိုင်းရေကူးကန်လမ်း၊ဗဟန်းမြို့နယ်၊
ဖုန်း-၀၉-၅၀၂၄၂၇၅၊ ၀၉-၅၁၈၈၈၀၈

ကန့်ကွက်နိုင်ပါကြောင်း

ယာဉ်အမှတ် ၅ယ/၉၉၆၅၉ လုံစင်းဝေဖ့် ယာဉ်လက်ဝယ်ရှိသူ ဦးကိုကိုလတ် ၁၃/တကန(နိုင်)၀၄၅၅၄၃က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။ **ကညန၊ တောင်ကြီး**

အလုပ်အကိုင်အခွင့်အလမ်းနှင့်စီးပွားရေးကြော်ငြာ

ဝန်ထမ်းအမြန်အလိုရှိသည်

၁။ ယာဉ်မောင်း	ကျား	(၅)ဦး
၂။ လုံခြုံရေး(လိုင်သာယာ)	ကျား	(၅)ဦး
၃။ Office Staff (Computer ကျွမ်းကျင်ရမည်)	မ	(၃)ဦး
၄။ အရောင်းဝန်ထမ်း	မ	(၅)ဦး

လစာကောင်းကောင်းပေးမည်။

အမှတ်စဉ်(၁)အတွက် လျှောက်ထားသူသည် အကျင့်စာရိတ္တကောင်းမွန်၍ ရိုးသားကြိုးစားသူဖြစ်ရမည်။ မြို့တွင်းအတွက်(၁၀)ပေကားနှင့်ကားလေး+လိုင်သာယာအတွက် ကားကြီး(၁၄)ပေ မောင်းနိုင်ရမည်။

လျှောက်ထားလိုသူများသည် ကာလာဓာတ်ပုံ(၂)ပုံ၊ ကိုယ်ရေးရာဇဝင်အကျဉ်း၊ မှတ်ပုံတင်/သန်းခေါင်စာရင်း/အလုပ်သမားမှတ်ပုံတင်/မိတ္တူ/ရဲစခန်းထောက်ခံစာ/ရပ်ကွက်ထောက်ခံစာ/လိုင်စင်မိတ္တူတို့နှင့်အတူ အောက်ပါလိပ်စာသို့ လူကိုယ်တိုင် လျှောက်ထားနိုင်သည်။

လျှောက်ထားရန်လိပ်စာ အမှတ်(၁၃၃-၁၃၅)၊ ၂၇ လမ်း(လယ်)၊ ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း-၂၄၂၀၅၃

အမြန်အလိုရှိသည် (ပြည်တွင်း၌သာခန့်ထားရန်)

1. **Designer (Photoshop, Illustrator & In design)** ကျား/မ(၃)ဦး
   Design Concept& Artwork Sense ရှိရမည်။
   Catalogue, Brochure, Web Photo တင်တတ်ရမည်။
   Color Separation ဓာတ်ပုံရိုက်တတ်ရမည်။
2. **Sales & Marketing** ကျား(၂) ဦး
   စားသောက်ကုန်နှင့် လူသုံးကုန်ပစ္စည်းများကို ဖြန့်ဖြူးရောင်းချပေးရန် ဘွဲ့ရ(သို့မဟုတ်) ၁၀ တန်းအောင်မြင်ပြီးသူဖြစ်ရမည်။
3. **Sales Administrator** မ (၁) ဦး
   အရောင်း Invoice ရိုက်ရန်၊ ကွန်ပျူတာနှင့် Microsoft Excel များကို ကျွမ်းကျင်စွာ သုံးစွဲနိုင်ရမည်။ ဘွဲ့ရ(သို့မဟုတ်) ၁၀ တန်းအောင်မြင်ပြီးသူဖြစ်ရမည်။
4. **Accountant** မ (၃) ဦး
   တက္ကသိုလ်တစ်ခုခုမှ ဘွဲ့ရပြီးသူဖြစ်ရမည်။ LCCI LEVEL-3 အောင်မြင်ထားပြီးသူကို ဦးစားပေးမည်။ စာရင်းကိုင်နှင့်ပတ်သက်၍ လုပ်ငန်းအတွေ့အကြုံရှိရမည်။
   Computer Word, Excel အား ကျွမ်းကျင်စွာ အသုံးပြုနိုင်ရမည်။
5. **ငွေကိုင်** မ (၅) ဦး
6. **ယာဉ်မောင်း(ရုံးကား/အိမ်ကား)** ကျား (၅) ဦး
7. **လုံခြုံရေးဝန်ထမ်း** ကျား (၅) ဦး
8. **DTP** ကျား/မ(၂) ဦး
   အင်္ဂလိပ်/မြန်မာကွန်ပျူတာ Typing ကျွမ်းကျင်ရမည်။ Excel ကျွမ်းကျင်ရမည်။ အင်္ဂလိပ်စာ ဖတ်တတ်ရမည်။

ROYAL MART SUPERMARKET

၅၂/၅၄၊ အခန်း-၁၆၊ လေးလွှာ၊ ဗိုလ်အောင်ကျော်လမ်း၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့

ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်မြို့၊ ကျောက်တံတားမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-14-E၊ မြေကွက်အမှတ်-2nd Northern Division of I-9၊ 2nd Southern Division of I-9 ၊1st Southern Division of I-9၊ ဧရိယာ ဝ‌ဒသမ၁၆၆ဧက ပေ(၆၃×၁၁၅)၊ မြေအမျိုးအစား နှစ် ၆၀မြေငှား ဂရန်နှင့်ယှဉ်းမြေပေါ်ရှိ ရန်ကုန်မြို့၊ ကျောက်တံတားမြို့နယ်၊ (၂)ရပ်ကွက်၊ မဟာဗန္ဓုလပန်းခြံလမ်း၊ အမှတ်(၃၆)ဟုခေါ်တွင်သော လေးထပ်အဆောက်အအုံအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်တို့အား မြို့မြေစာရင်းတွင် ဦးရဲဝင်းအောင် ၁၂/ပဘတ(နိုင်)၀၁၄၃၃၆က မိမိတစ်ဦးတည်းအမည်ပေါက်ပိုင်ဆိုင်၍ လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံပြောဆိုသဖြင့် ကျွန်ုပ်တို့မိတ်ဆွေက ဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသပေးချေပြီးဖြစ်ပါ၍ အကျိုးသက်ဆိုင်ခွင့်ရှိသူ မည်သူမဆို ခိုင်လုံသောစာရွက်စာတမ်းအထောက်အထားမူရင်းများနှင့် တကွ ကျွန်ုပ်တို့ထံသို့ ခုနစ်ရက်အတွင်း ကန့်ကွက်အရေးဆိုနိုင်ပါသည်။ ကန့်ကွက်ခြင်းမရှိပါက ဥပဒေနှင့်အညီ အရောင်းအဝယ် ဆက်လက်ပြုလုပ်သွားမည်ဖြစ်ကြောင်း သိစေအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဦးဟိန်းသူကောင်း — **အထက်တန်းရှေ့နေ(စဉ်-၃၆၂၆၇)**

ဦးသန့်ဇော် — **တရားလွှတ်တော်ရှေ့နေ(စဉ်-၇၃၄၁)**

အမှတ်(၄၆)၊ ပထမထပ်(ဝဲ)၊ မဟာဗန္ဓုလပန်းခြံလမ်း၊ ကျောက်တံတားမြို့နယ်၊ရန်ကုန်မြို့

ကုန်အမှတ်တံဆိပ်သတိပေးကြေညာချက်

ရန်ကုန်တိုင်းဒေသကြီး၊ တာမွေမြို့နယ်၊ ကျောက်မြောင်းအရှေ့ရပ်ကွက်၊ ကျောက်မြောင်းလမ်း၊ အမှတ် ၇၂၊ ပထမထပ်နေ ဦးဇော်ထူး(ခ)ဦးခင်မောင်ဌွေး ၁၂/လမတ(နိုင်)၀၂၅၆၅၂ သည် အောက်ဖော်ပြပါ ကုန်အမှတ်တံဆိပ်အမည်အမှတ်အသားကို မိမိတစ်ဦးတည်းမူပိုင်အဖြစ်သုံးစွဲရန်အတွက် ရန်ကုန်မြို့စာချုပ်စာတမ်းများမှတ်ပုံတင်ရုံးတွင် မှတ်ပုံတင်စာချုပ်အမှတ် (၄/၁၁၄၆၉/၂၀၁၃)ဖြင့် မှတ်ပုံတင်သွင်းခဲ့ပြီးဖြစ်ပါသည်။

အထက်တွင်ကပ်နှိပ်ဖော်ပြထားသော ကုန်အမှတ်တံဆိပ်အမည်အမှတ်အသားကို အသုံးပြု၍ ဦးဇော်ထူး(ခ)ဦးခင်မောင်ဌွေးသည် အမျိုးသားစီးဖိနပ်အမျိုးမျိုးတို့ကိုထုတ်လုပ်ပြီး ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ ဗညားဒလလမ်းမကြီး၊ အမှတ် ၄၃၂(မြေညီထပ်)၊ ဖုန်း-၄၃၀၄၉၅၉၅၊ ၃၁၇၇၉၇၃၆ က မြန်မာနိုင်ငံတစ်ဝန်းလုံးသို့ ဖြန့်ချိရောင်းချလျက်ရှိပါသည်။

သို့ဖြစ်ပါ၍ အထက်ဖော်ပြပါကုန်အမှတ်တံဆိပ် အမည်အမှတ်အသားကို အခြားမည်သူတစ်ဦးတစ်ယောက်ကမျှ တံဆိပ်တစ်ခုလုံးကိုဖြစ်စေ၊ တစ်စိတ်တစ်ဒေသကိုဖြစ်စေ ဆင်တူယိုးမှား၊ ပုံတူပုံမှားတုပပြုလုပ်၍ ထုတ်လုပ်ခြင်း၊ ဖြန့်ဖြူးရောင်းချခြင်း၊ လက်ဝယ်ထားရှိခြင်းမပြုလုပ်ကြပါရန်နှင့် အကယ်၍ပြုလုပ်ပါက ကျွန်ုပ်မိတ်ဆွေ၏ လုပ်ငန်းအကျိုးစီးပွားထိခိုက်မှုအပေါ် တရားဥပဒေအရထိရောက်စွာ အရေးယူမည်ဖြစ်ကြောင်း အသိပေး ကြေညာအပ်ပါသည်။

ဦးဇော်ထူး(ခ)ဦးခင်မောင်ဌွေး၏ လွှဲအပ်ညွှန်ကြားချက်အရ-

ဒေါ်မြတ်သီတာအောင်	**ဦးတင်ထွဋ် H.G.P.,LL.B**
အထက်တန်းရှေ့နေ(စဉ်-၃၂၄၁၈)	**(Advocate)**
ဒေါ်ကြာညိုနှင်းရည် LL.B	**တရားလွှတ်တော်ရှေ့နေ**
အထက်တန်းရှေ့နေ(စဉ်-၃၄၄၁၆)	**(စဉ်-၅၇၆၀/၉၁)**
	ဦးအေးဇော်မင်း LL.B
	အထက်တန်းရှေ့နေ(စဉ်-၂၈၅၁၄)

အမှတ် ၁၃၂(ပထမထပ်)၊ ပန်းဆိုးတန်းလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့၊
ဖုန်း-၀၉-၇၃၁၁၉၂၅၆၊ ၀၉-၄၃၁၉၈၃၂၀၊ ၀၉-၇၃၁၁၈၀၈၈၄၊ ၀၉-၇၃၁၃၅၇၄၅

MCM Rubber Co., Ltd. ၏ ရော်ဘာခြံတွင် ခြံမန်နေဂျာရာထူးအတွက် လျှောက်လွှာခေါ်ယူခြင်း

MCM Rubber Co.,Ltd. ၏ ရော်ဘာခြံများသည် ပဲခူးတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ မွန်ပြည်နယ်နှင့်ကရင်ပြည်နယ်တွင်တည်ရှိပြီး ၄င်းခြံများတွင်တာဝန်ပေးအပ်ရန် ခြံမန်နေဂျာရာထူးများ လစ်လပ်လျက်ရှိပါသဖြင့် အောက်ပါအရည်အချင်းများနှင့် ကိုက်ညီသူများ လျှောက်ထားနိုင်ပါသည်။

(၁) နေရာဒေသမရွေးတာဝန်ထမ်းဆောင်နိုင်ရမည်။
(၂) အသက် (၂၅)နှစ်မှ (၃၀)အတွင်း အမျိုးသား (လူပျို) များလျှောက်ထားနိုင်သည်။
(၃) စိုက်ပျိုးရေးတက္ကသိုလ်မှဘွဲ့ရရှိသူဖြစ်ရမည်။
(၄) တစ်လအတွင်း ရိုက်ကူးထားသောလိုင်စင်ဓာတ်ပုံဖြစ်ရမည်။
(၅) ဝန်ထမ်းဖြစ်ပါက သက်ဆိုင်ရာအကြီးအကဲ၏ ခွင့်ပြုချက်ဖြင့် လျှောက်ထားနိုင်သည်။

လျှောက်လွှာများကို ၂၂-၁၁-၂၀၁၃ရက်နောက်ဆုံးထား၍ အထွေထွေမန်နေဂျာ MCM Rubber Co.,Ltd. မောင်ဝိတ်ကွန်ဒို၊ အခန်း (၆၀၂)၊ ပါရမီလမ်းနှင့် ပြည်လမ်းထောင့်၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီးသို့ ပေးပို့ရမည်ဖြစ်သည်။ အသေးစိတ်သိရှိလိုပါက ဖုန်း-၀၁-၆၅၄၃၆၅၊ ၆၅၄၀၈၀တို့သို့ ဆက်သွယ်မေးမြန်းစုံစမ်းနိုင်ပါသည်။

MCM Rubber Co.,Ltd.

စမ်းချောင်းမြို့နယ်၊ ဗဟို(ဇေယျဝတီ)လမ်း၊ အမှတ် (၅၇)ရှိ မြေညီ (ခေါင်းရင်းခန်း) (၁၂½ × ၅၀)ပေ တိုက်ခန်းဝယ်ယူရန် ကန့်ကွက်နိုင်ပါသည်

အထက်ပါ တိုက်ခန်းအား တရားဝင်ပိုင်ဆိုင်သူ ဦးမောင်မောင်တိုး ၁၂/လမတ(နိုင်) ၀၀၅၂၀၃ ထံမှ အပြောက်စနစ်ဖြင့် ဝယ်ယူရန် ကျွန်ုပ်၏မိတ်ဆွေမှ စရန်ငွေပေးချေပြီးဖြစ်ပါသည်။ အဆိုပါတိုက်ခန်းနှင့်ပတ်သက်၍ ပိုင်ရေးဆိုင်ခွင့်ရှိသူများ ယနေ့မှစ၍ ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက ဥပဒေနှင့်အညီ ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

ဦးဘုန်းမြင့်(ငါးသိုင်းချောင်း) LL.B
တရားလွှတ်တော်ရှေ့နေ(၃၁၄၈/၈၅)Japan Tokyo 4 years, Legal Consultant
အမှတ် ၂၂၊ ဝါးခယ်မလမ်း၊ စမ်းချောင်းမြို့နယ်
ဖုန်း-၀၉-၄၂၀၇၁၀၈၈၈၊ ၀၉-၄၂၀၇၂၆၉၉၉၊ ၀၉-၄၂၀ ၇၃၀၃၁၁
Email: hponemyint 007 @ gmail. com

ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်မြို့နယ်၊ အေးရိပ်မွန်(၁)လမ်း၊ ၃ ရပ်ကွက်၊ အမှတ် ၁၅၊ အခန်း (၇)ရှိ တိုက်ခန်းနှင့်ကြိုးဖုန်းအမှတ် ၅၁၃၁၀၈တို့အား တိုက်ခန်းပိုင်ရှင် ဒေါ်သင်းသင်း ၅/ရဘန(နိုင်)၀၁၁၇၄၁ထံမှ ၄-၁၁-၂၀၁၃ရက်တွင် ကျွန်ုပ်မိတ်ဆွေဖြစ်သူ ဒေါ်ဖြူဖြူအေး ၁၂/အစန(နိုင်)၀၂၈၆၇၂က ဝယ်ယူရန်ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေပြီးဖြစ်ပါသည်။ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှ ခုနစ်ရက်အတွင်း ကျွန်ုပ်ထံသို့ ခိုင်လုံသော စာချုပ်စာတမ်းမူရင်း၊ စာရွက်စာတမ်းမူရင်းများနှင့် အထောက်အထားပြည့်စုံစွာဖြင့် လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်မည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဒေါ်မြမြအေး ဘီအေ(လော)အယ်လ်အယ်လ်ဘီ
တရားလွှတ်တော်ရှေ့နေ
(စဉ်-၂၄၇၅)
အိမ်အမှတ်-၁၅၁၊ နံ့သာကုန်းလမ်း၊ နံ့သာကုန်းရပ်ကွက်၊ အင်းစိန်မြို့နယ်၊
ရုံး-အင်းစိန်ရှေ့နေများနားနေခန်း စုပေါင်းရုံးဝင်း၊ အင်းစိန်မြို့နယ်၊
ရန်ကုန်တိုင်းဒေသကြီး၊ ဖုန်း-၀၉-၇၃၂၃၈၅၇၅

ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်မြို့နယ်၊ (၉)ရပ်ကွက်၊ ဘူတာရုံလမ်း၊ အမှတ် (၁၁-ဘီ)၊ တတိယထပ်(လေးလွှာ)၊အခန်းအမှတ်၃၀၁၊အကျယ်အဝန်း(၁၅×၅၅)ပေရှိတိုက်ခန်းနှင့်ပတ်သက်၍ ကန့်ကွက်နိုင်ကြောင်းကြေညာချက်

အထက်အမည်ပါတိုက်ခန်းနှင့်ပတ်သက်၍ ဦးညိုဝင်း ၁၄/ဝခမ(နိုင်)၀၀၂၀၁၉ ၏ သဘောတူညီချက်အရ ဦးမင်းဆွေ ၁၂/မဂတ(နိုင်)၀၄၂၉၁၉ ထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင်လွှဲပြောင်းဝယ်ယူရန်အတွက် တန်ဖိုးငွေ၏တစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသောစာရွက်စာတမ်းမူရင်းများဖြင့် ကြော်ငြာပါသည့်ရက်မှ ၁၄ ရက်အတွင်း ကျွန်ုပ်ထံလာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်ခြင်းမရှိပါက ဥပဒေနှင့်အညီ အရောင်းအဝယ်ကိစ္စကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဦးနိုင်ထွဋ်လင်း(ဥပဒေဘွဲ့) အထက်တန်းရှေ့နေ
ဖူးပွင့်စံစာချုပ်စာတမ်းနှင့် ဥပဒေအတိုင်ပင်ခံ
အမှတ် ၉၉၊ ဒုတိယထပ်(ယာ)၊ ၃၉ လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့၊
ဖုန်း-၀၉-၃၁၁၁၆၄၄၄

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ တက္ကသိုလ်ရိပ်မွန်ဥယျာဉ်မြို့တော်၊ တိုက်အမှတ် (A-3) လေးထပ်ဆောင်တိုက်၏ ဒုတိယထပ်(သုံးလွှာ)၊ အခန်းအမှတ် ၂၀၂တိုက်ခန်းနှင့်ပတ်သက်၍ ကန့်ကွက်နိုင်ကြောင်း ကြေညာချက်

